# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၂)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်ထောင်စုပြိုကွဲစေရန် ကြံစည်အားထုတ်နေသော အဖျက်အမှောင့်လုပ်ရပ်များသည် ပြည်ပ ပယောဂ ပြည်ပဖိအားပေးမှုနှင့်ယှဉ်ပြီး လှုပ်ရှားလျက်ရှိ အစိုးရနှင့် ပြည်သူတစ်ရပ်လုံး လက်တွဲပြီး အဖျက်အန္တရာယ်များ ကျဆုံးသွားစေရန် ကြိုးပမ်းလုပ်ဆောင်

**ရန်ကုန် ဇွန် ၁၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၆ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်ဂျီတီအိုင် ဒီပလိုမာရရှိကြသော ကျောင်းသားများအား တွေ့ဆုံအမှာစကားပြောကြားသည်။**(အောက်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ■





## မွန်ပြည်နယ်တစ်ခုလုံးနှင့် ကရင်ပြည်နယ်ဒေသအများစု တည်ငြိမ်အေးချမ်းလျက်ရှိ ပြည်နယ်သူ ပြည်နယ်သားများ ပူပင်ကြောင့်ကြမှုကင်းမဲ့စွာ နေထိုင်သွားလာလုပ်ကိုင်နေ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မာလာသည်နှင့်အမျှ တစ်တိုင်းပြည်လုံး တည်ငြိမ်အေးချမ်း ဒေသအားလုံး ယခင်ကနှင့်မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင် သောင်းကျန်းသူများနှင့်ဆက်စပ်နေသည့် နယ်စပ်ဒေသအနည်းငယ်သာ မတည်ငြိမ် မဖွံ့ဖြိုး မတိုးတက်ဘဲကျန်ရှိ

**ရန်ကုန် ဇွန် ၁၁**

နိုင်ငံတော်အစိုးရက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နယ်မြေဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနေပုံများ၊ DKBA အဖွဲ့၊ ဖဒိုဦးအောင်ဆန်း ဦးစီးသောအဖွဲ့နှင့် ဦးစောသမူဟဲ ဦးစီးသောအဖွဲ့တို့ KNU မှခွဲထွက်ခဲ့သော အကြောင်းရင်းများ၊နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေပုံများအား လှည့်လည်ကြည့်ရှုသည့် ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ လေ့လာရေးခရီးစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

*စာမျက်နှာ ၈ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

# ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုအရှိန်မြင့်တက် တောင်သူများ ဝင်ငွေတိုး၍ စီးပွားဖြစ်ထွန်း

မူးယစ်ဆေးဝါးသည် လူသားထုတစ်ရပ်လုံးကို လူ့ညွန့်တုံးစေနိုင်သည်။ မူးယစ်ဆေးဝါး အန္တရာယ်သည် လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်ရေးအတွက် မူးယစ်ဆေးဝါး ပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ၂၀၁၄ခုနှစ်အထိ သတ်မှတ်၍ အကောင်အထည် ဖော်လျက်ရှိသည်။ ယင်းစီမံကိန်းကို ငါးနှစ်စီမံကိန်းသုံးခုဖြင့် ပိုင်းခြားဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်း၏ တတိယနှစ်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

စီမံကိန်း၏ အစီအစဉ်များကို ဒေသအလိုက် တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင် များနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်နေကြသည်။ နိုင်ငံတော်က တောင်သူများအား ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် စီးပွားရေးလုပ်ကိုင်ရန် အားပေး ကူညီလျက်ရှိသည်။ ဆန်၊ဆားနှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ်အတွင်း ဘိန်းအစားထိုးသီးနှံအဖြစ် နှစ်ချင်းသီးနှံ ၁၀မျိုးကို ဧက ၁၄သိန်းကျော်နှင့် နှစ်ရှည်သီးနှံ ၁၅မျိုးကို ဧကလေးသောင်းကျော် တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ဂျုံနှင့် ဆီထွက်သီးနှံမျိုးစေ့ တင်းတစ်သောင်းကျော်၊ စပ်မျိုးစေ့ကီလိုငါးသိန်းကျော်၊ အာလူးနှင့် ကြက်သွန်မျိုးစေ့ ပိဿာခုနစ် ထောင်ကျော်၊ နှစ်ရှည်ပင်ရှစ်သိန်းကျော် ဖြန့်ဖြူးပေးခဲ့ကြောင်းလည်း သိရသည်။

ဘိန်းအစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ စီမံကိန်းဝင်မြို့နယ် ၅၉မြို့နယ်၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စိုက်ဧကတိုးချဲ့မှုအပြင် စိုက်ပျိုးရေး ပညာပေးစခန်း ၇၁ခု ဖွင့်လှစ်ခဲ့ပြီး စိုက်ပျိုးနည်းပညာများပါ ဖြန့်ဝေပေးခဲ့သည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ထွက်ရှိလာသည့် ဘိန်းအစားထိုးသီးနှံများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန် ဈေးကွက်ဖွင့်ပေးထားသည်။

ယခုအခါ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှု အရှိန်မြင့်တက်လာသည့်အလျောက် ဘိန်းစိုက်ပျိုးမှု ချုပ်ငြိမ်းကာ တောင်သူများ ဝင်ငွေတိုး၍ စီးပွားဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၁၂–၆–၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Servia Montenegro Vs Netherland (Delay)
- ၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၆။ နိုင်ငံတကာသတင်း
- ၆း၂၀ ၇။ မိုးလေဝသသတင်း
- ၆း၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၉။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း–၅၀)
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၃။ ကျန်းမာသုတ
- ၁၄။ မေးမြန်းစူးစမ်း
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ USA Vs Czech Republic (Live)

**၁၃–၆–၂၀၀၆ (နံနက်ပိုင်း)**

- ၁း၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Italy Vs Ghana (Live)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂–၆–၂၀၀၆ (တနင်္လာနေ့)**

- ၇း၀၀ MRTV- 4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ စာပေပညာရှင်များနှင့်တွေ့ဆုံခြင်း (ဆရာချစ်ဦးညို)
- ၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၇း၃၀ တေးဂီတအစီအစဉ်
- ၇း၃၅ ကျန်းမာရွှင်လန်းယောဂ လေ့ကျင့်ခန်း (အပိုင်း–၁)
- ၈း၁၅ စည်းကမ်းလိုက်နာဘေးကင်းကွာ
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၃၅ မြန်မာစာ၊ မြန်မာစကား(၈)
- ၈း၄၅ တေးဂီတအစီအစဉ်
- ၈း၅၀ Yangon Panorama (သွေးရုပ်ရှင်ဇာတ်ကားအထူးပြပွဲ)
- ၉း၂၅ မိုးလေဝသခန့်မှန်းချက်
- ၉း၃၀ တေးဂီတအစီအစဉ်
- ၉း၃၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဆွေးနွေးခန်း)
- ၉း၄၅ တေးဂီတအစီအစဉ်
- ၉း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၀၀ စံပြကျွန်းအထူးစိုက်ခင်း
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (Lလွန်းဝါနှင့်သူ၏ အနုပညာခရီး)
- ၁၁း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၁၀ မေးသမျှဖြေရအောင် (မင်းဟိဏ်း၊ ညွန့်ဝင်း)
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ သူတို့ပြောတဲ့ သူတို့အကြောင်း (ပန်းချီဦးသောင်းဟန်နှင့် တွေ့ဆုံခြင်း)
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV- 4 အပိတ်Logo၊

**(အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။)**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နီပေါနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံက ငွေကြေးအကူအညီများ ပေးမည်

နယူးဒေလီ ဇွန် ၁၁

**အိန္ဒိယနိုင်ငံက နီပေါနိုင်ငံအား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရူပီး ၁၀ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၁၈သန်း) အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

ယင်းရန်ပုံငွေကို အဆောက်အအုံများ သို့မဟုတ် လမ်းများအဆင့်မြှင့်တင်ရေး၊ မီးရထားလမ်းများ၊ ရေနံပိုက်လိုင်းတစ်ခုသွယ်တန်းရေးနှင့် လေဆိပ်တစ်ခုတည်ဆောက်ရေးတို့အတွက် အသုံးပြုမည်ဖြစ်ကြောင်း အင်ဒို–နီပေါ ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။



**အိန္ဒိယသို့ အလယ်အပတ်ခရီးရောက်ရှိလာသော နီပေါဝန်ကြီးချုပ် (ဝဲ)အား အိန္ဒိယဝန်ကြီးချုပ်နှင့် အတူတွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

**ထုတ်ပြန်**

နီပေါဝန်ကြီးချုပ် ကွိုင်ရာလာသည် အိန္ဒိယနိုင်ငံသို့ လေးရက်ကြာ အလည်အပတ်ခရီးသွားရောက်ခဲ့စဉ် အထက်ပါအတိုင်း ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

**ကြိုဆို**

အိန္ဒိယနိုင်ငံက ဧပြီလက နီပေါဘုရင်အားဆန့်ကျင်ဆန္ဒပြမှုကို အဆုံးသတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့် မစ္စတာကွိုင်ရာလာအား ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခဲ့ခြင်းကို ကြိုဆိုကြောင်း ပြောကြားလိုက်သည်။

မစ္စတာကွိုင်ရာလာသည် ဧပြီလက ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ပထမဆုံးအကြိမ် အိန္ဒိယသို့လာရောက်ခြင်းဖြစ်သည်။ အဆိုပါအိန္ဒိယနိုင်ငံ၏ အကူအညီအတွက် ရူပီးတစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၈သန်း)ကို ချက်ချင်းပေးရန် သဘောတူညီထားကြောင်း အိန္ဒိယအစိုးရ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

**(အင်တာနက်)**

# မီရာပီမီးတောင်ချော်ရေများစီးဆင်း ဒေသခံ ၁၈၀၀၀ကျော်အား ပြောင်းရွှေ့ပေးခဲ့ရ

ဂျကာတာ ဇွန် ၁၁

**မီရာပီမီးတောင်မှ ချော်ရည်များ စီးဆင်းနေသောကြောင့် တောင်စောင်းရှိကျေးရွာပြည်သူ ၁၈၀၀၀ကျော်အား ကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာဝန်ရှိသူများက ဇွန် ၉ ရက်တွင် ပြောကြားသည်။**

မေလကတည်းကစ၍ မီရာပီမီးတောင်မှ ဖြစ်ပေါ်နိုင်သောအန္တရာယ်နှင့် ပတ်သက်၍ နှိုးဆော်မှုများပြုလုပ်ခဲ့ပြီး ဒေသဆိုင်ရာအာဏာပိုင်များသည် အလယ်ပိုင်း ဂျာဗားနှင့် ဂျော့ဂျ်ဂျကာတာပြည်နယ်များတွင် ကယ်ဆယ်ရေးစခန်း ရာချီ၍ တည်ဆောက်ခဲ့သည်။

**ပို့ဆောင်**

ဒေသခံများအား အလယ်ပိုင်း ဂျာဗားပြည်နယ် မာဂယ်လ်လမ်းဒေသနှင့် ကာလာတန်ဒေသ၊ ဂျော့ဂျ်ဂျကာတာပြည်နယ် ဆလီမန်ဒေသများရှိ စခန်းများသို့ ပို့ဆောင်ပေးခဲ့သည်။

**ပြောကြား**

မာဂယ်လ်လမ်းဒေသရှိ ကယ်ဆယ်ရေးစခန်းတွင် ဒေသခံ ၁၁၃၉၇ ဦး၊ ကာလာတန်ဒေသတွင် ၄၄၇၂ ဦး၊ ဆလီမန်ဒေသတွင် ၂၂၉၇ဦးရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအကြီးအကဲ ဒါမိုနိုက ပြောကြားသည်။

စခန်းများ၏ အားနည်းချက်သည် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ချို့တဲ့နေခြင်းဖြစ်သည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။

**ခန့်မှန်း**

ယင်းအန္တရာယ်ရှိသော နေရာတွင် နေထိုင်သူသည် ၃၀၀၀၀ခန့်ရှိမည်ဟု အာဏာပိုင်များက ခန့်မှန်းသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ




**ပေးအပ်ချီးမြှင့်**

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ကယားတိုင်းရင်းသား မောင်ဌေးရယ်(ခ) မောင်ဌေးရင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင်တီထွင်ကြံဆလုံ့လဝီရိယစိုက် ဆောင်ရွက် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားအောင်ကြိုးပမ်း



**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှကယားတိုင်းရင်းသား မောင်ဌေးရယ်(ခ)မောင်ဌေးရင်အား တွေ့ရစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်မှ ပအိုဝ်းတိုင်းရင်းသား မောင်တင်ဆူးအား တွေ့ရစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် အင်္ဂလိပ်ဘာသာရပ် ထူးချွန်ဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ မွန်တိုင်းရင်းသား မောင်အောင်ကိုဦးအား တွေ့ရစဉ်။** (သတင်းစဉ်)

■ ရှေ့ဖုံးမှ

## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ဘွဲ့နှင့် ဒီပလိုမာရကျောင်းသားများ၊ မိဘများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်အတွက် အထူးမင်္ဂလာရှိသည့်နေ့ဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကျောင်းဆင်းပွဲ အခမ်းအနားကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခုနှစ်၌ ပဉ္စမအကြိမ်ရှိပြီဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားအစီအစဉ်သည် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင် အတတ်ပညာရှင်မွေးထုတ်ပေးရေးဆိုသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်ကို လက်တွေ့အကောင်အထည်ဖော်သည့် အစီအစဉ်ဖြစ်ခြင်းကြောင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် အလွန်ပင်အကျိုးရှိသော အစီအစဉ်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းနှင့် ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ ခု စီမံကိန်းတို့ကို အချိတ်အဆက်မိမိ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပိုမိုတိုးတက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာတွင် ပြီးခဲ့သော ၁၇ နှစ်တာ သက်တမ်းကာလအတွင်း မျှော်မှန်းထားတာထက် ပိုမိုအောင်မြင်မှုများရခဲ့ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့် နယ်စပ်ဒေသများကို တည်ငြိမ်အေးချမ်းမှုရှိအောင် တည်ဆောက်ပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် နယ်စပ်ဒေသများ၌ အမှန်တကယ်လိုအပ်နေသည့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယခုဆိုလျှင် နယ်စပ်ဒေသများသည် မျှော်မှန်းသည်ထက် ပိုမိုတိုးတက်မှုရရှိခဲ့ပြီး ဖြစ်ကြောင်း၊ ဆက်လက်ပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသားများအတွင်း ပြည်ထောင်စုစိတ်ဓာတ်တွေ ခိုင်မြဲနေရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါမှုနှင့်စပ်လျဉ်းပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့မှာ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၅ စတုတ္ထနေ့၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော်ဟာ ရှေးပဝေသဏီကတည်းက တိုင်းရင်းသားလူမျိုးစုံညီစွာ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူအခြေချနေထိုင်ခဲ့တဲ့ နိုင်ငံဖြစ်တယ်။ တစ်ဦးနှင့်တစ်ဦး အေးအတူ ပူအမျှ ပူးပေါင်းနေထိုင်ခဲ့တဲ့ ခိုင်မြဲသောအစဉ်အလာကောင်းရှိပြီး ဖြစ်တယ်။ နိုင်ငံတော်ရဲ့သမိုင်းကြောင်းမှာ တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲ သိုက်မပျက် အပြန်အလှန် စာနာနားလည်မှု တွယ်တာမှုများနှင့် ချစ်ကြည်စွာနေထိုင်တဲ့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်မှုများရှိတယ်။**

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုတာ ပြည်ထောင်စုရဲ့ မည်သည့်နေရာမှာ နေထိုင်သည်ဖြစ်စေ ခိုင်မြဲတဲ့ ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူရေးပဲဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဟာ ဒို့တာဝန် အရေးသုံးပါးရဲ့ အခြေခံဖြစ်တယ်"**လို့ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

## ဖန်တီးဖော်ဆောင်

၎င်းလမ်းညွှန်ချက်နှင့်အညီ မိမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရန် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးအားလုံး ဟန်ချက်ညီညီနှင့် မျှမျှတတဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာလာစေရအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပါဝင်ထမ်းဆောင်နိုင်စေမည့် အခွင့်အလမ်းများရှိလာအောင် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရောက်ရှိစေရေးအတွက် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပထမဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရလာသည့်အခါ ပြည်ထောင်စုနယ်မြေအစိတ်အပိုင်းအားလုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးဒေသကြီး ၂၄ ခုစီမံကိန်းကို ဒုတိယအဆင့် ဆက်လက်အကောင်အထည်ဖော်ခဲ့ပြီး တတိယအဆင့်အနေဖြင့် ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြသော ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## ဦးစားပေးဆောင်ရွက်

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများနှင့် ဒေသမှာရှိသည့် သယံဇာတများကို အသုံးပြုပြီး လူနေမှုအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်ကိုလည်း ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နိုင်ငံတော်က မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ဖို့အခွင့်အလမ်းနည်းပါးနေသူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်တစ်လျှောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးစီမံကိန်း ဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများ၏ သားသမီး၊ ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်နှင့် ပူးပေါင်းပြီး Food for Education အစီအစဉ်နှင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် ကျောင်းနေအရွယ် ကျောင်းသားအားလုံး ကျောင်းနေနိုင်ရေး ရည်မှန်းချက်ကို အစီအစဉ်တကျ ဆောင်ရွက်ပေးနေခြင်းကို တွေ့ရမှာဖြစ်ကြောင်း၊ ယခင်က ကျောင်းသားတစ်ထောင်ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ပြီးခဲ့သည့် စာသင်နှစ်က ကျောင်းသား တစ်သိန်းခုနစ်သောင်းကျော် ရှိလာခြင်းသည် အားရဖွယ်ရာဖြစ်ကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အခြေခံပညာအပြင် အဆင့်မြင့်ပညာဆည်းပူးနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်က စတင်ပြီး ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေကြောင်း။

ယနေ့အထိ တိုင်းရင်းသားလူငယ် ၅၇၄ ဦးကို ဘွဲ့ ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှာ ခန့်အပ်တာဝန်ပေးပြီးဖြစ်ကြောင်း၊ ဘွဲ့နှင့် ဒီပလိုမာရရှိသူများအနက် ထူးချွန်ထက်မြက်သူများကို မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ အရည်အချင်းစစ်သင်တန်း၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာဘွဲ့သင်တန်း၊ B.Tech သင်တန်း၊ B.E သင်တန်းနဲ့ M.E သင်တန်းများ တက်ရောက်ရန် စီစဉ်ပေးခဲ့ကြောင်း၊ မန္တလေး ဒီဂရီကောလိပ်၌ B.Tech သင်တန်းတက်ရောက်သူ ပထမနှစ် ၂၈ ဦး၊ ဒုတိယနှစ် ၂၆ ဦး၊ B.E ၁၉ ဦးနှင့် M.E သုံးဦး၊ ရန်ကုန်ဒီဂရီကောလိပ်၌ ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်းနှင့် ပထဝီဝင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်အောင်မြင်သူ လေးဦး၊ မဟာဝိဇ္ဇာသင်တန်းတက်ရောက်သူ ခြောက်ဦး၊ မဟာသိပ္ပံသင်တန်းတက်ရောက်သူ ၁၂ ဦးရှိနေပြီဖြစ်ကြောင်း။

## ထပ်မံမွေးထုတ်နိုင်

ယခုသင်တန်းဆင်းကြမည့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ကျောင်းသားများအနေဖြင့်လည်း ရန်ကုန် ဒီဂရီကောလိပ်က ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ၅၀ နှင့် အင်္ဂလိပ်စာအိုင်ဒီပလိုမာရရှိသူ ၁၆ ဦး၊ မန္တလေး ဒီဂရီကောလိပ်က ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ၅၀ နှင့် အင်္ဂလိပ်စာအိုင် အင်ဂျင်နီယာ ဒီပလိုမာရရှိသူ ၄၀ စုစုပေါင်း သင်တန်းဆင်း ကျောင်းသား ၁၅၆ ဦး ထပ်မံမွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ အခြေခံပညာအထက်တန်းစာမေးပွဲ နှစ်ကြိမ်ကျရှုံးသူများနှင့် ပညာ ဆက်လက်သင်ကြားရန် အခြေအနေမရှိသူများ ဘဝရပ်တည်ရေးအတွက် "အသက်မွေးမှုပညာ လေ့ကျင့်ရေးကျောင်း(စက်ပြင်အလုပ်ရုံ)"ကို စစ်တွေမြို့၌ ၁၂–၉–၂၀၀၁ ရက်နေ့မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းအနေဖြင့် စက်ပြင်အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံအီလက်ထရွန်နစ်ပညာရပ်များကို သင်တန်းကာလ ခြောက်လသတ်မှတ် သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ယနေ့အထိ လူငယ်သင်တန်းကျောင်းများမှ သင်တန်းသား ၁၂၉ ဦးနှင့် ဒေသခံ ၃၂၀ စုစုပေါင်း တိုင်းရင်းသားလူငယ် ၄၄၉ ဦးအား လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တ ပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုမဖြစ်စေရန် အဓိကရည်ရွယ်ပြီး နယ်စပ်ဒေသအသီးသီး၌ အမျိုးသမီး အိမ်တွင်းမှု ပညာသင်ကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ၃၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ် ၁၇၈၈၃ ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ပြီး ဖြစ်ကြောင်း။

## စီမံဖန်တီးပေး

ယခုကဲ့သို့ နယ်စပ်ဒေသများက လူငယ်၊လူရွယ်များ တိုးတက်ဖြစ်ထွန်းမှုများကိုကြည့်လျှင် နယ်စပ်ဒေသများ၌ နှစ်ပေါင်းရှည်ကြာစွာ ဆုံးရှုံးလာခဲ့ကြသည့် ပညာသင်ယူမှုအခွင့်အလမ်းများသည် မိမိတို့ခေတ်ကာလတွင် တစ်ရှိန်ထိုး ပြန်လည်ပွင့်လင်းလာခဲ့သည့်အပြင် အဆင့်မြင့်ပညာသင်ယူနိုင်သည့် အခြေခံကောင်းများ၊ အရည်အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာနေပြီဖြစ်သည့် အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေပြီဆိုခြင်းကို အထင်အရှား တွေ့မြင်နေကြပြီဖြစ်ကြောင်း။ ယနေ့ သင်တန်းဆင်းကြသည့် လူငယ်များအပါအဝင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအစီအမံများဖြင့် လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် အသိပညာရှင် အတတ်ပညာရှင်တွေမှာ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အခက်အခဲမရှိရလေအောင် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဖန်တီးပေးလျက်ရှိခြင်းကို ကာယကံရှင်များ အသိဆုံးပင်ဖြစ်ကြောင်း။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များက သင်တန်းဆင်းကြသည့် တိုင်းရင်းသားလူငယ်များသည် မိမိတို့၏ နယ်စပ်များ၌ ပညာရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးရေးနှင့် တည်ဆောက်ရေး ကဏ္ဍအမျိုးမျိုးတွင် စီမံခန့်ခွဲသူအဆင့်များဖြင့် ပြန်လည်သွားရောက်ပြီး မိမိတို့ရပ်ရွာဒေသ၌ နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် လက်တွေ့ဦးစီးဆောင်ရွက်နိုင်သော အခွင့်အရေးများပါ တစ်ပါတည်းရရှိဖော်ဆောင်ပေးနိုင်ကြမှာဖြစ်ကြောင်း၊ ယနေ့ သင်တန်းဆင်းကြသည့် မောင်တို့အနေဖြင့် မိမိတို့ရရှိလာသည့် အခွင့်အရေးကို အရအမိဆုပ်ကိုင်ပြီး မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် တီထွင်ကြံဆ လုံ့လဝီရိယစိုက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ **"ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ရင်းရင်းနှီးနှီး၊ နီးနီးကပ်ကပ်ဆက်ဆံနေထိုင်ရင်း**

***စာမျက်နှာ ၄ ကော်လံ ၁ သို့***

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် ပြည်တွင်းပြည်ပသတင်းစာဆရာများ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ လေ့လာ

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ငြိမ်းချမ်းရေးမြို့သစ် ဘုရားကုန်းတွင် ဖွင့်လှစ်ပြီးစီးသွားသည့် အောင်ဆန်းသူရိယ စောမြင့် စာကြည့်တိုက်အတွက် သုတရသ စာအုပ်များနှင့် စီဒီပြားများကို တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဖဒိုဦးအောင်ဆန်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ရန်ကုန် ဇွန် ၁၁**

ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် ဇွန် ၉ ရက်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုများ၊ DKBA အဖွဲ့၊ ဖဒိုဦးအောင်ဆန်း ဦးစီးသောအဖွဲ့နှင့် ဦးစောသမူဟဲဦးစီးသောအဖွဲ့ကို KNU မှ ခွဲထွက်ခဲ့သော အကြောင်းရင်းများ၊ နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း လိုက်ပါ၍ ရှင်းလင်းပြသသည်။

## လိုက်ပါလေ့လာ

အဆိုပါ ပြည်တွင်းပြည်ပသတင်းစာ ဆရာများ၏ ကရင်ပြည်နယ်အတွင်း လေ့လာရေးခရီးစဉ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဝင်များ ဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ ပြည်တွင်းဂျာနယ်မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ လိုက်ပါလေ့လာကြသည်။

ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ထွက်ခွာပြီး နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ စုံနံ့သာမြိုင် ဆွေမြို့တော် မြိုင်ကြီးငူ အထူးဒေသသို့ ရောက်ရှိကြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိုင်ကြီးငူ အထူးဒေသ တိုင်းရင်းသား ခေါင်းဆောင် ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ပဏာမရှင်းလင်း

ထို့နောက် ဧည့်ရိပ်သာသို့ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြိုင်ကြီးငူအထူးဒေသသည် KNU အဖွဲ့အတွင်း ဘာသာရေးခွဲခြားဖိနှိပ်မှုကြောင့် KNU မှ ခွဲထွက်လာသည့် DKBA အဖွဲ့ဝင်များနှင့် မိသားစုများ အခြေတကျ နေထိုင်နိုင်ရန်နှင့် ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များ ရရှိခံစားနိုင်အောင် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးထားသည့် ဒေသဖြစ်ကြောင်း ပဏာမရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြိုင်ကြီးငူ အထူးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်က KNU မှ DKBA အဖွဲ့ခွဲထွက်လာရခြင်းအကြောင်းရင်း၊ နိုင်ငံတော်က DKBA အဖွဲ့အား ကြိုဆို နေရာချထားပေးပြီး ဖွံ့ဖြိုးတိုးတက်အောင် ကူညီဖော်ဆောင်ပေးနေမှုများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် DKBAနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းဆောင်ရွက်နေ မှုများကို ရှင်းလင်းပြောကြားသည်။

**(ဦးသာထူးကျော်၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

## ပြန်လည်ရှင်းလင်းဖြေကြား

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြိုင်ကြီးငူ အထူးဒေသစာကြည့်တိုက်အတွက် စီဒီပြားများနှင့် သုတရသစာအုပ် ၉၀၀တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူး



ကျော်နှင့် ဦးနေလင်းအောင်တို့က လက်ခံယူကြသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့်လေ့လာရေးအဖွဲ့ဝင်များသည် စုံနံ့သာမြိုင် ဆွေမြို့တော် မြိုင်ကြီးငူ အထူးဒေသ၏ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ်မြို့တော် ဘားအံမြို့ရှိ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေး အဖွဲ့ဝင်များအား ပြည်နယ်အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် နိုင်ငံတော်အစိုးရလက်ထက် (၁၈)နှစ်တာကာလအတွင်း ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(ဗိုလ်မှူးကြီးခင်ကြူး၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

## မျက်မြင်ပေးစာတွေ့ရှိ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အစိုးရလက်ထက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ DKBA အဖွဲ့၊ ဖဒိုဦးအောင်ဆန်း ဦးစီးသောအဖွဲ့နှင့် ဦးစောသမူဟဲ ဦးစီးသော အဖွဲ့များ KNU မှ ခွဲထွက်ခဲ့ရသောအကြောင်းအရင်းများ ထိုကဲ့သို့ခွဲထွက်ပြီး နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေါ်ဆောင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည့် ယခုခရီးစဉ်နှင့်စပ်လျဉ်းပြီး သံအမတ်ကြီးများ၊ ပြည်တွင်း ပြည်ပသတင်းစာဆရာကြီးများ ကိုယ်တွေ့ မျက်မြင်လေ့လာတွေ့ရှိခဲ့ရသော အခြေအနေများ ပိုမိုပြည့်စုံသွားစေရန်အတွက် ဆက်စပ်နေသော အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

**(ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

## ပြန်လည်ဖြေကြား

ဆက်လက်၍ ဝန်ကြီး၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်းပြီး လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် လေ့လာရေးအဖွဲ့ဝင်များသည် ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

## ကြိုဆို

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေး အဖွဲ့ဝင်များသည် ညနေပိုင်းတွင် KNU ဗဟို၏ငြိမ်းချမ်းရေးမလိုလားသည့် လုပ်ရပ်များ၊ ပြည်ပသြဇာခံလုပ်ရပ်များ၊ ကရင်ပြည်နယ်နှင့် ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုးကိုဖော်ဆောင်မှုမပြုဘဲ ဒုက္ခရောက်အောင်သာ လုပ်ဆောင်နေမှုတို့ကြောင့် KNU မှ ခွဲထွက်ပြီး လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲခဲ့သည့် ဖဒိုဦးအောင်ဆန်း ဦးစီးသောအဖွဲ့ဝင်များ၊ မိသားစုများ အခြေတကျနေနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များ ရရှိခံစားနိုင်ရန် နိုင်ငံတော်က အကောင်အထည်ဖော်ပေးထားသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်ငြိမ်းချမ်းရေး မြို့သစ် ဘုရားကုန်းသို့ ရောက်ရှိကြရာ တိုင်းရင်းသားခေါင်းဆောင် ဖဒိုဦးအောင်ဆန်းနှင့်အဖွဲ့ဝင်များ၊ မိသားစုများကကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့်လေ့လာရေးအဖွဲ့ဝင်များအား ငြိမ်းချမ်းရေးခန်းမဆောင်၌ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဖဒိုဦးအောင်ဆန်းက KNU မှ ခွဲထွက်ပြီး လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ရသည့် အကြောင်းရင်း၊ နိုင်ငံတော်က ၎င်းတို့အဖွဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

**(ဖဒိုဦးအောင်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

## ကူညီပံ့ပိုးနေမှုရှင်းလင်း

ဆက်လက်၍ အလားတူ KNU ၏ မှားယွင်းသော လုပ်ရပ်များကို မယုံကြည်တော့သည့်အတွက် KNU မှ ခွဲထွက်ပြီး လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့သူ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဟောင်သရော အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဦးစောသမူဟဲက ၎င်းတို့အဖွဲ့ KNU မှ ခွဲထွက်ခဲ့ရသည့် အကြောင်းရင်း၊ နိုင်ငံတော်အစိုးရက ၎င်းတို့အဖွဲ့ နေထိုင်စားသောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးနေမှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

**(ဦးစောသမူဟဲ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ဟောင်သရော အထူးဒေသ ငြိမ်းချမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးစောသမူဟဲ၏ ရှင်းလင်းပြောကြားချက်အပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက KNUများက တိုင်းရင်းသားပြည်သူများအပေါ် လူသတ်၊ မီးရှို့၊ မိုင်းထောင် ဖောက်ခွဲ၊ အဖျက်လုပ်ရပ်ကျူးလွန်မှုကြောင့် ညာခြေတစ်ဖက်ဆုံးရှုံး၍ ဒုက္ခိတဘဝရောက်ရသည့် ဒေသခံ ပြည်သူတစ်ဦး၏ ဘဝကို ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် ဧည့်သည်တော်များအား ကိုယ်တွေ့မျက်မြင်ပြသသည်။

## ဂါရဝပြုပေးအပ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ငြိမ်းချမ်းရေးမြို့သစ် ဘုရားကုန်းတွင် ဇွန် ၈ ရက်က ဖွင့်လှစ်ပြီးစီးသွားသည့် အောင်ဆန်းသူရိယစောမြင့် စာကြည့်တိုက်အတွက် သုတရသစာအုပ် ၅၀၀ နှင့် စီဒီပြားများကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသော ဖဒိုဦးအောင်ဆန်းနှင့် ဦးစောသမူဟဲတို့က လက်ခံယူကြပြီး ဝန်ကြီးအား စာကြည့်တိုက်ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်အလံကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များ၊ မိသားစုများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိ ရပ်နားကြသည်။

**(သတင်းစဉ်)**

## ပေးအပ်လှူဒါန်း

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြိုင်ကြီးငူ အထူးဒေသ စာကြည့်တိုက်အတွက် စီဒီပြားများနှင့် သုတရသစာအုပ်များကို တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်နှင့် ဦးနေလင်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## ရှာရန် ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

# သံလွင်တံတား(ဘားအံ)၊ ဂျိုင်း(ဇာသပြင်)နှင့် ဂျိုင်း(ကော့ကရိတ်)တံတားများတည်ဆောက်ပေးခဲ့ ဒေသခံတိုင်းရင်းသားများနှင့် တစ်နိုင်ငံလုံးရှိ ညီအစ်ကိုမောင်နှမများ ကူးလူးသွားလာနိုင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေး အစိုးရနှင့်ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၁၁

**အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ ကရင်ပြည်နယ်သို့ သွားရောက်လေ့လာကြသည့် လေ့လာရေးအဖွဲ့ဝင်များအား ကရင်ပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ် ဒေသအချက်အလက်များနှင့် နိုင်ငံတော်အစိုးရလက်ထက် (၁၈)နှစ်တာကာလအတွင်း ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်အောင်အကောင် အထည်ဖော်ဆောင်ရွက်ပေးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ဗိုလ်မှူးကြီးခင်ကြူး၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်ရဲ့ဒေသအချက်အလက်များနှင့် ပြည်နယ်၏ ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်သည် မြောက်ဘက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် မိုင်ပေါင်း၃၀၀ကျော် နယ်နိမိတ်ဆက်စပ်ပြီး တောင်ဘက်တွင် တနင်္သာရီတိုင်း၊ အနောက်ဘက်တွင် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ ရှိကြပါတယ်။ ကရင်ပြည်နယ်၏ အကျယ်အဝန်းမှာ အရှေ့မှ အနောက်သို့ မိုင်၇၀၊ မြောက်မှတောင်သို့ ၃၂၆မိုင်ရှည်လျားပြီး ဧရိယာအားဖြင့် ဧကပေါင်း၇၅သိန်းကျော် ကျယ်ဝန်းသော ဒေသဖြစ်ပါတယ်။

## စုပေါင်းရောယှက်နေထိုင်

ကရင်ပြည်နယ်တွင် ခရိုင်သုံးခု၊ မြို့နယ်ခုနစ်ခုနှင့် မြို့နယ်ခွဲငါးခုဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းလူဦးရေမှာ ၁၆သိန်းကျော်ရှိပါတယ်။ ပြည်နယ်အတွင်း ကရင်၊ ဗမာ၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ရခိုင်နှင့် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်း၍ ဆွေမျိုးသားချင်းညီအစ်ကိုမောင်နှမများပမာ ရောယှက်နေထိုင်လျက်ရှိပါတယ်။ မြို့နေလူဦးရေနှစ်သိန်းခွဲခန့်နှင့် ကျေးလက်ဒေသနေလူဦးရေ၁၄သိန်းကျော်ခန့်ရှိပြီး ကရင်လူမျိုး၅၉ရာခိုင်နှုန်း၊ ဗမာလူမျိုး၁၂ရာခိုင်နှုန်း၊ ပအိုဝ်းလူမျိုးငါးရာခိုင်နှုန်း၊ မွန်လူမျိုး၁၂ရာခိုင်နှုန်း၊ ရှမ်းလူမျိုးသုံးရာခိုင်နှုန်း၊ ရခိုင်လူမျိုးတစ်ရာခိုင်နှုန်းနှင့် အခြားတိုင်းရင်းသားရှစ်ရာခိုင်နှုန်းတို့ အေးချမ်းပျော်ရွှင်စွာ စုပေါင်းရောယှက်နေထိုင်လာခဲ့ကြပါတယ်။

ကရင်ပြည်နယ်ရဲ့လယ်ယာကဏ္ဍကိုတင်ပြရရင် ၁၉၈၈ခုနှစ်မှာ သီးနှံစိုက်ပျိုးမြေဧက၅ဒသမ၈သိန်းကျော်ရှိခဲ့ရာမှ ယခုအခါ ဧကကိုးသိန်းကျော်စိုက်ပျိုးနိုင်တဲ့အတွက် စိုက်ဧကလေးသိန်းကျော် တိုးတက်လာပါတယ်။ အဓိကစိုက်ပျိုးတာက စပါးနှင့်ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံများဖြစ်ပါတယ်။ စပါးဟာ ၁၉၈၈ခုနှစ်မှာ ၃ဒသမ၈သိန်းဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၆ဒသမ၀၅ သိန်းဧကစိုက်ပျိုးနိုင်ခဲ့တဲ့အတွက် ၂ဒသမ၂၅သိန်းဧက တိုးတက်လာခဲ့ပါတယ်။

## တိုးတက်လာခဲ့

ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးမှုဟာ ၁၉၈၈ခုနှစ်က သုံးသောင်းရှိခဲ့ရာမှ ယခုအခါ ရှစ်သောင်းရှိလာသဖြင့် ဧကငါးသောင်းကျော် တိုးတက်လာခဲ့ပါတယ်။ ၁၉၈၈ခုနှစ်ကာလက ကရင်ပြည်နယ်အနေနဲ့ စပါးဖူလုံမှုမရှိခဲ့ပါ။ ယခုအခါ လူဦးရေ၁၆သိန်းကျော်အတွက် စပါးအထွက်တင်းပေါင်း၃၅၇သိန်းကျော်ထွက်ရှိပြီး စပါးသုံးစွဲမှုတင်းပေါင်းမှာ သိန်း၂၇၀ခန့်ရှိလာတဲ့အတွက် စပါးတင်းပေါင်း၈၇သိန်းပိုလျှံပြီး ဖူလုံမှုရာခိုင်နှုန်း ၁၃၂ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပါတယ်။

၁၉၈၈ခုနှစ်က ဆည်မြောင်းတာတမံ ၅၁ခုရှိခဲ့ရာမှ ယခုအချိန်မှာ ၉၇ခုရှိလာတဲ့အတွက် ၄၆ခုတိုးတက်လာပါတယ်။ ၁၉၈၈ခုနှစ်မတိုင်မီက အကျိုးပြု ဧက၄၅၀၀၄ဧကရှိခဲ့ရာမှာ ယခု ၉၀၁၉၄ဧကရှိလာသဖြင့် တိုးတက်မှုမှာ ၄၅၁၉၀ဧက တိုးတက်လာခဲ့ပါတယ်။

မြစ်ရေတင်လုပ်ငန်းအနေနဲ့ ၁၉၈၈ခုနှစ်တွင် မရှိခဲ့ပါ။ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ခြောက်ခုရှိလာခဲ့ပြီး နွေစပါးဧက ၇၈၀၀ကို အကျိုးပြုနိုင်ခဲ့ပါတယ်။

## တိုးချဲ့ဆောင်ရွက်

မွေးမြူရေးနှင့် သားငါးကဏ္ဍကို တင်ပြရရင် မွေးမြူရေးဇုန်အနေနဲ့ ၁၉၈၈ခုနှစ်မှာ မရှိခဲ့ပေမယ့် ယခုအခါ ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ မြဝတီမြို့များကို တိုးချဲ့ပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ မွေးမြူရေးခြံတွေမှာ နွား၊ ဆိတ်၊ ဝက်၊ ဘဲ၊ ကြက်မွေးမြူထားနိုင်တဲ့အတွက် ၁၉၈၈ခုနှစ်နောက် ပိုင်းမှာ ကောင်ရေတိုးတက်လာခဲ့ပါတယ်။ ထုတ်လုပ်မှုတန်ဖိုးအနေနဲ့ ၁၉၈၈ ခုနှစ်မှာ ကျပ်သန်းပေါင်း ၁၀၈ဒသမ၆၈ရှိခဲ့ရာမှ ယခုအခါကျပ်သန်းပေါင်း ၈၁၃၉ဒသမ၀ ရှိလာတဲ့အတွက် တိုးတက်မှုဟာ ၈၀၃၀ဒသမ၃၁၉ တိုးတက်လာခဲ့ပါတယ်။

၁၉၈၈ခုနှစ်မှာ ပုစွန်မွေးမြူမှုမရှိခဲ့ဘဲ ယခုတိုးချဲ့မွေးမြူနိုင်ခဲ့ပါတယ်။ ငါးမွေးမြူရေးကန်အနေနဲ့ ယခင်က ၁၃၆ ဒသမ၃၈ဧကရှိပြီး ယခုအခါ ၃၈၁ ဒသမ ၀၉ဧကရှိတဲ့အတွက် ၂၄၄ဒသမ၇၁ဧက တိုးတက်လာခဲ့ပါတယ်။

သားငါးကဏ္ဍထုတ်လုပ်မှုတန်ဖိုး ၁၉၈၈ခုနှစ်မှာ ကျပ်သန်းပေါင်း ၅ဒသမ၉၈သန်းရှိခဲ့ရာမှာ ယခုအချိန်မှာ ကျပ်သန်းပေါင်း ၁၅၅၁ဒသမ၆ရှိတဲ့အတွက် ၁၅၄၆ဒသမ၆၁၅သန်း တိုးတက်လာခဲ့ပါတယ်။

## သစ်တောကဏ္ဍ

သစ်တောကဏ္ဍကို တင်ပြရရင် သစ်တောကြိုးဝိုင်း ၁၉၈၈ခုနှစ်အထိ ဧက ၁၀သိန်းခန့်ရှိပြီး ၁၉၈၈ခုနှစ်နောက်ပိုင်း ယနေ့အထိ ဧက ၁၁သိန်းကျော်ဖြစ်ပါတယ်။ ယခင်က သစ်တောကြိုးပြင် ဧကတစ်သောင်းကျော်ရှိပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ဧကတစ်သောင်းနှစ်ထောင်ရှိလာတဲ့အတွက် ဧကနှစ်ထောင်ကျော် တိုးတက်လာပါတယ်။

စက်မှုလက်မှုကဏ္ဍတိုးတက်မှုကို တင်ပြရရင် ၁၉၈၈ခုနှစ်မှာ တန်၈၀၀ ဘိလပ်မြေစက်ရုံ တစ်ရုံရှိပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ တန် ၄၀၀၀ဘိလပ်မြေစက်ရုံတစ်ရုံ တိုးတက်လာခဲ့ပါတယ်။ ၁၉၈၈ခုနှစ်က ပုဂ္ဂလိက စက်ရုံ ၄၈၉ ရုံရှိခဲ့ရာမှ ယခုအခါ ၅၁၄ရုံရှိလာခဲ့သဖြင့် ၂၅ရုံ တိုးတက်လာခဲ့ပါတယ်။





ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အားလုပ်ငန်းမှာလည်း ၁၉၈၈ခုနှစ်မှာ KVA လျှပ်စစ်ဓာတ်အား ထရန်စဖော်မာ တပ်ဆင်မှုဝန်အား ၁၂၂၂၂လုံးရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာတော့ လျှပ်စစ်ဓာတ်အား ထရန်စဖော်မာ ၂၉၉၀၉လုံး တပ်ဆင်နိုင်ခဲ့သဖြင့် တိုးတက်မှု ၂၄၅ရာခိုင်နှုန်းဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကြိုးလိုင်းဟာ ၁၉၈၈ခုနှစ်မှာ ၁၉၀ဒသမ၃မိုင်ရှိခဲ့ပေမယ့် ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ဓာတ်အားကြိုးလိုင်းအရှည်၃၄၈ဒသမ၅၁ရှိလာတဲ့အတွက် ဓာတ်အားကြိုးလိုင်း အရှည် ၁၅၈ဒသမ၂၁မိုင် တိုးတက်လာခဲ့ပါတယ်။

၁၉၈၈ခုနှစ်က တယ်လီဖုန်းအရေအတွက်အလုံးရေ၈၀၀ရှိခဲ့ရာမှ ယခု ၃၆၆၀လုံးရှိလာတဲ့အတွက် ၂၈၆၀တိုးတက်လာခဲ့ပါတယ်။ ၁၉၈၈ခုနှစ်မှာ တယ်လီဖုန်းကြိုးလိုင်း၆၄၀ရှိခဲ့ရာမှ ယခု၃၉၈၇ရှိလာတဲ့အတွက် တယ်လီဖုန်းကြိုးလိုင်း၃၃၄၇လိုင်း တိုးတက်လာပါတယ်။

## လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ၁၉၈၈ခုနှစ်မတိုင်မီ ကတ္တရာလမ်းအရှည် ၁၅၂ဒသမ၆မိုင်၊ ကျောက်သားလမ်းအရှည် နှစ်မိုင်နှင့် မြေသားလမ်းအရှည် ၁၁၈ဒသမ၆မိုင်ဆောင်ရွက်နိုင်ခဲ့သော်လည်း ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ကတ္တရာလမ်းအရှည် မိုင်၂၃၀၊ ကျောက်သားလမ်းအရှည်၇၆ဒသမ၇မိုင်နဲ့ မြေသားလမ်းအရှည်ပေ၁၁၅ဒသမ၆မိုင်ဆောင်ရွက်ပေးနိုင်သည့်အတွက် ကတ္တရာ လမ်းအရှည် ၇၇ဒသမ၄မိုင်၊ ကျောက်သားလမ်းအရှည်ပေ၇၄ဒသမ၇မိုင်နဲ့ မြေသားလမ်းအရှည် ၂ဒသမ၇၈မိုင်တိုးတက်လာပါတယ်။ ၁၉၈၈ခုနှစ်မတိုင်မီတံတားများတည်ဆောက်နိုင်ခြင်းမရှိပေမယ့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ ပေ၁၈၀အထက် တံတားကြီးငါးစင်းအပါအဝင် တံတားပေါင်း ၁၉၅စင်း တိုးတက်တည်ဆောက်နိုင်ခဲ့ပါတယ်။

## သံလွင်တံတား(ဘားအံ)

ပြည်နယ်နဲ့ပြည်မကို အဓိကဆက်သွယ်ထားသော သံလွင်တံတား (ဘားအံ) ဟာ အရှည်၂၂၅၂ပေရှိပြီး ၁-၃-၉၄ရက်နေ့မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ ၃-၈-၉၇ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်ကျစရိတ်ကျပ် ၇၂၆ဒသမ၆သန်းနဲ့ အမေရိကန်ဒေါ်လာ ၃ဒသမ၈၆၃သန်းဖြစ်ပါတယ်။

ပြည်နယ်ချင်းဆက် ဂျိုင်း(ဇာသပြင်)တံတားဟာအရှည်ပေ ၂၉၀၀ရှိပြီး ၂၆-၆-၉၆ရက်နေ့မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ ၂၄-၃-၉၉ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်ကျစရိတ် ကျပ်သန်း ၁၂၀၀၊အမေရိကန်ဒေါ်လာ ၄ဒသမ၉၆သန်းဖြစ်ပါတယ်။

ခရိုင်ချင်းဆက် ဂျိုင်း(ကော့ကရိတ်)တံတားဟာ အရှည်ပေ ၁၂၀၀ရှိပြီး ၂၆-၆-၉၇ရက်နေ့မှာ စတင်တည်ဆောက်ပြီး ၂၂-၅-၉၉ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ကျပ်၈၅၅သန်းနဲ့ အမေရိကန်ဒေါ်လာ၀ဒသမ၈၉၂သန်း ကုန်ကျခဲ့ပါတယ်။

## ကူးလူးသွားလာနိုင်

အဲဒီတံတားများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တကွ တစ်နိုင်ငံလုံးရှိ ညီအစ်ကို မောင်နှမသဖွယ် နေထိုင်လာခဲ့ကြသော တိုင်းရင်းသားအားလုံး လွယ်လင့်တကူ ကူးလူးသွားလာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်နဲ့ကျန်းမာရေးကဏ္ဍတိုးတက်ဆောင်ရွက်မှုကို တင်ပြရရင် ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ ခုတင် (၁၅၀)ဆေးရုံကို ခုတင်(၂၀၀)ဆေးရုံအဖြစ် အဆင့်မြှင့် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ခုတင်(၅၀)ဆေးရုံနှစ်ရုံကိုလည်း အသစ်ဖွင့်လှစ်ပေးခဲ့ပြီး (၁၆)ခုတင်တိုက်နယ်ဆေးရုံရှစ်ရုံ ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပြည်နယ်အတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ဆေးရုံကိုးရုံ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကျေးလက်ကျန်းမာရေးဌာနရှစ်ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခုကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

## ကျန်းမာရေးစောင့်ရှောက်မှု

ကျန်းမာရေးဝန်ထမ်းများ တိုးတက်လာမှု အခြေအနေကိုတင်ပြရရင် ၁၉၈၈ခုနှစ် နောက်ပိုင်း ဆရာဝန်ပေါင်း ၇၁ဦး၊ သူနာပြု ၁၇၆ဦးနဲ့ အခြားကျန်းမာရေးဝန်ထမ်း ၈၁ဦးကို တိုးချဲ့ခန့်ထားပေးပြီး ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိနေပါတယ်။

ပညာရေးကဏ္ဍအနေနဲ့ ၁၉၈၈ခုနှစ်မတိုင်မီ အထက်တန်းကျောင်း ၂၀၊ အလယ်တန်းကျောင်း ၆၅ကျောင်းနဲ့ မူလတန်းကျောင်း ၁၀၆၄ကျောင်းရှိပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ အထက်တန်းကျောင်း ၃၅ကျောင်း၊ အလယ်တန်းကျောင်း ၇၇ကျောင်းနှင့် မူလတန်းကျောင်း ၁၁၅၄ကျောင်းရှိလာတဲ့အတွက် အထက်တန်းကျောင်း ၁၅ကျောင်း၊ အလယ်တန်းကျောင်း ၁၂ကျောင်းနှင့် မူလတန်းကျောင်း ၉၀တိုးတက်လာပါတယ်။

၁၉၈၈ခုနှစ်မတိုင်မီက အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆရာ ဆရာမ ၄၀၀၀ကျော်ရှိခဲ့ရာမှ ယခုအခါအထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ ဆရာမများ ၆၀၀၀ကျော်ရှိလာသဖြင့် ၂၀၀၀ခန့်တိုးတက်လာပါတယ်။

၁၉၈၈ခုနှစ်မတိုင်မီ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသားကျောင်းသူ တစ်သိန်းကျော်ရှိခဲ့ရာမှ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ နှစ်သိန်းတစ်သောင်းကျော်ရှိလာတဲ့အတွက် တိုးတက်လာသော ကျောင်းသားဦးရေမှာ ရှစ်သောင်းကျော် ဖြစ်ပါတယ်။

## အဆင့်တိုးမြှင့်ဖွင့်လှစ်ပေး

အဆင့်မြင့်ပညာအနေနဲ့ ၁၉၈၈ခုနှစ်မတိုင်မီ ကရင်ပြည်နယ်မှာ နှစ်နှစ်သင်ကောလိပ်ကျောင်းတစ်ကျောင်းသာရှိပြီး ဆရာ ဆရာမ ၄၈ဦးနှင့်ကျောင်းသားကျောင်းသူ ၁၀၂၅ဦးသာရှိခဲ့ပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ဘားအံကောလိပ်ကို ဘားအံတက္ကသိုလ်အဆင့် တိုးမြှင့်ပြီး ၁၄-၅-၂၀၀၃ရက်နေ့မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ အလားတူ စက်မှုလက်မှု အထက်တန်းကျောင်းကိုလည်း အစိုးရနည်းပညာကောလိပ်အဖြစ် ၂၈-၁၂-၂၀၀၂ရက်နေ့တွင်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အစိုးရကွန်ပျူတာကောလိပ်ကိုလည်း ၃-၉-၂၀၀၁ရက်နေ့မှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ပညာရေးကောလိပ်ကို ၁-၁၂-၁၉၉၈ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၈ခုနှစ်မတိုင်မီက ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ၁၉၈၈ခုနှစ်နောက်ပိုင်း ကရင်ပြည်နယ်အတွင်း ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ကတ္တရာလမ်း၉၃ဒသမ၄မိုင်၊ ကျောက်သားလမ်း ၁၈၆ဒသမ၆မိုင်၊ ဂဝံလမ်း ၄၉ဒသမ၇မိုင်၊ မြေသားလမ်း ၁၂၁၅ဒသမ၅မိုင် ဖောက်လုပ်ပြီး ပေ၂၀၀ကွန်ကရစ် တံတားတစ်စင်း၊ ကွန်ကရစ်တံတား ၁၆စင်း၊ သစ်သားတံတား ၉၃စင်းကို ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

## ရေဖူလုံစွာရရှိရေး

သန့်ရှင်းသော ရေဖူလုံစွာရရှိရေးအတွက် တွင်းတိမ် ၂၄၄တွင်း၊ တွင်းနက် ၃၇တွင်း၊ လက်တူးတွင်း ၁၀၅တွင်း တူးဖော်ပေးပါတယ်။

ကျေးလက်နေပြည်သူများ ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် အထက်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ မူလတန်းကျောင်း ၄၅ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။

ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး ဆေးရုံ ငါးရုံ၊ ဆေးပေးခန်းခြောက်ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃ခု တိုးချဲ့ဖွင့်လှစ်လာနိုင်ခဲ့ပါတယ်။

## ဖွင့်လှစ်ထူထောင်ပေးနိုင်

ကျေးလက်နေပြည်သူများ ဗဟုသုတရရှိရေးအတွက် ၁၉၈၈ခုနှစ်မှာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်မရှိခဲ့ပေမယ့် ယခု ကျေးရွာစာကြည့်တိုက် ၁၇၆၆တိုက် ဖွင့်လှစ်ထူထောင်ပေးနိုင်ခဲ့ပါတယ်။

၁၉၈၈ခုနှစ်မှာ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မရှိခဲ့ပေမယ့် ယခု ထပ်ဆင့်လွှင့်စက်ရုံ ခြောက်ရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

၁၉၈၈ခုနှစ်အထိ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်ထုတ်ယူမှုမရှိပေမယ့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ လေအားလျှပ်စစ်အနေနဲ့ ပိုင်ကျုံမြို့မှာ လေးခု၊ ဘားအံမြို့နယ်မှာ လေးခု၊ ကော့ကရိတ်မှာတစ်ခု တပ်ဆင်ပေးထားပါတယ်။

၁၉၈၈ခုနှစ်မတိုင်မီက ကျေးလက်ဒေသသုံး တယ်လီဖုန်းအိတ်ချိန်း တပ်ဆင်နိုင်မှုမရှိခဲ့ပါ။ ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ တယ်လီဖုန်းအိတ်ချိန်း ခြောက်လုံးနှင့် ဂြိုဟ်တုတယ်လီဖုန်းဆက်သွယ်ရေး ငါးလုံးကို တိုးတက်တပ်ဆင်ပေးနိုင်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြရရင် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်းနဲ့အခြားတိုင်းရင်းသားများဟာ မိမိတို့နေထိုင်ရာ ကျေးလက် ဒေသများမှာ တည်ငြိမ်အေးချမ်းမှုရှိလာတာနဲ့အမျှ စိတ်အေးချမ်း ပျော်ရွှင်စွာဖြင့် ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ရဲ့ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ **(သတင်းစဉ်)**

✡ *ကျောဖုံးမှ*

## မယုံနိုင်အောင်ဖြစ်

**၁၉၉၂ခုနှစ် ဧပြီလမှာပဲ တပ်မတော်ကနေပြီးတော့ တိုင်းရင်းသားများ ပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကရင်ပြည်နယ်မှာ ထိုးစစ်အားလုံးကို ရပ်ဆိုင်းလိုက်ပါတယ်။** အဲဒီကအခြေအနေ ၁၉၉၂ခုနှစ် အခြေအနေကို ပြောရမယ်ဆိုလို့ရှိရင် **၁၉၈၈ခုနှစ်က စပြီးတော့ KNU က အခိုင်အမာဆောက်ထားတဲ့ တကယ့်စခန်းကြီးတွေကို မဲသဝေါ၊ မဲထရီ၊ မော်ဖိုးကေ၊ မဲလ၊ ရေကျော်၊ ဝါးခဟောင်း၊ ဖလူး၊ ဝယ်လေ့ စသည့်စခန်းများဟာ အားလုံး လက်လွှတ်ရတယ်။ နောက်ပြီးတော့လဲ ကျန်ရစ်ခဲ့တဲ့ KNU ဗဟိုဌာနချုပ် မာနယ်ပလောနဲ့ ဝါးခသစ်၊ ကော့မူးရာစခန်းကိုလဲ တပ်မတော်ကချဉ်းကပ်ပြီးတော့မှ တိုက်နေတယ်။ အဲဒီလိုအခြေအနေတွေပြီးတော့မှ တပ်မတော်က ကရင်ပြည်နယ်အတွင်း ထိုးစစ်အားလုံး ရပ်ဆိုင်းတယ်ဆိုတာက ကျွန်တော့်အတွက် မယုံနိုင်လောက်အောင်ဖြစ်နေတယ်။**

နောက် ၁၉၉၃ခုနှစ် နိုဝင်ဘာလ အတွင်းမှာပဲ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်အတွင်းမှာ ဒေသခံပြည်သူလူထုတွေတက်ရောက်တဲ့ အခမ်းအနားမှာ နိုင်ငံတော်က KNUအပါအဝင် တောတွင်းလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးဆွေးနွေးဖို့၊ အဲဒါ တရားဝင်ဖိတ်ခေါ်ခဲ့ပြန်တယ်။

**ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုကလဲ ဒါကတော့ ငြိမ်းချမ်းရေးရဖို့ နည်းလမ်းပဲဆိုပြီးတော့မှ အဲ–ပြည်သူလူထုအတွင်းမှာ အဲဒီငြိမ်းချမ်းရေး ရလိုတဲ့စိတ်ဟာ ပေါ်ပေါက်လာတယ်။**

၁၉၉၅ခုနှစ်က စပြီးတော့ တပ်မတော်နဲ့ KNU ဟာ တရားမဝင် သုံးကြိမ်ဆွေးနွေးခဲ့တယ်။ တရားဝင် လေးကြိမ်ဆွေးနွေးခဲ့တယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့မျှော်လင့်ထားတဲ့ ငြိမ်းချမ်းရေးဟာ မရရှိခဲ့ပါဘူး။

နိုင်ငံခြားအစိုးရနဲ့ အဖွဲ့အစည်းတွေ နောက်ပြီးတော့ DAB နဲ့ NCUB အဖွဲ့အစည်းမှာပါဝင်တဲ့ ပြည်တွင်းကထွက်လာတဲ့ အမည်ခံ နိုင်ငံရေးသမားတွေပေါ့လေ။ သူတို့ကနေပြီး ဘယ်လိုပြောလဲဆိုတော့ အခု ပြည်တွင်းကအခြေအနေနဲ့ နိုင်ငံခြားက ဖိအားပေးမှုကြောင့် အစိုးရပြုတ်ကျတော့မယ်။ ဒါကြောင့် KNU ဟာ အစိုးရကို ပိုပြီးတော့ ဖိအားပေးတိုက်ဖို့လိုတယ်။ အကယ်၍ ငြိမ်းချမ်းရေးယူမယ်ဆိုလို့ရှိရင် KNUဟာ အစိုးရတပည့်ဖြစ်သွားမယ်။

ဒီနိုင်ငံခြားရဲ့ နိုင်ငံခြားသားတွေပေါ့လေ။ နောက်ပြီးတော့ပေါ့၊ ခုနက ကျွန်တော်ဖော်ပြတဲ့ အဖွဲ့အစည်းတွေ တွန်းအားပေးမှုကြောင့်၊ မြှောက်ပင့်မှုကြောင့်ပေါ့လေ။ အဲဒါ ဆွေးနွေးပွဲကတော ပျက်သွားတာပေါ့။ နောက်ပြီးတော့ ဘာသာရေးရဲ့ ခွဲခြားမှုကြောင့် အဲဒီမှာပဲ DKBA ပေါ်လာတယ်။

အဲဒီအချိန်မှာ ဒီ KNUရဲ့ အခြေအနေကို ကျွန်တော် ပြန်လည်ပြီးတော့ သုံးသပ်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ၁၉၆၇ခုနှစ်ကနေစပြီးတော့မှ KNU ထဲ ရောက်သွားတယ်။ ၁၉၈၀ခုနှစ်မှာ ဗဟိုကော်မတီဝင်တစ်ယောက်ဖြစ်လာတယ်။ နောက်ပြီးတော့ ၁၉၈၆ခုနှစ်မှာ ဗဟိုသစ်တောထုတ်လုပ်ရေးလုပ်ငန်းကော်မတီမှာ ဥက္ကဋ္ဌဖြစ်လာတယ်။

## လုပ်ကြံဖို့ကြိုးစားလာ

KNU မှာ ကျွန်တော်အကြာကြီး အကြာကြီး နေခဲ့တယ်ဆိုတော့ တကယ်ပြောရမယ်ဆိုလို့ရှိရင် KNU ဗဟိုက အစပေါ့လေ။ ဒီအောက်ခြေအထိ ကျွန်တော် ကောင်းကောင်းသိခဲ့ပါတယ်။

အမှန်က KNU ဗဟိုက စပြီးတော့ တပ်မဟာ/ခရိုင် အထိပေါ့၊ ကိုယ်ကျိုးရှာတဲ့ KNU လူကြီးတွေကြောင့် သူတို့ကနေပြီးတော့ ထိုင်းနိုင်ငံမှာ အိမ်တွေဝယ်တယ်။ ကားတွေနဲ့၊ တိုက်နဲ့ နောက် သားသမီးတွေကိုလဲ နိုင်ငံခြားမှာပဲ ကျောင်းပို့တယ်။ ဖိမ်ခံကြတယ်။ အောက်ခြေနဲ့ ရဲဘော်တွေကျတော့ အမျိုးမျိုး ဒုက္ခခံရတယ်။ ကျွန်တော်ကတော့ ဘွင်းဘွင်းသမားပဲ၊ ကျွန်တော့်အမြင်ကို ကျွန်တော်တင်ပြတယ်။ ကျွန်တော့်အမြင်ကို ကျွန်တော်တင်ပြတော သူတို့က ကျွန်တော့်ကို ဖောက်ပြန်ရေးသမား သစ္စာဖောက်ဆိုပြီးတော့မှ ပြောလာတယ်။ လုပ်ကြံဖို့လဲ ကြိုးစားလာတယ်။ **ကျွန်တော် KNU ဗဟိုဌာနချုပ် မာနယ်ပလောမှာနေကတည်းက ကျွန်တော်ပြောရမယ်ဆိုလို့ရှိရင် နိုင်ငံရေးသမားအမည်ခံတဲ့ လူတွေ၊ နောက်အဖွဲ့အစည်းတွေ၊ နိုင်ငံခြားနဲ့ ကျွန်တော်က အများကြီးတွေ့ခဲ့ရတယ်၊ သူတို့က ကျွန်တော့်ကို လာတွေ့တဲ့အချိန်မှာ အဖျက်လုပ်ငန်းပဲ၊ အစိုးရကို ဆန့်ကျင်ဖို့၊ လုပ်ဖို့ အဲဒါပဲပြောတယ်။** ကျွန်တော်တင် မကပါဘူး၊ **KNU ဗဟိုမှာရှိတဲ့ လူကြီးတွေကိုလဲ နိုင်ငံခြားက လာတွေ့တယ်၊ အဖွဲ့အစည်းတွေ လာတွေ့ရတယ်။ အစိုးရဆန့်ကျင်ဖို့ ၊ အဖျက်လုပ်ငန်းလုပ်ဖို့ ဒါပဲသူတို့က အကြံပေးတယ်။**

**KNU ဟာ နယ်စပ်မှာ အကြာကြီးနေခဲ့တယ်ဆိုတော့ နိုင်ငံခြားက အဖွဲ့အစည်းနဲ့၊ ပုဂ္ဂိုလ်နဲ့ စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ စစ်ရေးအရ သူတို့ သဘောတူညီချက်တွေ လုပ်ခဲ့တာရှိခဲ့ပါတယ်။အဲဒီလုပ်ရပ်တွေကြောင့် နိုင်ငံခြားက ပြောတဲ့စကားက ပေါက်ရောက်တယ်။**

၁၉၈၈ခုနှစ်မှာ နိုင်ငံရေးခေါင်းဆောင်အမည်ခံတွေ၊ ကျောင်းသားခေါင်းဆောင်အမည်ခံတွေဟာ ဒီမာနယ်ပလောမှာလာပြီးတော့ ကျွန်တော်တို့နဲ့ အများကြီးတွေ့ခဲ့ရပါတယ်။

**KNUဟာ နိုင်ငံခြားကို အားကိုးနေရတယ်။ နောက်ပြီးတော့ နိုင်ငံခြားက ပြောတဲ့စကားလဲ ပေါက်ရောက်တယ်၊ ပြည်တွင်းကနေပြီးတော့ ထွက်သွားတဲ့ နိုင်ငံရေးအမည်ခံတဲ့ ပုဂ္ဂိုလ်တွေနောက် ကျောင်းသားခေါင်းဆောင်အမည်ခံတဲ့ ပုဂ္ဂိုလ်တွေကလဲ သူတို့တွေကလဲ နိုင်ငံခြားကို ဝင်ဆံ့တယ်။ KNU က နိုင်ငံခြားကို သိပ်ပြီးတော့ဝင်မဆံ့ဘူး။ ဝင်လို့မရဘူး။ ဒါမို့လို့ အဲဒီခုန ကျွန်တော်ပြောတဲ့ DAB တို့၊ NCUB တို့ သူတို့ကိုပဲ KNU က အားကိုးနေရတော့ သူတို့ပြောတဲ့စကားက ပိုပြီးတော့ ပေါက်ရောက်တယ်။ ခုနက ကျွန်တော်ပြောတဲ့ နိုင်ငံခြားသားတွေဟာ ကရင်ပြည်နယ်အတွင်းမှာ တစ်ယောက်မှ လာပြီးတော့ ချွေးတစ်ပေါက် သွေးတစ်စက် အကျမခံ၊ အကျခံပြီးတော့မှ လာတိုက်တာမဟုတ်ဘူး။ KNU ပဲ တိုက်ခိုင်းပါတယ်။ KNU က ရဲဘော်ကပဲ သွေးမြေကျခဲ့ရတယ်။ သွေးပေါက်ကျခဲ့ရတယ်။ ဒါမို့လို့ ဒီ ကျွန်တော်ပြောတဲ့ DAB တို့၊ NCUB တို့ နိုင်ငံခြားကို ရောက်သွားတဲ့လူတွေက ဒီမိုကရေစီကို တဖွဖွပြောသော်ငြားလည်းပဲ အခု နိုင်ငံခြားမှာ သွားနေပြီးတော့မှ အထောက်အပံ့တွေယူ၊ အစိုးရရဲ့ မကောင်းကြောင်းကိုပြော၊ ပြည်တွင်းကို ပြန်လာဖို့မပြောနဲ့ အခု သူတို့တွေဟာ နယ်စပ်မှာတောင်မှ တစ်ခါမှ မပြန်လာကြတော့ဘူး။ မပြန်လာကြဘူး။**

ကျွန်တော့်အမြင် ကျွန်တော့်သဘောထားကတော့ အကယ်၍ စစ်သာဆက်တိုက်မယ်ဆိုလို့ရှိရင် ကရင်တိုင်းရင်းသားနဲ့ ကရင်ပြည်နယ်သူ ပြည်နယ်သားတွေပဲ ဒုက္ခရောက်ကြမယ်၊ အခု စစ်ပွဲကြောင့် ကြည့်ပါလား၊ တောအရပ်ဒေသမှာ လမ်းလဲသွားဖို့ လမ်းလဲမရှိ။ ဆေးကုဖို့ ဆေးရုံလဲမရှိ။ ကျောင်းနေဖို့ ကျောင်းလဲမရှိ။ ဝတ်ရမဲ့ စားရမဲ့ဘဝဖြစ်နေတယ်။ ကျွန်တော်ကိုယ်တိုင် သွားလာလှုပ်ရှားခဲ့တဲ့ အချိန်အခါတုန်းက အင်မတန်မှ သနားစရာကောင်းတယ်။ လူ၊ လူဆိုတာ လူ့ဘဝမှာ လူဖြစ်လာတာ လူနဲ့မတူကြတော့ဘူး။ မယုံရင် သွားကြည့်ပါ၊ အဲဒါ ကျွန်တော့်ရဲ့ ကိုယ်တွေ့မျက်မြင်။

## ပြန်လည်ခိုလှုံ

အခု စစ်ပွဲကြောင့် ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ ဖွံ့ဖြိုးရေးမှာ အများကြီးနောက်ကျခဲ့တယ်။ ကျွန်တော် KNU ဗဟိုဌာနချုပ်မှာနေတုန်းက ငြိမ်းချမ်းရေးရယူတဲ့ ပြည်နယ်တွေ၊ နောက် ဧရာဝတီ မြစ်ဝကျွန်းပေါ်တိုင်းက ဒေသတွေမှာ အတော့်ကို ဖွံ့ဖြိုးတိုးတက်နေပြီဆိုတာ မြန်မာ့ရုပ်မြင်သံကြားကနေပြီးတော့ တွေ့ရတယ်။ ကြားရတယ်။ ဒါကြောင့်မို့ KNU ဘာကြောင့် ငြိမ်းချမ်းရေး မယူရတာလဲ။ အဲဒါကို ကျွန်တော်မကျေနပ်ဘူး။ ကျွန်တော်မကျေနပ်တော့ ကျွန်တော်ခွဲထွက်လာပြီးတော့မှ ငြိမ်းချမ်းရေးကို ပြန်လာယူပြီးတော့မှ နိုင်ငံတော်အစိုးရရဲ့ အေးမြတဲ့အရိပ်အာဝါသအောက်မှာ ပြန်လည်ခိုလှုံတယ်။

ကျွန်တော် အမိနိုင်ငံကိုပြန်ရောက်လာတော့ နိုင်ငံတော်ကတာဝန်ရှိပုဂ္ဂိုလ်များက ကျွန်တော့်ကို ဖက်လှဲတကင်း လှိုက်လှဲစွာ ကြိုဆိုခဲ့တယ်။ နောက်ပြီးတော့ မိသားစုပေါ်မှာ နွေးထွေးစွာ လက်ခံခဲ့ပါတယ်။ ကျွန်တော် ပြန်ရောက်လာတဲ့ ၁၉၉၈ခုနှစ်ကနေပြီးတော့ နိုင်ငံတော်က ကျွန်တော်တို့ နေထိုင်ဖို့ အိမ်တွေအားလုံး ဆောက်ပေးတယ်။

ကျွန်တော်တို့အဖွဲ့က အမိနိုင်ငံကို ပြန်ရောက်မှ လူနဲ့သူနဲ့တူအောင်နေရတယ်။ ဒါကတော့ အမှန်အတိုင်း ကျွန်တော်ဝန်ခံတယ်။ ကျွန်တော်တို့ နေဖို့ ထိုင်ဖို့ အတည်တကျ ဒီကရင်ပြည်နယ် ဘားအံမြို့နယ်၊ နောက် ဘုရားကုန်းဒေသမှာ နိုင်ငံတော်ကချပေးတဲ့အပြင် လုပ်ကိုင်စားသောက်ဖို့အတွက်လည်း အဲဒီ ၉၈ခုနှစ်မှာပဲ မြေရိုင်းဧက၁၀၅ဧက ဖော်ပေးတယ်။ နောက် စက်ရေတွင်းတွေလဲ တူးပေးတယ်။ မီးတွေလဲ သွယ်ပေးတယ်။

## စိတ်ရွှင်လို့ ကိုယ်နုလာ

တူးမြောင်းလဲတူးပေးတယ်။ နောက်ပြီးတော့ ဒီ လူငယ်များအတွက် စာသင်ဖို့ ကျောင်းလဲဆောက်ပေးတယ်။ ကျန်းမာရေးအတွက် ကျန်းမာရေးဌာနလဲ ဆောက်ပေးတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဘုန်းကြီးကျောင်းအကုန်ဆောက်ပေးတယ်။ ဒီလိုဘဝမျိုးမှ မပျော်ရင် ဘယ်လိုဘဝမျိုး ကျွန်တော်သွားပျော်ရမလဲ။ ဘာလို့လဲဆိုတော့ KNUမှာ နေစဉ်အခါတုန်းက ဗမာစကားရှိတယ်။ စိတ်ထောင်းရင် ကိုယ်ကျေတဲ့။ ဒီကို အမိနိုင်ငံကို ပြန်ရောက်လာတဲ့အခါတော့ စိတ်ရွှင်လို့ ကိုယ်နုလာတယ်။

ဧက၅၀ ရော်ဘာစိုက်ပေးတယ် နိုင်ငံတော်က။ ဒီဧက၅၀ဆိုတာ ကျွန်တော်ကိုယ်တိုင် ထိုင်းနိုင်ငံမှာနေခဲ့တယ်ဆိုတော့ ဧက၅၀ဆိုတာ ရော်ဘာပင် ဘယ်နှစ်ထောင်ရှိမလဲ။ ထိုင်းနိုင်ငံမှာ ရော်ဘာပင်၃၀၀၀ရှိတဲ့ လူက သူဌေးပဲ။ ဒါကြောင့် သိပ်မကြာတော့ဘူး။ ကျွန်တော် သူဌေးဘွဲ့ရမလား မသိဘူး။ ဧက၅၀နဲ့ ဖထီး မကျေနပ်သေးဘူးနော်။ ဧကတစ်ရာ နှစ်ရာထိ ထပ်စိုက်မယ်။

ကျွန်တော်က တောင်သူလယ်သမားသားတစ်ယောက်ပါ။ စိုက်ပျိုးရေးနဲ့ မွေးမြူရေး တကယ်ဝါသနာပါတယ်။ အဲဒီတော့ နိုင်ငံတော်ကလဲ ကျွန်တော့်ကို စမ်းချင်တယ်နဲ့ တူတယ်။ ကျွန်တော်ကလဲ အစမ်းခံပါတယ်။ ဘာလို့လဲဆိုတော့ မွေးမြူရေးနဲ့ ဆေးကုသရေးဦးစီးဌာနက ကျွန်တော့်ကို၊ ကျွန်တော့်အဖွဲ့ကိုပေါ့လေ။ အဲဒါ ဥကြက်မအကောင် ၃၀၀၊ နောက်ပြီးတော့ ဝက်အကောင် ၃၀ အဲဒါ စမ်းပြီးတော့ပေးတာ။ စမ်းပြီးတော့ပေးတာ။ ကြက်တစ်ကောင်မှ မသေဘူး၊ ဝက်လဲ တစ်ကောင်မှမသေတဲ့အပြင် ထွားလာလိုက်တာ။ လူတွေလာတောင်းဝယ်တာမှ တောင်းဝယ်ပဲ။ အဲဒါ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနကိုတောင်မှ ကျွန်တော့် အထီးတစ်ကောင်၊ အမတစ်ကောင် တစ်စုံ စံပြအနေနဲ့ ပြန်ပို့ပေးလိုက်တယ်။

ဒီကမ္ဘာပေါ်မှာ ဥကြက်မဥနှုန်းဟာ အမြင့်ဆုံး၉၅ရာခိုင်နှုန်းပဲ။ ဒါပေမယ့် ကျွန်တော်မွေးတဲ့ ဥကြက်မ အကောင် ၃၀၀ ဟာ ၉၇ရာခိုင်နှုန်းထိ ဥတယ်ဆိုတော့ အများအံ့သြသွားတာပေါ့။

ကြက်ဥတစ်လုံးကလဲ အကြီးဆုံးက ခြောက်ကျပ်ခွဲသားပဲ။ ကျွန်တော့်ဆီမှာ ဥတဲ့ကြက်မကျတော့ ခုနစ်ကျပ်ခွဲသားတောင်ရှိတယ်ဆိုတော့ ၁၉၉၉ခုနှစ် အောက်တိုဘာလ၁၉ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂကကျင်းပတဲ့ စားနပ်ရိက္ခာနှစ်လား၊ အဲဒီမှာ တိုင်းရင်းသားများအဖွဲ့အစည်း မွေးမြူရေးထူးချွန်ဆု၊ FAO ဆုပေါ့၊ ပေးတာ။ ကျွန်တော် ချီးမြှင့်ခြင်းခံရတယ်။

နိုင်ငံတော်ကလဲ လယ်ယာစိုက်ပျိုးရေးအတွက် စက်ယန္တရားပေးတာ၊ လယ်ထွန်စက်ကြီးတစ်စီး၊ လယ်ထွန်စက်လတ်က တစ်စီး၊ နောက် လက်တွန်းထွန်စက်က နှစ်စီး။ ကျွန်တော့်ကို တကယ့်လယ်သမားကြီးတစ်ယောက်ဘဝရောက်အောင် နိုင်ငံတော်က ပံ့ပိုးပေးတာ။ နောက်ပြီးတော့လဲ မာဇဒါဂျစ်တစ်စီးပေးတယ်။ TE လဲ နှစ်စီးပေးတယ်။

## အေးမြသောအရသာ ခံစားနေရ

**နိုင်ငံတော်က မေတ္တာစေတနာ အပြည့်အဝနဲ့ ငြိမ်းချမ်းရေးကို ကမ်းလှမ်းတာ။ ကျွန်တော်လဲ ဝါသနာအပြည့်နဲ့ လက်ခံလိုက်တဲ့အတွက် အခု ကျွန်တော့်ဘဝက ဘာဖြစ်သွားပြီလဲ သိလား။ ငြိမ်းချမ်းရေးရဲ့ အေးမြသော အရသာကို ခံစားနေရတယ်။ စံစားနေရတယ်။**

ကျွန်တော့်ကိုယ် ကျွန်တော် **ဂုဏ်ယူမဆုံးဖြစ်မိတာကတော့ ဘာလဲဆိုတော့ နိုင်ငံတော်ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ပထမအကြိမ် ပြန်လည်စတင်တဲ့ အမျိုးသားညီလာခံမှာ တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးအနေနဲ့ ကျွန်တော်အမျိုးသားညီလာခံကိုယ်စားလှယ်၊ အမျိုးသားညီလာခံကြီးကို တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော်အင်မတန်မှ ဝမ်းသာတယ်။**

တခြားကိုယ်စားလှယ်တွေကတော့ ဘယ်လိုမြင်လဲ မသိဘူး။ **ကျွန်တော့်စိတ်ထဲမှာတော့ ဒီအမျိုးသားညီလာခံကြီးဟာ တစ်နေ့ကျရင် အောင်မြင်မယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ရောက်တော့မယ်။** ဒါပေမယ့် အဲဒီ **အမျိုးသားညီလာခံမှာ ကျွန်တော်ကတော့ ဆွေးနွေးစရာရှိ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှာပဲ၊ ဆွေးနွေးတာပဲ။ ဝေဖန်ပြောဆိုစရာရှိလဲ ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုတာပဲ။ ဒါမို့လို့ ဒီလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် အများနဲ့ထပ်တူ အမျိုးသားညီလာခံမှာ ကိုယ်ရောစိတ်ပါ ပူးတွဲပြီးတော့ ဆောင်ရွက်သွားမယ်** လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။ ။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက KNU များက တိုင်းရင်းသားပြည်သူများအပေါ် လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲ အဖျက်လုပ်ရပ်ကျူးလွန်မှုကြောင့် ညာခြေတစ်ဖက်ဆုံးရှုံးပြီး ဒုက္ခိတဘဝရောက်ရသည့် ဒေသခံပြည်သူတစ်ဦး၏ ဘဝကို ပြည်တွင်း ပြည်ပ သတင်းစာဆရာများနှင့် ဧည့်သည်တော်များအား ကိုယ်တွေ့မျက်မြင်ပြသစဉ်။** (သတင်းစဉ်)

## ယနေ့ ကမ္ဘာ့ဖလားပွဲနှင့် သူတို့အမြင်

**ရန်ကုန် ဇွန် ၁၁**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၉ ရက်မှစတင်ကျင်းပလျက်ရှိရာ ဇွန် ၁၂ ရက် ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။

### မြန်မာ့လက်ရွေးစင်ဘောလုံးသမား ထွန်းထွန်းဝင်း

- **အုပ်စု(င)က အမေရိကန်နှင့် ချက်ပွဲမှာ ချက်အသင်း အနိုင်ရမယ်ထင်တယ်။ ချက်အသင်းက တစ်ဦးချင်း ဘောလုံးသမားကောင်းတွေရှိသလို အသင်းလိုက်ကစားပုံလည်း ကောင်းတယ်။ အသင်းလိုက်စုစည်းမှုလည်း ချက်အသင်းသာတယ်၊ အမေရိကန်တို့ အနိုင်ရဖို့ဆိုတာ သိပ်မလွယ်ပါဘူး။**
- **ဩစတြေးလျနဲ့ ဂျပန်ပွဲကတော့ ခြေရည်တူနေတယ်။ ဂျပန်အသင်း အနိုင်ရနိုင်ပေမယ့် ဩစတြေးလျမှာလည်း ဘောလုံးသမားကောင်းတွေရှိနေတယ်၊ သရေဖြစ်သွားနိုင်တဲ့ပွဲလို့ ထင်တယ်၊ ကြိုက်တာကတော့ ဂျပန်ကို ပိုကြိုက်တယ်။**
- **အီတလီနဲ့ ဂါနာအသင်းမှာတော့ အီတလီနိုင်မှာပါ၊ ဂါနာအသင်း ခြေစွာတယ်ဆိုပေမယ့် အီတလီကို ယှဉ်လို့မရပါဘူး၊ အီတလီက အသင်းကြီးပါ၊ အစဉ်အလာလည်းရှိတဲ့ အသင်းဆိုတော့ အီတလီပဲ နိုင်ပါလိမ့်မယ်။**

### ဂီတအနုပညာရှင် နိုင်ဇော်

- **အမေရိကန်နဲ့ ချက်ပွဲမှာ ချက်အသင်း တော်တော်ကြိုးစားကစားရမယ်။ ခွန်နဲ့အားနဲ့ကစားတတ်တဲ့ ချက်အသင်း အမေရိကန်ကို သေသေချာချာကစားမှ အနိုင်ရမှာပါ။ အမေရိကန်အသင်းမှာလည်း ကစားသမားကောင်းတွေရှိပေမယ့် တန်းဝင်အဆင့်မီတဲ့ အားကစားသမား နည်းတယ်။ ချက်အသင်း အနိုင်ရမှာပါ။**
- ဩစတြေးလျနဲ့ ဂျပန်ပွဲကတော့ ကြည့်ကောင်းမယ့်ပွဲဖြစ်မှာပါ။ ဂျပန် **ထက်စာရင် ဩစတြေးလျအသင်းက ပိုတောင့်တင်းတယ်။ ပရီမီယာလိဂ်မှာကစားနေတဲ့ ဘောလုံးသမားတွေပါတယ်။ ဒါပေမယ့် အသင်းလိုက်စုစည်းမှုမှာ ဂျပန်ကသာပါတယ်။ ဂျပန်အသင်း အနိုင်ရမယ်ထင်တယ်။**
- **အီတလီနဲ့ ဂါနာပွဲကတော့ အီတလီပဲ အနိုင်ယူသွားမယ်ထင်တယ်။ ခြေစွမ်းချင်းကွာတယ်။ ဒါပေမယ့် အီတလီက ထိန်းကစားတတ်တယ်၊ အီတလီက ချိန်ဆကစားတတ်တော့ မမျှော်လင့်တဲ့ ရလဒ်လည်းဖြစ်နိုင်တယ်။ လက်ရှိခြေစွမ်းအရတော့ အီတလီအနိုင်ရမှာပါ။** (မြန်မာ့အလင်း)





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

ယခုလေ့လာရေးခရီးစဉ်ဟာ နိုင်ငံတော်အစိုးရက မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်အတွင်း နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ DKBA အဖွဲ့၊ ဖဒိုဦးအောင်ဆန်း ဦးစီးတဲ့အဖွဲ့နဲ့ ဦးစောသမူဟဲ ဦးစီးတဲ့အဖွဲ့တွေ KNU မှ ခွဲထွက်ခဲ့ရသော အကြောင်းရင်းများ၊ ထိုကဲ့သို့ ခွဲထွက်ပြီးနောက်ပိုင်းမှာ နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်နေမှုအခြေအနေများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ ခရီးစဉ်ပဲ ဖြစ်ပါတယ်။

ဒီခရီးစဉ်အတွင်းမှာ သံအမတ်ကြီးများ၊ သတင်းစာဆရာကြီးများ ကိုယ်တိုင် မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းအခြေအနေများ၊ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရနဲ့ လက်တွဲဆောင်ရွက်နေတဲ့ တိုင်းရင်းသားခေါင်းဆောင်များရဲ့ ကိုယ်ပိုင်အတွေ့အကြုံများ၊ ဒါ့အပြင် လမ်းခရီးတစ်လျှောက်လုံးမှာ ဒေသခံတိုင်းရင်းသားပြည်သူတွေ ဖွံ့ဖြိုးတိုးတက်မှုအကျိုးစီးပွားအသီးအပွင့်များ ရရှိခံစားပြီး အေးချမ်းစွာနေထိုင်၊ သွားလာလှုပ်ရှားနေကြပုံများကို မျက်မြင်ကိုယ်တွေ့ လေ့လာတွေ့ရှိခဲ့ကြပြီးဖြစ်ပါတယ်။

အခုအချိန်မှာတော့ ကျွန်တော့်အနေနဲ့ သံအမတ်ကြီးများနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများ ကိုယ်တွေ့မျက်မြင် လေ့လာတွေ့ရှိခဲ့ရသော အခြေအနေတွေ ပိုမိုပြည့်စုံသွားစေဖို့အတွက် ဆက်စပ်နေတဲ့ အကြောင်းအရာများကို ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

အခု ကျွန်တော်တို့တစ်တွေ ဖြတ်သန်းရောက်ရှိ လေ့လာခဲ့တဲ့ **မွန်ပြည်နယ်တစ်ခုလုံးနဲ့ ကရင်ပြည်နယ်အတွင်းမှ ဒေသအများစုဟာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေတာကို လေ့လာတွေ့ရှိကြရမှာ ဖြစ်ပါတယ်။** အဲဒီလိုအခြေခံကောင်းတွေကြောင့် **ဒေသခံတိုင်းရင်းသားပြည်သူများဟာ အေးချမ်းစွာနေထိုင် သွားလာလုပ်ကိုင်စားသောက်နိုင်လျက်ရှိတာကိုလဲ တွေ့မြင်ခဲ့ကြရပြီး ဖြစ်ပါတယ်။ အဲဒီလိုတွေ့မြင်ရတာဟာ ဒီဘက်ဒေသတွေမှာ KNU သောင်းကျန်းသူ များက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးကို ထိပါးနှောင့်ယှက်မှု မပြုခဲ့လို့ပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအပေါ် အန္တရာယ်မပြုတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တပ်မတော်တို့ကလဲ Gentleman Agreement နဲ့အညီ မိမိတို့ရဲ့ ပုံမှန်လုပ်ငန်းဆောင်တာများကိုသာ ယခင်က အတိုင်း လုပ်ကိုင်ဆောင် ရွက်လျက်ရှိနေပါတယ်။ ဒါကြောင့်မို့ မွန်ပြည်နယ်တစ်ခုလုံးနဲ့ ကရင်ပြည်နယ်ဒေသအများစုဟာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်နယ်သူပြည်နယ်သားများ ပူပင်ကြောင့်ကြမှုကင်းမဲ့စွာ နေထိုင်သွားလာ လုပ်ကိုင်ဆောင်ရွက်နေနိုင်ကြတာ ဖြစ်ပါတယ်။**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ တောင်ငူ၊ ညောင်လေးပင်တို့ရဲ့ အစွန်အဖျားဒေသနဲ့ ဆက်စပ်နေတဲ့ KNU သောင်းကျန်းသူတွေကတော့ အတွင်းပိုင်းမြို့ရွာတွေ၊ ကားလမ်းရထားလမ်းတွေကို ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့တွေစေလွှတ်ပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ပျက်စီးအောင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြပါတယ်။ အဲဒီလို KNU များက စတင်ပြီး အကြိမ်ကြိမ်ကျူးလွန်လာတဲ့အတွက်သာ ပြည်သူတွေရဲ့ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးဖို့ တာဝန်ရှိတာနဲ့အညီ တပ်မတော်ကလိုအပ်တဲ့ လုံခြုံရေးနဲ့ နယ်မြေရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ရတာပဲ ဖြစ်ပါတယ်။

**ပြည်ပစွဲ၊ လူမျိုးစွဲတွေကြောင့်**
**လက်နက်ကိုင်လမ်းစဉ်ကို**
**ဆုပ်ကိုင်ထားတဲ့သောင်းကျန်းသူဆိုလို့**
**KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့**
**SSA-S ရှုက်ဆစ်အဖွဲ့တို့လောက်သာကျန်ရှိ**

အဲဒီလိုဆောင်ရွက်တာကို အနောက်ဆရာကြီးတွေနဲ့ လက်ဝေခံအဖျက်သမားတွေက တပ်မတော်အနေနဲ့ ကရင်တိုင်းရင်းသားတွေ ကျေးရွာများမှာ မနေနိုင်အောင် အတင်းအဓမ္မရွှေ့ပြောင်းနေတယ်၊ ဖိနှိပ်နေတယ်၊ Ethnic Cleansing လုပ်နေတယ်လို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲလာကြပါတယ်။ ဒါ့အပြင် ပြည်ပြေးအောင်ဒင်ဦးစီးတဲ့ အမေရိကန်အခြေစိုက် US Campaign for Burma အဖွဲ့က ဝါရှင်တန်အခြေစိုက် အမေရိကန်အဆင့်မြင့်သိပ္ပံပညာရပ်ဆိုင်ရာအသင်း (AAAS) နဲ့ ပူးပေါင်းပြီး မြန်မာအစိုးရနဲ့ မြန်မာ့တပ်မတော်ကို Ethnic Cleansing ကိစ္စလုပ်ကြံစွပ်စွဲဖို့ ဆောင်ရွက်နေကြတယ်ဆိုတာကိုလဲ ကျွန်တော်တို့ သတင်းရပါတယ်။

အမေရိကန် AAAS ဆိုတဲ့အသင်းကတော့ ဂြိုဟ်တုနည်းပညာကို သုံးပြီး မြေပြင်က အခြေအနေကို ဓာတ်ပုံရိုက်ယူတဲ့အသင်းပါ။ အောင်ဒင်တို့အဖွဲ့ဟာ အဲဒီအသင်းနဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံ ကရင်ပြည်နယ်အတွင်း ရွာတွေ မီးရှို့ခံရတာ၊ မီးတွေလောင်နေတာကို ဂြိုဟ်တုကနေ ဓာတ်ပုံရိုက်မယ်၊ တစ်ပေခွဲထက်ကြီးတဲ့အရာကို ကောင်းကောင်းပေါ်အောင် ရိုက်နိုင်တယ်၊ လူတွေကိုပေါ်အောင်ရိုက်နိုင်ပေမယ့် ဘယ်သူဘယ်ဝါဆိုတာ KNU လား၊ တပ်မတော်လားဆိုတာကိုတော့ မခွဲနိုင်ဘူးလို့ဆိုပါတယ်။

အဲဒီတော့ သေချာတာက အောင်ဒင်တို့ကပဲ KNU နဲ့ချိတ်ဆက်ပြီး ရွာတွေကို သူတို့ကိုယ်တိုင် မီးရှို့ပြမယ်၊ ရွာတုတွေလုပ်ပြီး သူတို့ကိုယ်တိုင် မီးရှို့ပြမယ်၊ ရွာသားတွေကိုကြိုးနဲ့တုပ်ပြီး အတင်းခေါ်ဆောင်ပုံ၊ ရိုက်နှက်ညှဉ်းဆဲပုံတွေကို လုပ်ကြံဖန်တီးရိုက်ပြမယ်။ ဒီလိုတွေ လုပ်ကြံဖန်တီးပြီး တပ်မတော်က ရွာမီးရှို့သယောင်၊ ရွာသားတွေကို အတင်းအဓမ္မပြောင်းရွှေ့သယောင်၊ ရိုက်နှက်ညှဉ်းဆဲသယောင် ဂြိုဟ်တုဓာတ်ပုံနဲ့ သာဓကပြဖို့ ဆောင်ရွက်နေကြောင်းလဲ ကြားသိရပါတယ်။

တပ်မတော်ဟာ စည်းကမ်းကိုမဏ္ဍိုင်ပြုပြီး ကွပ်ကဲမှုအဆင့်ဆင့်နဲ့ စနစ်တကျ လေ့ကျင့်ဖွဲ့စည်း တာဝန်ထမ်းဆောင်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ၎င်းတို့လုပ်ကြံစွပ်စွဲနေတဲ့ Ethnic Cleansing ဆိုတာကို လုပ်ရိုးမှန်တယ်ဆိုရင် အခုသံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများရောက်ရှိနေတဲ့ ဒီဘက်ဒေသတွေမှာလဲ တပ်မတော်က လုံခြုံရေးနဲ့ နယ်မြေရှင်းလင်းရေးတွေ လုပ်နေရမှာပဲ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့လုံခြုံမှုကို နှောင့်ယှက်ထိပါးခြင်းမရှိတဲ့ ဒီဘက်ဒေသတွေမှာ အဲဒီလိုလုံခြုံရေးနဲ့ နယ်မြေရှင်းလင်းရေးလုပ်ဖို့ မလိုအပ်တဲ့အတွက် မူလပုံမှန်အတိုင်းရှိနေတာကို တွေ့မြင်ကြရတာပဲ ဖြစ်ပါတယ်။

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

မြန်မာနိုင်ငံဟာ ကိုလိုနီနယ်ချဲ့လက်အောက်ကို နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရပါတယ်။ ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲအုပ်ချုပ်မှုဒဏ်ကို နှစ်ကာလကြာမြင့်စွာခံခဲ့ရလို့ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်မှာ နယ်ချဲ့ပယောဂစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ သောင်းကျန်းသူမျိုးစုံ ထကြွသောင်းကျန်းခဲ့ကြပါတယ်။ နှစ်ပေါင်း ၄၀ ရှည်ကြာခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြောင့် တိုင်းပြည်ဟာ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့ပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။ ဒါ့ကြောင့် ၁၉၅၀ ပြည့်နှစ်ကာလတစ်ဝိုက်က အရှေ့တောင်အာရှမှာ ဖွံ့ဖြိုးတိုးတက်မှုထိပ်တန်းအဆင့်ရှိနေခဲ့တဲ့ မြန်မာနိုင်ငံဟာ ၁၉၈၈ ခုနှစ်ကာလရောက်ရှိချိန်မှာ ဖွံ့ဖြိုးတိုးတက်မှု အနည်းပါးဆုံးနိုင်ငံအဖြစ်သို့ ကျရောက်ခဲ့ရပါတယ်။

**၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်တာဝန်ယူခဲ့ရတဲ့ တပ်မတော်အစိုးရဟာ အဲဒီအခြေအနေဆိုးမှ ကျော်လွှားလွန်မြောက်နိုင်ဖို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို မဖြစ်မနေတည်ဆောက်ခဲ့ပါတယ်။** လူမျိုးစွဲ၊ ဝါဒစွဲ၊ ပြည်ပအစွဲကင်းတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့နဲ့ အခြားအဖွဲ့ငယ်များဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်။ ယခုအခါမှာ အဖွဲ့အချို့ဟာ လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့ကြပြီးဖြစ်ပါတယ်။ စည်းလုံးညီညွတ်မှုနဲ့ တည်ငြိမ်အေးချမ်းမှုတွေ ပိုမိုရရှိခဲ့ပါတယ်။

**တိုင်းရင်းသားစည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မြဲလာတာနဲ့အမျှ ယနေ့အခါမှာ တစ်တိုင်းပြည်လုံးနီးပါး တည်ငြိမ်အေးချမ်းလျက်ရှိပြီး အဲဒီဒေသအားလုံး ယခင်ကနဲ့မတူ တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်လျက်ရှိနေပြီဖြစ်ပါတယ်။ ပြည်ပစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ဆုပ်ကိုင်ထားမြဲဖြစ်တဲ့ သောင်းကျန်းသူဆိုလို့ KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နဲ့ SSA-S ရှုက်ဆစ်အဖွဲ့တို့လောက်သာ ကျန်ရှိပါတော့တယ်။ အဲဒီအဖွဲ့တွေဟာလဲ ပြည်တွင်းမှာ ရပ်တည်နိုင်ခြင်းမရှိဘဲ မြန်မာ–ထိုင်းနယ်စပ်တစ်လျှောက်မှာ ခိုကပ်နေရပါတယ်။ အဓိကအားဖြင့် တစ်ဖက်နိုင်ငံမှာ ဒုက္ခသည်စခန်းလို့ ၎င်းတို့အမည်ခံထားတဲ့ စခန်းတွေမှာ အခြေပြုနေထိုင်ပြီး ပြည်တွင်းကို ဝင်ရောက်နှောင့်ယှက်နေကြပါတယ်။ တစ်နိုင်ငံလုံးမှာ အဲဒီသောင်းကျန်းသူတွေနဲ့ ဆက်စပ်နေတဲ့ နယ်စပ်ဒေသအနည်းငယ်သာ မတည်ငြိမ် မဖွံ့ဖြိုး မတိုးတက်ဘဲ ကျန်ရှိနေတာဖြစ်ပါတယ်။**

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

နိုင်ငံတော်အစိုးရဟာ တစ်တိုင်းပြည်လုံး တည်ငြိမ်အေးချမ်းပြီး တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ကျန် KNU အဖွဲ့ကိုလဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နည်းတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာနိုင်ဖို့ Gentleman Agreement နဲ့ ငြိမ်းချမ်းရေးတံခါးဖွင့်ထားပေးခဲ့ပါတယ်။ **နိုင်ငံတော်နဲ့ KNU တို့ရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဟာ ကနဦးအကြိမ်များမှာ အောင်မြင်လုနီးပါးအထိ ရောက်ရှိခဲ့ပါတယ်။ သို့သော်လဲ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းသွားရင် မြန်မာ့နိုင်ငံရေးကို ကစားဖို့ ခုတုံးလုပ်စရာ လက်ကိုင်တုတ်မရှိတော့မှာကိုစိုးရိမ်တဲ့ အနောက်ဆရာကြီးများက ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခဲ့လို့ အောင်မြင်ပြီးမြောက်တဲ့အဆင့်သို့ မရောက်ရှိခဲ့ပါဘူး။**

မြန်မာနိုင်ငံမှာ ပြည်တွင်းသောင်းကျန်းမှုပြင်းထန်ခဲ့တဲ့ တစ်ချိန်က ဗကပ သောင်းကျန်းသူတွေဟာ အရှေ့မြောက်ဒေသမှာ အင်အားကြီးမားစွာနဲ့ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ သို့ရာတွင် **အိမ်နီးချင်းကောင်းမိတ်ဆွေတစ်ဖက်နိုင်ငံက အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူနဲ့အညီ ပြတ်ပြတ်သားသားရပ်တည်ခဲ့လို့ တပ်မတော်ရဲ့ချေမှုန်းမှုအောက်မှာ ဗကပတစ်ဖွဲ့လုံး ပြိုကွဲပျက်သုဉ်းခဲ့ပါတယ်။ ဗကပရဲ့ ကြီးစိုးမှုအောက်ကို ကျရောက်ခဲ့ရတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်။** ယခုအခါ အဲဒီဒေသတွေမှာ တည်ငြိမ် အေးချမ်းမှု အပြည့်အဝရရှိနေပြီး တည်ငြိမ်အေးချမ်းလာတာနဲ့အညီ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဟာလဲ တစ်ရှိန်ထိုး ဖြစ်ထွန်းအောင်မြင် တိုးတက်လျက်ရှိနေပြီဖြစ်ပါတယ်။

**အဲဒီလို အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံတွေရဲ့ စံနမူနာအတိုင်း အနောက်ဆရာကြီးများနဲ့ လက်ဝေခံများကသာ မြန်မာ့ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်မှု၊ သပ်လျှိုသွေးခွဲမှု မပြုဘူးဆိုရင်၊ သောင်းကျန်းသူတွေအပေါ် အကူအညီအထောက်အပံ့တွေမပေးဘူးဆိုရင် ယခုမတည်မငြိမ်ဖြစ်နေတယ်ဆိုတဲ့ KNU၊ KNPP နဲ့ SSA-S တို့ခိုကပ်ရာ နယ်စပ်ဒေသတစ်လျှောက်လုံး ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းသွားမှာဖြစ်ပါတယ်။** ဒါပေမယ့် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက်ဆိုပြီး လူသိရှင်ကြားကြွေးကြော်နေတဲ့ အနောက်ဆရာကြီးများနဲ့ လက်ပါးစေတွေကတော့ အကြမ်းဖက်သောင်းကျန်းသူတွေ သက်ဆိုးရှည်အောင်၊ မြန်မာနိုင်ငံ မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူတွေ အေးချမ်းသာယာမှု မရှိအောင် ပုန်းလျှိုးကွယ်လျှိုးနဲ့ နောက်ကျောကို ဓားနဲ့ထိုးနေကြကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံမှာ သောင်းကျန်းသူအဖွဲ့ ကြီးငယ်ပေါင်း ၃၀ နီးပါးရှိတဲ့ အထဲက အခြားအခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပေမယ့် ယနေ့ထက်တိုင် KNU အဖွဲ့နဲ့ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်သေးခြင်းဟာ အနောက်ဆရာကြီးများနဲ့ လက်ပါးစေများက KNU ကို သွေးထိုးမြှောက်ပင့် ပံ့ပိုးကူညီနေမှု၊ ဒုက္ခသည် အမည်ခံထားတဲ့ KNU စခန်းတွေကို ခွင့်ပြုထားရှိနေမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။**

၎င်းတို့ ကျောထောက်နောက်ခံပြုပေးနေတဲ့ KNU ရဲ့ သောင်းကျန်းမှုသမိုင်းတစ်လျှောက်လုံးကို ပြန်ပြောင်းလေ့လာကြည့်ရင် KNU ဟာ နယ်ချဲ့ဗြိတိသျှက မြန်မာနိုင်ငံ မတည်ငြိမ်အောင်၊ ပြိုကွဲပြီး ၎င်းရဲ့သြဇာခံသီးခြားကရင်နိုင်ငံပေါ်လာအောင် ဖန်တီးဖော်ဆောင်ခဲ့လို့ ပေါ်ပေါက်လာခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။ အမြင်ကျဉ်းမြောင်းတဲ့ လူမျိုးရေးအခြေခံခေါင်းဆောင်များက ပုံသွင်းခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။ ဒါကြောင့်လဲ KNU ဟာ ပြည်သူလူထုအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်များကို တစိုက်မတ်မတ် ကျူးလွန်ခဲ့တာပဲဖြစ်ပါတယ်။

**KNU ရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကိုကြည့်ရင် လူစီးရထားအစင်းပေါင်း ဆယ်နဲ့ချီပြီး မိုင်းခွဲ တိုက်ခိုက်ခဲ့ပါတယ်။ မြို့ပေါင်းရွာပေါင်း ရာနဲ့ချီပြီး မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ တိုင်းရင်းသူမိန်းမပျိုပေါင်း ထောင်သောင်းချီပြီး မတရားပြုကျင့်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ အသက်ပေါင်းသောင်းနဲ့ချီပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါတယ်။ ပြည်သူ့ဘဏ္ဍာငွေ သန်းနဲ့ချီပြီး လုယက်ယူငင်ခဲ့ပါတယ်။** အဲဒီလို မီးရှို့၊ လုယက်၊ လူသတ်၊ မုဒိမ်းကျင့်၊ လူကုန်ကူးစတဲ့ အကြမ်းဖက်ရာဇဝတ်မှုတွေကို ယနေ့ထက်တိုင် အတောမသတ်အောင် ကျူးလွန်နေတဲ့ KNU ကို အနောက်ဆရာကြီးတွေက ကရင်

# KNU ယနေ့တိုင် အမြင်မှန်မရသေးဘဲ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်ဝါဒ စွဲကိုင်ကျင့်သုံး အမေကျော်ဒွေးတော်လွမ်းပြီး အမျိုးသားသစ္စာဖောက်တွေရဲ့ လမ်းမှားအတိုင်း လျှောက်လှမ်း ကရင်တိုင်းရင်းသားဦးရေ ၁၀၀ မှာ KNU ဆိုလို့ တစ်ဦးမျှပင်မရှိကြောင်း တွေ့ရှိနိုင်

တိုင်းရင်းသားအားလုံးက ထောက်ခံနေတဲ့အဖွဲ့ဖြစ်သယောင်၊ ကရင်တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုနေတဲ့ အဖွဲ့ဖြစ်သယောင် အမွှမ်းတင် ပြောဆို၊ အသံလွှင့်၊ ဝါဒဖြန့်၊ ကူညီပံ့ပိုးပေးနေပါတယ်။ ဒါဟာ အနောက်ဆရာကြီးတွေနဲ့ လက်ဝေခံတွေက နောက်ကွယ်မှ သူတို့အကျိုးအတွက် ဆောင်ရွက်နေခြင်းသာဖြစ်ပါတယ်။ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ပြီး ဝဝစားနေတဲ့သဘောပါပဲ။

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

ဒီနေရာမှာ အလျဉ်းသင့်လို့ ပြည်ထောင်စုတစ်ဝန်းလုံးမှာ ကရင်တိုင်းရင်းသားတွေရဲ့ အခြေချနေထိုင်မှုကို ဖော်ပြလိုပါတယ်။ ၂၀၀၄ ခုနှစ် ခန့်မှန်းစာရင်းအရ **ကရင်ပြည်နယ်ရှိ လူဦးရေ စုစုပေါင်းဟာ ၁၇ သိန်းခန့်ရှိပြီး ၎င်းအနက် ကရင်တိုင်းရင်းသားလူဦးရေဟာ ၈ ဒသမ ၃ သိန်းကျော် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကရင်ပြည်နယ်မှာ ကရင်တိုင်းရင်းသားကတစ်ဝက်၊ ကျန်တိုင်းရင်းသားများကတစ်ဝက် ပူးပေါင်း ရောနှောနေထိုင်ကြကြောင်း တွေ့ရပါတယ်။ ကရင်ပြည်နယ်မှာနေထိုင်ကြတဲ့ ကျန်တိုင်းရင်းသားများမှာ မွန်၊ ဗမာ၊ ပအိုဝ်း၊ ရှမ်း၊ ကယား၊ ရခိုင်၊ ဂျိမ်းဖော၊ ချင်း၊ လားဟူ၊ ဝ၊ ပလောင်၊ နာဂ၊ ဓနု၊ ရဝမ်၊ လီဆူး စသည်တို့ အပါအဝင် စုစုပေါင်းမျိုးနွယ်စု ၂၀ ကျော်ဖြစ်ပါတယ်။**

ဒါ့အပြင် တစ်နိုင်ငံလုံးနဲ့ကြည့်ရင် **မြန်မာနိုင်ငံရဲ့ လက်ရှိလူဦးရေဟာ ၅၄ သန်းကျော် ဖြစ်ပါတယ်။ အဲဒီလူဦးရေမှာ ကရင်တိုင်းရင်းသားဦးရေ သုံးသန်းခွဲခန့် ပါဝင်ပါတယ်။** ပြည်နယ်နှင့်တိုင်းအလိုက် ကရင်တိုင်းရင်းသားတွေရဲ့ ပျံ့နှံ့နေထိုင်မှုကိုကြည့်ရင် ခန့်မှန်းခြေအားဖြင့် ကချင်ပြည်နယ်မှာ ၃၅၀၀၊ ကယားပြည်နယ်မှာ ၁၆၅၀၀၊ ကရင်ပြည်နယ်မှာ ၈၃၀၀၀၀၊ ချင်းပြည်နယ်မှာ ၈၀၊ စစ်ကိုင်းတိုင်းမှာ ၄၀၀၀၊ တနင်္သာရီတိုင်းမှာ ၉၉၀၀၀၊ ပဲခူးတိုင်းမှာ ၂၅၆၀၀၀၊ မကွေးတိုင်းမှာ ၃၀၀၀၊ မန္တလေးတိုင်းမှာ ၂၃၀၀၀၊ မွန်ပြည်နယ်မှာ ၃၅၀၀၀၀၊ ရခိုင်ပြည်နယ်မှာ ၁၂၀၀၊ ရန်ကုန်တိုင်းမှာ ၃၀၀၀၀၀၊ ရှမ်းပြည်နယ်မှာ ၂၀၀၀၀၊ ဧရာဝတီတိုင်းမှာ ၁၅၀၀၀၀၀ခန့် ရှိပါတယ်။ ဒါ့ကြောင့် ကရင်တိုင်းရင်းသားများဟာ မြန်မာနိုင်ငံအနှံ့၌ ကျန်တိုင်းရင်းသားများနဲ့ ချစ်ခင်ရင်းနှီးစွာ အတူတကွ ရောနှောနေထိုင်ကြတာ တွေ့နိုင်ပါတယ်။ ဧရာဝတီတိုင်းမှာနေထိုင်တဲ့ ကရင်တိုင်းရင်းသားဦးရေဟာ ကရင်ပြည်နယ်မှာ နေထိုင်တဲ့ ကရင်တိုင်းရင်းသားဦးရေထက် များတာကိုလဲ တွေ့နိုင်ပါတယ်။

အဲဒီလို ပြည်ထောင်စုတစ်ဝန်းလုံးမှာ အခြားတိုင်းရင်းသားတွေနဲ့ တစ်သွေးတည်းတစ်သားတည်း ဆက်စပ်နေထိုင်လျက်ရှိတဲ့ ကရင်တိုင်းရင်းသား သုံးသန်းခွဲခန့်အပါအဝင် ၅၄သန်းကျော်သော တိုင်းရင်းသားပြည်သူတွေဟာ ပြည်နယ်နှင့်တိုင်းအလိုက် နိုင်ငံတော်ကဖော်ဆောင်ပေးထားတဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေကို တန်းတူညီမျှ အတူတကွ ရရှိနေကြပါတယ်။ မည်သည့် တိုင်းရင်းသားဖြစ်ဖြစ် မြန်မာနိုင်ငံမှာ မရရှိတဲ့ အခွင့်အရေး လုံးဝမရှိဘူးလို့ ပြောကြားလိုပါတယ်။

**ယနေ့တိုင် အမြင်မှန်မရသေးဘဲ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်ဝါဒကို စွဲကိုင်ကျင့်သုံးနေတဲ့ KNU ကတော့ ၃၅၀၀ ခန့်ပဲ ကျန်ရှိပါတော့တယ်။ အမေကျော်ဒွေးတော်လွမ်းပြီး အမျိုးသားသစ္စာဖောက်တွေရဲ့ လမ်းမှားအတိုင်း လျှောက်လှမ်းနေတဲ့ လက်တစ်ဆုပ်စာ KNU ၃၅၀၀ ခန့်ကို တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကရင်တိုင်းရင်းသား သုံးသန်းခွဲခန့်နဲ့ အချိုးချကြည့်မယ်ဆိုရင် ၀ ဒသမ ၁ ရာခိုင်နှုန်းမျှသာ ရှိပါတယ်။ အလားတူ ကရင်ပြည်နယ်မှာ မှီတင်းနေထိုင်တဲ့ ကရင်တိုင်းရင်းသားတွေနဲ့ အချိုးချကြည့်ရင်လဲ ၀ ဒသမ ၄၂ ရာခိုင်နှုန်းသာရှိပါတယ်။ ကရင်တိုင်းရင်းသားဦးရေ ၁၀၀ မှာ KNU ဆိုလို့ တစ်ဦးမျှပင် မရှိကြောင်း တွေ့ရှိနိုင်ပါတယ်။**

ဒါကြောင့်မို့ **လက်ကျန် KNU အရေအတွက်ဟာ လက်တစ်ဆုပ်စာမျှသာဖြစ်ပြီး ကရင်တိုင်းရင်းသားများကို ကိုယ်စားပြုခြင်းမရှိသလို ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သော ကရင်တိုင်းရင်းသားများကိုလဲ ကိုယ်စားပြုခြင်း မရှိကြောင်း သိရှိနိုင်ပါတယ်။** အခြားပြည်နယ်နှင့်တိုင်းအသီးသီးမှာ မှီတင်းနေထိုင်ကြတဲ့ ကရင်တိုင်းရင်းသားများကတော့ KNU ကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့ပင် မမှတ်ယူကြတော့ပါဘူး။ **KNU ကသပ်သပ်၊ ကရင်တိုင်းရင်းသားများကသပ်သပ် ရပ်တည်မှုတခြားစီ ဖြစ်ပါတယ်။**

**ဒါကြောင့်မို့ KNU ကို အနောက်ဆရာကြီးများနဲ့ လက်ပါးစေတွေက ထောက်ပံ့သမှု၊ ကာကွယ်သမှုပြုနေတာဟာ ကရင်တိုင်းရင်းသားများရဲ့အကျိုး၊ မြန်မာနိုင်ငံရဲ့အကျိုးကို လိုလားလို့ ပြုလုပ်နေတာမဟုတ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။ အာရှဒေသမဟာဗျူဟာအရ ၎င်းတို့ရဲ့ အကျိုးစီးပွားသက်သက်၊ နိုင်ငံရေးကစားဖို့အတွက်သာ အသုံးချနေတာဖြစ်ကြောင်း သိသာထင်ရှားနေပါတယ်။**

KNU ဟာ ရှေးယခင်ကာလကတည်းကပင် ကရင်တိုင်းရင်းသားများကို ကိုယ်စားမပြုခဲ့ပါဘူး။ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ် မြို့ရွာလုံးကျွတ် မီးရှို့၊ သတ်ဖြတ်၊ လုယက်၊ မုဒိမ်းကျင့်၊ မိုင်းခွဲဖျက်ဆီးမှု အမြောက်အမြားကျူးလွန်စော်ကားခဲ့ပါတယ်။ ပြည်သူလူထုကြီးက အဲ့ဒီအကြမ်းဖက်လုပ်ရပ်တွေကြောင့် KNU ကို အော့နှလုံးနာနေပုံသမိုင်းကြောင်းကို သာဓကဆောင်ပြီး ကောက်နုတ်ဖော်ပြလိုပါတယ်။

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

- သတင်းစာမှတ်တမ်းများအရ ၁၉၄၈–၄၉ တစ်နှစ်တာကာလအတွင်းမှာ KNU ဟာ အကြမ်းဖက် သတ်ဖြတ်မှုပေါင်း အကြိမ် ၁၁၀ ကျူးလွန်ခဲ့ပြီး ဓားပြတိုက်လုယက်မှု ၃၅ ကြိမ်၊ ငွေတိုက်ဖောက်ထွင်းလုယက်မှု ၁၃ ကြိမ် ပြုလုပ်ခဲ့ပါတယ်။
- ၂၂–၁–၄၉ ရက်နေ့မှာ KNU တို့က မအူပင်မြို့နယ် မလက်တိုရွာကို ရွာလုံးကျွတ်မီးရှို့ပြီး ရွာသားအားလုံးကို သတ်ဖြတ်ပစ်ခဲ့ပါတယ်။
- ၂–၂–၄၉ ရက်နေ့မှာ KNU တို့က အင်းစိန်တစ်မြို့လုံးကို မီးတင်ရှို့ခဲ့ကြပါတယ်။ ပဲနွယ်ကုန်း၊ နတ်တလင်း စတဲ့မြို့တွေလဲ KNU ရဲ့ မြို့လုံးကျွတ်မီးရှို့မှုကို ခံခဲ့ရပါတယ်။
- ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှာ KNU သောင်းကျန်းသူတွေဟာ စစ်တောင်း–မုတ္တမရထားကို စီးနင်းတိုက်ခိုက်ပြီး တက္ကသိုလ်ကျောင်းပိတ်လို့ နေရပ်ကိုပြန်ကြတဲ့ တက္ကသိုလ်ကျောင်းသူ ၄၀ ကျော်နဲ့ အရပ်သူမိန်းမပျို ၁၅ ဦးကို အဓမ္မဖမ်းဆီးသွားခဲ့ပါတယ်။ အဲဒီ မိန်းကလေးများနဲ့ မွန်ကျေးရွာအချို့မှ ဖမ်းဆီးလာတဲ့ မိန်းမပျိုလေးများကို KMT တရုတ်ဖြူ ဗိုလ်ချုပ်လောလီထံပေးအပ်ပြီး လက်နက်ခဲယမ်းများနဲ့ လဲလှယ်ခဲ့ပါတယ်။
- ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့က မော်လမြိုင်–ရန်ကုန် လူစီးရထားကို နှင်းပုလဲဘူတာအလွန် မိုင် ၃၀ ခန့်မှာ KNU က မိုင်းခွဲတိုက်ခိုက်ခဲ့လို့ ခရီးသည် ၃၅ ဦး သေဆုံးခဲ့ပါတယ်။ ရွှေငွေပစ္စည်းတွေကို လုယက်ယူငင်ပြီး မိန်းမပျို ၄၀ ခန့်ကို ဖမ်းဆီးခေါ်ဆောင်ကာ အစုလိုက်အပြုံလိုက် အဓမ္မပြုကျင့်ခဲ့ပါတယ်။ အဲဒီနောက် မိန်းကလေးတွေကို နယ်စပ်မှာ ရောင်းစားခဲ့ကြပါတယ်။
- ၂၉–၅–၆၇ ရက်နေ့မှာ KNU တွေဟာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှ အိမ်ခြေ ၈၀၀ ကျော်ရှိတဲ့ ရွှေပြည်သာရွာကြီးကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ သာပေါင်းမြို့နယ်ရှိ ကြက်သွန်ခင်းနဲ့ ကြို့ကုန်းကျေးရွာတွေလဲ KNU လက်ချက်ကြောင့် မီးလောင်ပြာကျ ဖြစ်ခဲ့ရပါတယ်။
- ၂၄–၇–၈၅ ရက်နေ့မှာ KNU တို့က ကျွဲပွဲနှင့် ညောင်ခြေထောက်အကြား မိုင်တိုင် ၁၂၇ အနီးမှာ ရန်ကုန်–မန္တလေးအဆန်ရထားကို မိုင်းခွဲတိုက်ခိုက်ခဲ့လို့ ရဟန်းရှင်လူ ပြည်သူ ၇၆ ဦး သေဆုံးပြီး ၁၂၂ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

အဲဒီလို ပြည်သူလူထုအပေါ်မှာ ငြိုးသူရန်ဘက်ပမာ ရက်ရက်စက်စက်ပြုကျင့်ခဲ့တဲ့ KNU တွေကို ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံ့မုန်း အော့နှလုံးနာခဲ့ကြပါတယ်။ ပြည်သူတွေကိုယ်တိုင် KNU သောင်းကျန်းသူတွေကို တွန်းလှန်အံတုကြ ဆန့်ကျင်ခဲ့ကြပါတယ်။ ထင်ရှားတဲ့သာဓကတစ်ခုကို ပြရမယ်ဆိုရင် ၁၄–၂–၆၈ ရက်နေ့မှာ KNU ဗိုလ်အောင်သန်းနဲ့ အင်အား ၅၀ ခန့်ဟာ ဧရာဝတီတိုင်း မြောင်းမြခရိုင်အတွင်းရှိ လမ်းသမိုင်ရွာကို ဝင်ရောက်လာတဲ့အခါ အဲဒီရွာမှာ တပ်မတော်တပ်စခန်းမရှိပေမယ့် ရွာသူရွာသားတွေက KNU တွေကိုလက်မခံဘဲ ရရာဓားလှံဝါးချွန် စတာတွေကိုကိုင်စွဲပြီး နာကြည်းခံပြင်းစွာ တိုက်ခိုက်မောင်းထုတ်ခဲ့ကြလို့ KNU တွေ ထွက်ပြေးခဲ့ကြရပါတယ်။

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ ကရင်တိုင်းရင်းသားများ အပါအဝင် ဒေသခံပြည်သူတွေဟာ KNU တို့ကို လုံးဝသည်းမခံတော့ဘဲ ၁၉၆၉၊ ၁၉၇၀၊ ၁၉၇၁ သုံးနှစ်အတွင်းမှာ တပ်မတော်နဲ့ ပူးပေါင်းလက်တွဲပြီး ရွှေလင်းယုန်၊ မိုးဟိန်း၊ သိလ္လာ စတဲ့ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့ကြပါတယ်။ ပြည်သူတွေကိုယ်တိုင်ပါဝင်တဲ့ ပြည်သူ့စစ်မဟာဗျူဟာကြောင့် KNU တွေဟာ ဧရာဝတီတိုင်းမှာ မနေနိုင်တော့ဘဲ အစွန်အဖျား နယ်စပ်ဒေသအချို့မှာ ပြည်ပအားကိုးပြီး ခိုကပ်နေရတဲ့အထိ ရောက်ရှိသွားခဲ့ရပါတယ်။

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

ယနေ့ကာလ အနောက်ဆရာကြီးများ၊ လက်ပါးစေများ၊ လက်ဝေခံသတင်းဌာနများနဲ့ ပြည်ပြေးတွေက တပ်မတော်အပေါ်မှာ အခြေအမြစ်မရှိဘဲ လုပ်ကြံစွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်မှု (Ethnic Cleansing)နဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဆိုတာတွေဟာ တကယ်တော့ KNU က လက်စွဲပြုကျင့်သုံးခဲ့တဲ့၊ အခုလဲ ကျင့်သုံးနေတဲ့ နည်းဗျူဟာသာဖြစ်ပါတယ်။ KNU တွေရဲ့ Ethnic Cleansing လူမျိုးတုံးသတ်ဖြတ်မှုနဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေထဲက သာဓကအချို့ကို ဖော်ပြရမယ်ဆိုရင်–

- ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအတွင်း KNU တွေ ပြင်ဦးလွင် (ယခင်မေမြို့)ကို သိမ်းပိုက်ထားစဉ်မှာ မြို့နေပြည်သူ ၁၉၄၆ ဦးကို အကြောင်းမဲ့ သတ်ဖြတ်ပစ်ခဲ့ကြပါတယ်။
- ဖြူးမြို့ကို သိမ်းပိုက်ထားတဲ့ KNU တွေဟာ ၁၉၄၉ ခုနှစ် မတ်လ ၃ ရက်နေ့ညမှာ ဖြူးမြို့လယ်ရှိ ဈေးနဲ့တကွ နေအိမ်များကို မီးတင်ရှို့ပြီး ကလေးလူကြီး ကျားမ မရွေး ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ တပ်မတော်က ဖြူးမြို့ကို ပြန်လည်သိမ်းပိုက်ချိန်မှာ KNU ရဲ့ လက်ချက်ကြောင့် အိမ်ခြေ ၄၀၀ ခန့် မီးလောင်ပြာကျနေပြီး ဓားဒဏ်ရာနဲ့ သေဆုံးနေတဲ့ အလောင်း ၃၅၁ လောင်းကို တွေ့ရှိခဲ့ရပါတယ်။
- ဒါ့အပြင် KNU တွေက ဖြူးမြို့သူမြို့သား ၂၀၀၀ ကျော်ခန့်ကို ဇေယျဝတီမြို့ဘက်သို့ လှည့်ဖြားခေါ်ဆောင်သွားပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးကို ရက်ရက်စက်စက် ကျူးလွန်ခဲ့ပါတယ်။ အမျိုးသားများကို ဓားနဲ့ခုတ်သတ်ပြီး အမျိုးသမီးများကို မတရားပြုကျင့်ပြီးမှသတ်ကာ ကလေးငယ်များပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပါတယ်။
- KNU တွေဟာ ဖြူးမြို့နဲ့ တောင်ငူမြို့မှ ဆုတ်ခွာရတဲ့အခါ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ထန်းတပင် မြို့မှာလဲ လူပေါင်းရာနဲ့ချီပြီး သတ်ဖြတ်သွားခဲ့ပါသေးတယ်။

အလားတူပဲ မျက်မှောက်ကာလမှာ အနောက်ဆရာကြီးတွေနဲ့ အလိုတော်ရိအဖွဲ့တွေက တပ်မတော်အပေါ်မှာ မဟုတ်မဟတ်လုပ်ဇာတ်ဆင်ပြီး စွပ်စွဲပုတ်ခတ်နေတဲ့ Licensed to Rape ဆိုတာကို သောင်းကျန်းမှုကာလတစ်လျှောက်လုံး မြိန်ရေရှက်ရေ ကျင့်သုံးနေသူတွေကတော့ KNU ပဲဖြစ်ပါတယ်။ KNU အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ Licensed to Rape လုပ်ရပ်အများအပြားထဲက အဆုံးစွန်သောလုပ်ရပ်အချို့ကို ဖော်ပြရမယ်ဆိုရင်–

- KNU သောင်းကျန်းသူ ခေါင်းဆောင်အချို့ဟာ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းကျင့်ရာမှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့ပါတယ်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်က ကရင်သောင်းကျန်းသူ ဗိုလ်ရာကျော်နဲ့ အဖွဲ့ဟာ စစ်တောင်းမှထွက်ခွာလာတဲ့ လူစီးရထားကို နောင်ကုလားရွာအနီးမှာ မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်တွေထံမှ ပါသမျှပစ္စည်းအားလုံးကို လုယက်ယူငင်ကြပါတယ်။ ယောကျ်ားမိန်းမ ၅၀ ခန့်ကို ပြန်ပေးဆွဲပြီး ငွေဖြင့်လိုက်ရွေးသော ယောကျ်ားများကို ပြန်လွှတ်ပေးပါတယ်။ ငွေဖြင့်လိုက်ရွေးသော အမျိုးသမီးများကိုလဲ ဗိုလ်ရာကျော်နဲ့ နောက်လိုက်များက မုဒိမ်းကျင့်ပြီးမှ ပြန်လွှတ်ပေးခဲ့ကြပါတယ်။ ငွေပေးပြီးမရွေးနိုင်သော ယောကျ်ားအားလုံးကို သတ်ပစ်ခဲ့ပါတယ်။ ငွေပေးပြီးမရွေးနိုင်သော အမျိုးသမီးများကို အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်ပြီး သတ်ပစ်ခဲ့ကြပါတယ်။
- KNU သောင်းကျန်းသူ လင်းထင်၊ ဆလန်၊ ဖားလူကျော် စသူတို့ဟာ အဓမ္မပြုကျင့်ခြင်းကိစ္စကို ထမင်းစားရေသောက် ကျူးလွန်သူများဖြစ်ပါတယ်။ အဲ့ဒီလိုအဓမ္မကျူးလွန်ရုံသာမက လင်းထင်က တရားဝင်မိန်းမ ၄၅ ယောက်ယူခဲ့ပြီး ဆလန်က မိန်းမ ၁၂၀ ကျော် ယူခဲ့ပါတယ်။ ဖားလူကျော်ကလည်း မိန်းမ ၁၅၀ ကျော် ယူခဲ့ပါတယ်။ ကရင်သောင်းကျန်းသူတွေ အဓမ္မပြုကျင့်စော်ကားခဲ့လို့ ဗမာ၊ ကရင်၊ မွန်တိုင်းရင်းသူ ထောင်ပေါင်းများစွာ ဘဝပျက်ခဲ့ရပါတယ်။
- မြစ်ဝကျွန်းပေါ်ဒေသ KNU ပြောက်ကျားတပ်ရင်း(၃)မှ ဗိုလ်သန်းရှိန်ဟာ အမျိုးသမီးများကိုဖျက်ဆီးရာမှာ နာမည်ကျော်ကြားခဲ့သူတစ်ဦး ဖြစ်ပါတယ်။ သူ့မယားလိုချင်ရင် သူ့လင်လုံ့နဲ့ထိုးဆိုတဲ့ လူစားမျိုးဖြစ်ပါတယ်။ သူတစ်ပါးမယားကိုယူတိုင်း သူ့လင်ဖြစ်သူကို သတ်ပစ်ခဲ့သူဖြစ်ပါတယ်။ သန်းရှိန်ဟာ တစ်ရက်နှစ်ရက်အတွင်း လူပေါင်း ၅၀ ကျော် သတ်ဖြတ်နိုင်သူလို့ပင် နာမည်ကြီးခဲ့ပါတယ်။
- Licensed to Rape လုပ်ရာမှာ လက်သံပြောင်လှတဲ့ KNU တွေဟာ ရဲဘော်ရဲဘက်အချင်းချင်းလဲ မရှောင်ခဲ့ပါဘူး။ KNU တပ်မဟာ(၅)တပ်မဟာမှူး ဗိုလ်စိုးဟာ တပည့်ဖြစ်သူ ကြည်လင်ရဲ့ဇနီးကို မုဒိမ်းကျင့်ခဲ့ပါတယ်။ ဒါကြောင့်မို့ ကြည်လင်ကိုယ်တိုင် ဗိုလ်စိုးကိုပစ်သတ်ပြီး လက်နက်ချအလင်းဝင်ခဲ့ပါတယ်။
- KNU တွေဟာ Licensed to Rape လုပ်ရာမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးကိုပင်မရှောင်ခဲ့ပါဘူး။ KNU ပြောက်ကျားတပ်ရင်း(၇)မှ ဒုတပ်ရင်းမှူးဖလော့နဲ့ စံထွန်းမောင်တို့ဟာ ကျိုက်လတ်မြို့နယ် အလမ်းချောင်းရွာမှ ကိုယ်ဝန်ရှစ်လရှိသူ အမျိုးသမီးတစ်ဦးကို ဝိုင်းပြီး မုဒိမ်းကျင့်ခဲ့ပါတယ်။ ဖလော့ဟာ ဘုံတောင်စုချောင်းရွာမှ ဦးဟန်စိန်ရဲ့ သမီးနှစ်ယောက်နဲ့ တူမတစ်ယောက်ကို မုဒိမ်းကျင့်ပြီး ဦးဟန်စိန်ကို ပစ်သတ်ခဲ့ပါတယ်။

အဲဒီလို ကာမဘီလူးတွေပမာ Licensed to Rape လုပ်ရုံမက KNU တွေဟာ လူသားစားခဲ့တဲ့အထိ အကြမ်းဖက်မှုအပေါင်း သရဖူဆောင်းခဲ့ပါတယ်။ ရက်စက်ရိုင်းစိုင်းစွာ ပြုကျင့်ခဲ့တဲ့ KNU တို့ရဲ့ လူသတ်၊ လူသားစားသော လုပ်ရပ်များထဲမှ သာဓကအချို့ကို ဖော်ပြရရင်–

- ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှာ KNU သောင်းကျန်းသူ ကွက်ကော့ရဲ့တပည့် မြွေပါနဲ့အဖွဲ့ဟာ ဝါးခယ်မမြို့နယ် ကျုံလတာရွာမှ ကိုလှတင်ဆိုသူကို သတ်ဖြတ်ပြီး အလောင်းမှဦးနှောက်နဲ့ အသည်းကလီစာများကို ကြော်လှော်ချက်ပြုတ်ကာ စားသောက်ခဲ့ကြပါတယ်။ ကိုရင်နုဆိုသူကိုလဲ ပစ်သတ်ပြီး ကိုရင်နုရဲ့ အသည်းနှလုံးကို အရက်နဲ့ မြည်းခဲ့ကြပါတယ်။
- KNU စောဆေးနှင့် ဗိုလ်မောင်နီတို့သည် ကိုစိုးတင့်ဆိုသူကို အရှင်လတ်လတ်ရင်ခွဲပြီး အသည်းကို ထုတ်ယူကြော်လှော်ကာ အရက်နဲ့ မြည်းခဲ့ကြပါတယ်။ အဆိုပါ ရက်စက်ကြမ်းကြုတ်မှုကို မြင်တွေ့ခဲ့ ရသူများအနက်မှ ကိုလှရွှေဆိုသူဟာ စိတ်နောက်ပြီး ရူးသွပ်သွားခဲ့ပါတယ်။

အဲဒီလို လူမဆန်သော အကြမ်းဖက်လုပ်ရပ်များနဲ့ ယဉ်ပါးနေတဲ့ KNU တွေဟာ ကမ္ဘာပေါ်မှာ ပထမဦးဆုံးသော လေယာဉ်အပိုင်စီးနင်းမှုကို အကြမ်း ဖက်ဝါဒရဲ့ လမ်းပြရှေ့ဆောင်အဖြစ် လုပ်ဆောင်ခဲ့ကြပြန်ပါတယ်။ အဲဒီဖြစ်ရပ်ကို ပြန်လည်ဖော်ပြရမယ်ဆိုရင်–

- ၁၉၅၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှာ ရန်ကုန်မှ ကျောက်ဖြူ–စစ်တွေ ခရီးစဉ်အတိုင်း ပျံသန်းသော မြန်မာ့လေကြောင်းပိုင် ခရီးသည်တင် ဒါကိုတာလေယာဉ်ကို KNU တို့က အပိုင်စီးပြီး ဂွမြို့တောင်ဘက် မန်ကျည်းစင်ရွာအနီး ပင်လယ်ကမ်းခြေမှာ ဆင်းသက်စေခဲ့ကာ လေယာဉ်ပေါ်ပါ နိုင်ငံပိုင်ငွေကျပ် ၇၂၄၀၀၀ ကို လုယူသွားခဲ့ကြပါတယ်။

အဲဒီလို ကြောက်ခမန်းလိလိ ရက်စက်မှုအတိနဲ့ တိုင်းရင်းသားပြည်သူတွေကို ငရဲခန်းအတွင်း သွတ်သွင်းနေတဲ့ KNU တွေဟာ ယနေ့တိုင် သင်ခန်းစာမယူ၊ သံဝေဂမရဘဲ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို လက်ရဲဇက်ရဲ ကျူးလွန်နေမြဲဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း KNU တွေကျူးလွန်ခဲ့တဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေအထဲမှ သာဓကအချို့ကို ဖော်ပြရမယ်ဆိုရင်–

- ၁၀–၁–၈၈ ရက်နေ့မှာ KNU တွေက မန္တလေး–ရန်ကုန် အစုန် အမြန်ရထားကို ရန်ကုန်ဘူတာကြီးအဝင်မှာ ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲခဲ့လို့ ပုဇွန်တောင်ဘူတာအလွန်မှာ ပေါက်ကွဲခဲ့ပြီး ခရီးသည် ရှစ်ယောက်သေကာ ၄၀ ဒဏ်ရာရရှိခဲ့ပါတယ်။
- ၁၉၈၈ ခုနှစ် မတ်လမှာ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ကို KNU တွေ ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ဖျက်ဆီးပြီး အများပြည်သူတို့ လှူဒါန်းထားတဲ့ ငွေတွေကို လုယက်ယူငင်သွားခဲ့ပါတယ်။ အဲဒီ လုပ်ရပ်ကြောင့် ဘုရားဖူးရဟန်းရှင်လူပြည်သူများ မရှုမလှ သေကျေဒဏ်ရာရရှိခဲ့ကြပါတယ်။
- ၁၀–၅–၈၉ ရက်နေ့မှာ အလံတစ်ရာဆရာတော်ကြီးရဲ့ ပုံတူရုပ်တုကိုသယ်ဆောင်ဖို့ သထုံ–ဘားအံ–လှိုင်းဘွဲ့ ခရီးစဉ်အတိုင်း သံဃာတော်များ၊ ယောဂီများ၊ ပိတ်ဖြူစင်ကြယ်ဝတ် ဥပါသကာများလိုက်ပါလာတဲ့ သာသနာပြုယာဉ်တန်းကို KNU တို့က ကြာအင်းကျေးရွာ အနီးမှာ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။
- ၁၉၉၀ ပြည့်နှစ် မတ်လမှာလဲ ဆံတော်ရာဘုရားပွဲလာ ပရိသတ်ထဲကို KNU တွေ ဝင်ရောက်ပစ်ခတ်သတ်ဖြတ်ပြီး အလှူငွေနဲ့ပစ္စည်းတွေကို လုယက်ယူငင်သွားခဲ့ပါတယ်။
- ၃–၂–၉၁ ရက်နေ့မှာ ထားဝယ်မှ သရက်ချောင်းသို့ ကြွချီလာတဲ့ နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးပြုတဲ့ သာသနာပြုယာဉ်တန်းကို KNU သောင်းကျန်းသူတွေက စောင့်ကြိုပြီး မိုင်းခွဲတိုက်ခိုက် လုပ်ကြံခဲ့လို့ ငါးဦးဒဏ်ရာရပြီး မော်တော်ယာဉ်တစ်စီးပျက်စီးသွားခဲ့ပါတယ်။
- KNU တွေဟာ ရန်ကုန်တစ်မြို့လုံးကို မီးလောင်တိုက်သွင်းပစ်ရန်အတွက် KNU အမာခံများအား အိမ်ခန်းများငှား၍ နေထိုင်စေပြီး လောင်စာဆီများသိုလှောင်ကာ တစ်ချိန်တည်း တစ်ပြိုင်တည်း ဖောက်ခွဲဖျက်ဆီးရန်အထိ အကြံပက်စက်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး အဲဒီလုပ်နည်းလုပ်ဟန်တွေအတိုင်း KNU ဒု–ဥက္ကဋ္ဌ တာမလာဘောရဲ့သားအားစီးဦးစီးတဲ့ KNU တပ်မဟာ(၂)နဲ့ တပ်ဖွဲ့အချို့ဟာ တောင်ငူနဲ့ညောင်လေးပင် အတွင်းပိုင်းအထိ ဖောက်ခွဲဖျက်ဆီးရေးသမားတွေစေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရန်ကုန်–မန္တလေးရထားလမ်းမှာ ရထားစီးခရီးသွားပြည်သူတွေ အစုလိုက်အပြုံလိုက် သေကြေပျက်စီးအောင် ဖျက်အားပြင်းတဲ့မိုင်းတွေ ထောင်ခဲ့ပါတယ်။ ကားလမ်းနံဘေးနဲ့ အရှေ့ရိုးမတောင်ခြေဒေသ ကျေးရွာပတ်ဝန်းကျင်တွေမှာ မိုင်းထောင် ဖောက်ခွဲမှုတွေ ပြုလုပ်ခဲ့ပါတယ်။

***စာမျက်နှာ ၁၀ ကော်လံ ၁***

*စာမျက်နှာ ၉ မှ*

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

၁၉၈၈ခုနှစ်မတိုင်မီ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးအခြေအနေကိုကြည့်ရင် သောင်းကျန်းသူမျိုးစုံဟာ အင်အားအများအပြားနဲ့ ဆူပူသောင်းကျန်းခဲ့ကြပါတယ်။ နယ်စပ်ဒေသတစ်လျှောက်မှာ သောင်းကျန်းသူတွေဟာ အခိုင်အမာစခန်းကြီးများနဲ့ ခြေကုပ်ယူထားကြပါတယ်။ အဲဒီဒေသတွေမှာ စစ်ဆင်ရေးကြီးတွေ၊ တိုက်ပွဲကြီးတွေ အဆက်မပြတ်ဖြစ်ပွားခဲ့ပါတယ်။ နယ်မြေလုံခြုံမှုနဲ့ တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေတဲ့ အဆိုပါဒေသတစ်ဝိုက်မှာ ဘိန်းစိုက်ပျိုးမှုတွေ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုတွေ ပြန့်ပွားနေခဲ့ပါတယ်။ လက်နက်ခဲယမ်းတွေကိုလဲ တံခါးမရှိ ဓားမရှိ ရောင်းဝယ်ဖောက်ကားခဲ့ကြပါတယ်။

အဲဒီလို အဆုံးစွန်ဆိုးရွားတဲ့ အခြေအနေတွေနဲ့ ရှုပ်ထွေးနေတဲ့ အချိန်ကာလမှာ မြန်မာနိုင်ငံရဲ့အရေးဟာ ဒေသရဲ့တည်ငြိမ်လုံခြုံမှုကို ခြိမ်းခြောက်နေတယ်လို့ ဘယ်ဉာဏ်ကြီးရှင်၊ ဘယ်ဆရာကြီးတွေကမှ ဝေဖန်သုံးသပ်မှု မပြုခဲ့ပါဘူး။ တချို့ဆိုရင် ရှုပ်ထွေးယိမ်းယိုင်နေတဲ့ အဲဒီအခြေအနေတွေပေါ်ကနေ အမြတ်ထုတ် ကြားပွဲစားလုပ်ပြီး ကုပ်သွေးတောင်စုပ်ခဲ့ကြပါတယ်။

**ယနေ့မျက်မှောက်ကာလဟာ ကြီးမားတဲ့ တိုက်ပွဲကြီးတွေမရှိ၊ သောင်းကျန်းသူအခိုင်အမာ စခန်းတွေမရှိ၊ လက်နက်မှောင်ခိုရောင်းဝယ်မှုတွေမရှိတော့ဘဲ တရားဥပဒေစိုးမိုးပြီး ဘိန်းစိုက်ပျိုးမှုတွေ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ များစွာလျော့ကျလာတဲ့ကာလ ဖြစ်ပါတယ်။ အဲဒီလို ဖြစ်လာတာနဲ့အညီ တည်ငြိမ်အေးချမ်းမှုတွေ၊ တရားဥပဒေစိုးမိုးမှုတွေ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ၁၉၈၈ခုနှစ်မတိုင်မီကထက် ကိုးဆယ်ဆမက ပိုမိုရရှိနေပြီ ဖြစ်ပါတယ်။ ဒီလိုအချိန်ကျမှ အနောက်ဆရာကြီးတွေနဲ့ လက်ဝေခံလက်ပါးစေတွေက လူတွင်ကျယ်၊ လူတတ်ကြီးတွေလုပ်ပြီး မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေဟာ ဒေသလုံခြုံရေးနဲ့တည်ငြိမ်ရေးကို ခြိမ်းခြောက်လာတယ်ဆိုပြီးပြောဆိုဖန်တီးလာတာဟာ သဘာဝကျမကျ အလွယ်တကူသိနိုင်ပါတယ်။ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်တယ်ဆိုတာကိုလဲ တွေ့နိုင်ပါတယ်။**

**မြန်မာနိုင်ငံရဲ့ ပကတိဖြစ်ရပ်မှန်များကို လေ့လာသိရှိနေကြတဲ့ အဝေးအနီးမှ မိတ်ဆွေကောင်း နိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေအားလုံးက မြန်မာနိုင်ငံဟာ တည်ငြိမ်နေတယ်၊ ဒေသလုံခြုံရေးနဲ့တည်ငြိမ်ရေးကို ခြိမ်းခြောက်မှုမရှိဘူးလို့ လက်ခံထားကြပါတယ်။ မြန်မာနိုင်ငံနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွေ၊ ဒေသကို အကျိုးပြုနိုင်အောင် လက်တွဲပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေကြပါတယ်။**

မဆီမဆိုင် လက်ပံသား ဓားနှင့်ချိုင်သလိုလုပ်နေတဲ့ ဟိုးအဝေးကြီးမှ အနောက်ဆရာကြီးတွေကသာ ပကတိဖြစ်ရပ်မှန်များကို လုံးဝမျက်ကွယ်ပြုပြီး စွပ်စွဲပုတ်ခတ်မြဲ စွပ်စွဲနေတာမို့ ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်တာလဲဆိုတာ သိသာထင်ရှားနေပါတယ်။ **ဒါတွေအားလုံးရဲ့ ရည်မှန်းချက်ကတော့ မြန်မာနိုင်ငံမှာ အခြေအနေတွေ အလွန်ဆိုးရွားနေလို့ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတကာလုံခြုံရေးကို ထိခိုက်လာနေပြီ ဆိုတဲ့အမြင်တွေ ဖြစ်ပေါ်လာစေပြီး မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိတင်မယ်၊ ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံမှာ အစိုးရအပြောင်းအလဲ (Regime Change) ဖြစ်လာအောင် ဆောင်ရွက်မယ်၊ အဲ့ဒီနောက် ၎င်းတို့ကြိုးဆွဲရာကမယ့် ရုပ်သေးအစိုးရတင်ဖို့ လုပ်ဆောင်နေခြင်းသာ ဖြစ်ပါတယ်။**

အဲဒီလို **မြန်မာနိုင်ငံအပေါ်မှာ တစ်ဖက်သတ်ဝိုင်းပြီး ဖိအားပေးနေကြတဲ့၊ သံယောင်လိုက်နေကြတဲ့ လက်ပါးစေလက်ဝေခံနိုင်ငံတွေ၊ အဖွဲ့အစည်းတွေ၊ မီဒီယာတွေဟာ ၎င်းတို့ရဲ့အနောက်ဆရာကြီးရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ စံနှစ်မျိုးထားရှိပြီး ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို မလိုတစ်မျိုးလိုတစ်မျိုး အသုံးချနေတာတွေ၊ အင်အားသုံးပြီး တစ်ပါးနိုင်ငံအပေါ် ကျူးကျော်တိုက်ခိုက်နေတာတွေကိုကျတော့ ကမ္ဘာ့လုံခြုံရေးကို ထိခိုက်စေတယ်လို့ ဆန့်ကျင်ကန့်ကွက်ဖို့ ဝေလာဝေး၊ ထောက်ပြဝေဖန်ဖို့တောင် တွန့်ဆုတ်နေကြတာကို တွေ့ရှိနိုင်ပါတယ်။**

အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားတဲ့ အဲဒီအနောက်ဆရာကြီးရဲ့ တပ်ဖွဲ့ဝင်တွေက အီရတ်အကျဉ်းသားတွေကို နှိပ်စက်ညှဉ်းပန်းနေတာ၊ စစ်သုံ့ပန်းတွေကို လူမဆန်စွာပြုမူ ဆက်ဆံနေတာ၊ **အီရတ်ပြည်သူတွေကို ရန်သူတပ်ဖွဲ့ဝင်တွေလို့စွပ်စွဲပြီး ဖုံးကြဲတိုက်ခိုက်သတ်ဖြတ်နေလို့ အိုးပစ်အိမ်ပစ်နဲ့ ဒုက္ခသည်များပမာ ထွက်ပြေးတိမ်းရှောင်နေရတာတွေ စတဲ့ ကြီးနိုင်ငယ်ညှဉ်း ဗိုလ်ကျစိုးမိုးရေးလုပ်ရပ်တွေက ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေတာလား၊ မိမိနိုင်ငံသူ နိုင်ငံသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဥပဒေနဲ့အညီ စည်းကမ်းစနစ်တကျ လုံခြုံရေး၊ နယ်မြေစိုးမိုးရေး ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံရဲ့ လုပ်ရပ်တွေက ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတာလား နှိုင်းယှဉ်သုံးသပ်ကြည့်ရင် ဘယ်သူက ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်ဆိုတာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားစွာတွေ့ရှိရမှာ ဖြစ်ပါတယ်။**

အနောက်ဆရာကြီးတွေ၊ လက်ဝေခံ NGO အဖွဲ့တွေ၊ လက်ပါးစေ ပြည်ပြေးတွေ၊ အလိုတော်ရိ အသံလွှင့်ဌာနတွေအားလုံးဟာ မြန်မာနိုင်ငံမှာ အနောက်ဆရာကြီးအလိုကျ ကြိုးဆွဲရာကမယ့် ဩဇာခံ အစိုးရတင်နိုင်ရေးအတွက် လက်ကျန် KNU၊ KNPP၊ SSA-S အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပြည်တွင်းမှ ဆန့်ကျင်ဘက်အဖွဲ့တွေကို သူကောင်းပြုပြီး ပံ့ပိုးကူညီလျက်ရှိပါတယ်။ မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ Forced Labour၊ Ethnic Cleansing၊ Lisenced to Rape၊ မူးယစ်ဆေးဝါး၊ ကလေးစစ်သား စတဲ့ လုပ်ကြံစွပ်စွဲနိုင်သမျှ အရေးကိစ္စတွေအားလုံးနဲ့စွပ်စွဲပြီး ဖိအားပေးနေကြဦးမှာပဲ ဖြစ်ပါတယ်။ ဒါဟာ ၎င်းတို့ရဲ့တစ်ဖက်စောင်းနင်း လုပ်ရပ်တွေ၊ ဗိုလ်ကျစိုးမိုးမှုတွေ၊ ပိတ်ဆို့ဟန့်တား ဖိအားပေးမှုတွေကို ပုံဖျက်ဖုံးကွယ်ဖို့ အကြောင်းရှာပြီး အကြောင်းပြနေတာ ဖြစ်ပါတယ်။ ၎င်းတို့လက်သပ်မွေးထားတဲ့ ပြည်ပအားကိုးပုဆိန်ရိုးတွေ၊ သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်နဲ့ အမေကျော်ခွေးတော်လွှမ်းတဲ့ လုပ်ရပ်တွေကို လူမသိသူမသိဖြစ်အောင် ဖုံးဖုံးဖိဖိလုပ်ပေးဖို့အတွက် အကြောင်းမဟုတ်တာကို အကြောင်းလုပ်ပြီး အကြောင်းမရှိတာကို အကြောင်းရှာနေတာပဲဖြစ်ပါတယ်။

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

နယ်စပ်ဒေသတွေမှာသာ ခိုအောင်းနေရတဲ့ KNU တွေ အသက်ဆက်နိုင်ဖို့၊ လက်နက်ခဲယမ်းတွေဝယ်ယူနိုင်ဖို့ လိုအပ်တဲ့ငွေကြေးတွေကို ဒီမိုကရေစီလှုပ်ရှားမှုဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ရရှိအောင် နည်းမျိုးစုံနဲ့ ဆောင်ရွက်ပေးနေတဲ့ အဖွဲ့အစည်းတွေနဲ့ပတ်သက်တဲ့ အကြောင်းချင်းရာအချို့ကိုလဲ အသိပေးလိုပါတယ်။ သတင်းစာဆရာကြီးများသိထားတဲ့အတိုင်း KNU ဟာ ရာဇဝင်နဲ့ချီပြီး အကြမ်းဖက်လုယက် သတ်ဖြတ်ခဲ့တဲ့အဖွဲ့ဖြစ်တာကြောင့် အနောက်ဆရာကြီးများအနေနဲ့ ဘယ်လောက်ပဲအာသီသရှိရှိ၊ ဖြောင့်ကျကျ ငွေကြေးထောက်ပံ့ပေးဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒီအခက်အခဲကို ပြေလည်အောင် ကူညီပေးနေသူတွေကတော့ ပြည်ပမှာ အမည်အမျိုးမျိုးနဲ့ လုပ်စားနေကြတဲ့ ပြည်ပြေးတွေပဲ ဖြစ်ပါတယ်။

**ဒီအဖွဲ့တွေဟာ အနောက်ဆရာကြီးနဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေ ဖော်ပြလိုတဲ့ လုပ်ကြံသတင်းတွေကို နိုင်ငံတကာမျက်နှာစာမှာ ထုတ်လွှင့်ပေးနေပါတယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ခေါင်းစဉ်အောက်ကနေ မြန်မာနိုင်ငံနဲ့ ပြည်သူလူထုကို "ပိတ်လေးပိတ်"နဲ့ ဒုက္ခပေးနိုင်အောင် ဝိုင်းဝန်းလှုံ့ဆော်ရင်း အနောက်ဆရာကြီးများရဲ့ ဒီမိုကရေစီထွန်းကားရေးခေါင်းစဉ် အောက်ကနေပေးနေတဲ့ အကူအညီတွေကို အကြမ်းဖက်အဖျက်သမားများထံ လွှဲပြောင်းပေးနေကြပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် အကြမ်းဖက်အဖျက်သမားအဖွဲ့တွေကို နောက်ကွယ်ကနေအားပေးနေတဲ့ ကြံ့ရာပါအဖွဲ့များပဲ ဖြစ်ပါတယ်။**

**ဒီအဖွဲ့တွေထဲမှာ ရှေ့ဆုံးက ပါနေတာက US Campaign for Burma အဖွဲ့ပဲဖြစ်ပါတယ်။** ဒီအဖွဲ့မှာ မူဝါဒဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက် နေသူဟာ ချစ်ကိုကို(ခ)အောင်ဒင် ဖြစ်ပါတယ်။ အောင်ဒင်ဟာ ရန်ကုန်စက်မှုတက္ကသိုလ်မှာ စက်မှုအဓိကဘာသာတွဲဖြင့် သင်ကြားနေစဉ် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၈ရက်နေ့ ဗကသ ပြန်လည်ဖွဲ့စည်းရာမှာ ပြန်ကြားရေးနဲ့ လူထုဆက်ဆံရေးအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါတယ်။

အောင်ဒင်ဟာ ၁၉၈၈ခုနှစ် အောက်တိုဘာလ ၈ရက်နေ့မှာ ထိုင်းနိုင်ငံ ရနောင်းမြို့ကို တိမ်းရှောင်သွားခဲ့ပြီး အဲဒီမှာ နေရေးထိုင်ရေးအဆင်မပြေတာကြောင့် အောက်တိုဘာလ ၂၂ရက်နေ့မှာ မြန်မာနိုင်ငံအတွင်းကို ပြန်လည်ခိုးဝင်လာခဲ့ပါတယ်။ နိုဝင်ဘာလကုန်ပိုင်းမှစပြီး ဖဆပလခေါင်းဆောင်ဟောင်း ဦးကျော်ငြိမ်းရဲ့သမီး ချိုချိုကျော်ငြိမ်းရဲ့အိမ်၊ ဒီမိုကရေစီပါတီက ဦးသုဝေရဲ့အိမ်နဲ့ တောင်ဥက္ကလာပမြို့နယ် NLD ရုံးတွေမှာ လှည့်လည်နေထိုင်ခဲ့ပါတယ်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလအတွင်း ဗကသကို ပြန်လည်ဖွဲ့စည်းခဲ့ရာမှာ ပေါ်ဦးထွန်း(ခေါ်)မင်းကိုနိုင်က ဥက္ကဋ္ဌဖြစ်လာပြီး အောင်ဒင်က တွဲဖက်အထွေထွေအတွင်းရေးမှူး၊ နောင်မှာ ဒု–ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါတယ်။ အောင်ဒင်ဟာ ၂၃–၄–၁၉၈၉ ရက်နေ့မှာ ပုဒ်မ ၁၀(က)နဲ့ အထိန်းသိမ်းခံထားရာကနေ မတရားအသင်းများပုဒ်မ(၁၇)(၁)နဲ့ တရားစွဲခံရပြီး ထောင်ဒဏ်လေးနှစ် ချမှတ်ခံရပါတယ်။ ၇–၇–၁၉၉၃ ရက်နေ့မှာ ပြန်လည်လွတ်မြောက်လာပြီး ကျောင်းဆက်တက်ခွင့်ရရေးအတွက် သက်ဆိုင်ရာသို့ အသနားခံစာ တင်သွင်းခဲ့တဲ့အတွက် အဲဒီပညာသင်နှစ်မှာပဲ ခုံအမှတ်(၃၅၉)နဲ့ ပညာသင်ကြားခွင့်ရခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ B.E. (Mechanical) ဘွဲ့ရရှိခဲ့ပါတယ်။ အဲဒီနောက် စင်ကာပူသို့ သွားရောက်အလုပ်လုပ်ဖို့ဆိုပြီး နိုင်ငံကူးလက်မှတ် လျှောက်ထားခဲ့ရာမှာ ခွင့်ပြုချက်မရခဲ့ပါဘူး။ ဒါပေမယ့် အသနားခံစာတင်သွင်းတဲ့အတွက် သက်ဆိုင်ရာက သဘောထားကြီးစွာနဲ့ ၈–၁၂–၉၄ ရက်နေ့မှာ နိုင်ငံကူးလက်မှတ်–၀၅၄၂၄၈ ကို ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ အောင်ဒင်ဟာ စင်ကာပူမှတစ်ဆင့် အမေရိကန်အထိ ရောက်ရှိသွားပြီး Free Burma Coalition အဖွဲ့ကို ဝင်ရောက်ခဲ့ပါတယ်။

၂၀၀၃ ခုနှစ် ဇွန်လမှာ အဲဒီအဖွဲ့မှနုတ်ထွက်ပြီး စက်တင်ဘာလမှာ US Campaign for Burma အဖွဲ့ကိုတည်ထောင်ကာ နိုင်ငံတော်ဆန့်ကျင်ရေးလှုပ်ရှားမှုများမှာ ပါဝင်ခြင်း၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်ရန် တောင်းဆိုခြင်း၊ နယ်စပ်ဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများအတွက် ထောက်ပံ့ငွေများတောင်းခံရယူပြီး လွှဲပြောင်းပေးခြင်းတွေကို လုပ်ဆောင်နေတဲ့ ကြားပွဲစားပဲဖြစ်ပါတယ်။

ဒါ့အပြင် **အောင်ဒင်ဦးစီးသော USCB အဖွဲ့ဟာ FTUB အဖွဲ့၊ NCUB အဖွဲ့၊ NCGUB အဖွဲ့များနဲ့လဲ ပူးပေါင်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ အောင်ဒင်ဟာ FTUB နဲ့ NCUB ရဲ့ အထွေထွေအတွင်းရေးမှူး မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေနဲ့လဲ ပူးတွဲပြီး နိုင်ငံတော်ဆန့်ကျင်ရေးလုပ်ငန်းများနဲ့ အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်နေသူဖြစ်ကြောင်း တွေ့ရပါတယ်။**

**တကယ်တော့ အကြမ်းဖက်သမားလို့အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လက်တွေ့အဖျက်အမှောင့်လုပ်ငန်းတွေကို လုပ်ဆောင်နေသူများသာမက ထိုသူများကို ခိုလှုံခွင့်ပေးထားသူ၊ ငွေကြေးပစ္စည်းထောက်ပံ့နေသူများပါ ပါဝင်ကြောင်း နိုင်ငံတကာက လက်ခံထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အောင်ဒင်ဟာလဲ အကြမ်းဖက်သမား (Terrorist) တစ်ဦးသာဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။**

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား–**

ကျွန်တော့်အနေနဲ့ KNU အကြမ်းဖက်သောင်းကျန်းသူများရဲ့ လူသတ်၊ မီးရှို့၊ လုယက်၊ မိုင်းထောင်၊ အဓမ္မပြုကျင့်မှု စတဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တွေနဲ့ အဲဒီလုပ်ဆောင်မှုတွေကို အားပေးထောက်ခံနေကြတဲ့ အနောက်ဆရာကြီးများ၊ ပြည်တွင်းပြည်ပလက်ပါးစေ လက်ဝေခံများရဲ့ ဖုံးကွယ်၍ မရသော လုပ်ရပ်များ၊ လုပ်ဇာတ်များကို အကိုးအကားအထောက်အထားများနဲ့တကွ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

သံအမတ်ကြီးများနဲ့ ဧည့်သည်တော်များကိုယ်တိုင်လဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့ အလေးထားဖော်ဆောင်ပေးနေမှုများကို မျက်မြင်လေ့လာ တွေ့ရှိခဲ့ကြပြီးဖြစ်ပါတယ်။ မွန်ပြည်နယ်တစ်ခုလုံးနဲ့ ကရင်ပြည်နယ်ဒေသအများစုမှာ တည်ငြိမ်အေးချမ်းပြီး ပြည်နယ်သူပြည်နယ်သားအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းတွေ ပွင့်လန်းဝေဆာနေတာကိုလဲ မြင်တွေ့ခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်ကို နားလည်သဘောပေါက်ကြမယ်လို့ ယုံကြည်ပါတယ်။

အခုလို ကျွန်တော်တို့နဲ့အတူ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ခရီးစဉ်မှာ ပါဝင်လိုက်ပါလာကြတဲ့ သံအမတ်ကြီးများနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများအားလုံးကိုလဲ အထူးပဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

**(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

## ပေးမလုပ်ချင်တဲ့သဘော

ကျွန်တော်က ဘာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်လဲဆိုတော့ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး ကမ်းလှမ်းထားတယ်။ ကရင်ပြည်နယ် အပစ်အခတ်ရပ်စဲဖို့ ကမ်းလှမ်းထားတယ်။ ကျွန်တော်သိတာ ၁၉၉၂ခုနှစ် ဧပြီလ ၂၈ရက်မှာ နိုင်ငံတော်ကလဲ ကရင်ပြည်နယ် စစ်ဆင်ရေးထိုးဖို့ ရပ်ဆိုင်းထားတယ်။ ရပ်ဆိုင်းပေမယ့်လဲ KNU ခေါင်းဆောင်တွေက လုံးဝလက်မခံချင်တဲ့ သဘောဖြစ်တာပေါ့။ အဲတော့ ကျွန်တော်လဲ ခဏ ခဏ မေးတာပေါ့။ ငြိမ်းချမ်းရေး ကမ်းလှမ်းတာ မလုပ်ဘူးလား။ မလုပ်၊ မလုပ်တော့မဖြစ်ဘူး။ အစိုးရက ကမ်းလှမ်းတာ ဒီလောက်တောင်ကြာနေပြီ၊ မလုပ်ဘူးလားဆိုတော့ နောက် KNU ခေါင်းဆောင်တွေက ၁၉၉၅–၁၉၉၆မှာ နိုင်ငံတော်အစိုးရနဲ့ လာဆွေးနွေးတယ်။ လာဆွေးနွေးပေမယ့်လဲ ပြေလည်အောင် သူတို့မလုပ်ဘူး။ မလုပ်တာက သူတို့အဖွဲ့အစည်းက မကွဲအောင်၊ မကွဲအောင် သူတို့က အမျိုးမျိုး၊ ကျွန်တော်တို့ အောက်ခြေကို လှည့်ကွက်လုပ်ပြီးတော့ ပေးမလုပ်ချင်တဲ့သဘော။ ဟာ–မင်းတို့မလုပ်ပါနဲ့ကွာ။ တို့ ဗဟိုက လုပ်မယ်။ သူတို့ KNU အဖွဲ့အစည်းခေါင်းဆောင်တွေ ထိထိရောက်ရောက် ဆွေးနွေးမယ်ဆိုတဲ့ လှည့်ကွက်နဲ့ အမျိုးမျိုးကြောင့် ကျွန်တော်လဲ ဘယ်ထူးမှာလဲ၊ စစ်တိုက်ခိုင်းတာ၊ ကျွန်တော်က စစ်တိုက်ရတာ။ အပင်ပန်းလဲခံရတယ်၊ တစ်ခါတလေ ထမင်းလဲ ငတ်တယ်၊ အသေအပျောက်လဲများလာတယ်၊ ဒဏ်ရာလဲ များလာတယ်ဆိုတော့ မထူးတော့ဘူး။

ကျွန်တော်က အဲဒီမှာ ၁၉၉၇ခုနှစ် ကနေ ကျွန်တော်က လာတွေ့လိုက်တာပေါ့။ ဟိုမှာ တပ်မ (၂၂) ဗိုလ်မှူးကြီးဟန်တင့်နဲ့ အဘနဲ့ ဝင်တွေ့လိုက်တယ်၊ ဝင်တွေ့ပြီးတော့ သဘောကျတယ်၊ ဝမ်းသာတယ်၊ တင်ပြတယ်။ နောက် ၅ရက်နေ့ကျတော့ ကျွန်တော်က အခု ရေလုပ်ငန်းဝန်ကြီး ဗိုလ်ချုပ်မောင်မောင်သိမ်းက တပ်မမှူး၊ ၅ရက်နေ့မှာ ကြိတ်ရွာမှာတွေ့လိုက်တယ်။ အဲ ဝမ်းသာတယ်၊ နောက်တစ်ခါ ၁၀ရက်မှာ အရင်တုန်းက အရှေ့တောင်တိုင်းတိုင်းမှူး ဗိုလ်ချုပ်ကက်စိန်နဲ့ လာတွေ့ပြီးတော့ အဘနဲ့နှုတ်ဆက်တယ်။ နောက်ဆုံး ခုနက ပြောသလိုပေါ့။ ၂၂ရက်နေ့ကျတော့ ဗိုလ်ချုပ်မှူးကြီးမောင်အေးရယ်၊ ဗိုလ်ချုပ်ကြီးတင်ဦးရယ်၊ ဝန်ကြီးတွေ အများကြီးလာတယ်။ အခုလာတဲ့ဗိုလ်ချုပ်တွေ တချို့ သိမယ်လေ။

**KNU အဖွဲ့၏ ပစ်ခတ်မှုကြောင့် လက်တစ်ဖက်အဖြတ်ခံရသည့် ဟောင်သရောဒေသ ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစောသမူဟဲ၏ သမီးအား တွေ့ရစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်အစိုးရနဲ့ လက်နက်နဲ့ ငြိမ်းချမ်းရေးလုပ်ပြီးနောက်ပိုင်းမှာ နိုင်ငံတော်အကြီးအကဲတွေ ကျွန်တော့်ကိုတော့ တော်တော်များများ ပံ့ပိုးပေးတယ်။ ပံ့ပိုးပေးတာမှ ဒီအိမ်ရာတည်ပေးတာတို့၊ လမ်းတံတားဆောက်ပေးတာတို့၊ ဥပမာ ဆေးခန်းတို့၊ ကျောင်းတို့လဲ အများကြီးဖွင့်ပေးတယ်။ လုပ်ပေးတယ်။ လမ်းပန်းဆက်သွယ်ရေးဆိုလဲ အများကြီးလုပ်ပေးတယ်။** ကျွန်တော့်ကို တာဝန်ပေးတာမှ ပိုက်ဆံကလဲ တော်တော်များများ ကုန်လာခဲ့တယ်။ **နိုင်ငံတော်အစိုးရက ကျွန်တော်တို့ ဆောက်လုပ်ရေးနဲ့ ရွာတည်ပေးတာတို့၊ ဥပမာ ကျန်းမာရေးတို့ ဘာတို့ အားလုံး ငွေသိန်း တစ်ထောင့်ခုနစ်ရာခြောက်ဆယ့်ခြောက်သိန်းကျော် လုပ်ပေးခဲ့တယ်။**

**နောက်ပိုင်း ကျွန်တော်တို့ကိုလဲ မိသားစုစားဝတ်နေရေးအတွက်၊ ကျန်းမာရေးအတွက်၊ မိသားစုသားသမီးတွေ ကျောင်းနေရေးအတွက် နိုင်ငံတော်က တစ်လကို ကျွန်တော်တို့ကို ရှစ်သိန်းကိုးသောင်း ပံ့ပိုးပေးတယ်။**

**အဲဒါ ကျွန်တော်တို့မိသားစုကလေးတွေလဲ အခု ကျောင်းနေပညာရေးနဲ့ ပတ်သက်ပြီးတော့ အဆင်ပြေလာခဲ့တယ်။ ကျွန်တော် ငြိမ်းချမ်းရေးဝင်တုန်းက ကလေးအချို့ဟာ နို့စို့လောက်ပဲရှိတယ်။ အခု ၉တန်း၊ ၁၀တန်း တက်နေပြီ။ အဲဒါ တော်တော်ကောင်းသွားတယ်။**

## အစိုးရနဲ့လက်တွဲပြီးအလုပ်လုပ်

ကျွန်တော်လဲ တိုင်းရင်းသားအနေနဲ့ အမျိုးသားညီလာခံတက်ခွင့်ရတယ်။ တိုင်ပင်ဆွေးနွေးခွင့်လဲ ရတယ်။ ကျွန်တော်လဲ တော်တော်များများ ဝမ်းသာခဲ့တာပေါ့။ အခုလောက်ဆိုရင် ကျွန်တော်တို့ ဒီကြာအင်းဆိပ်ကြီးမြို့နယ်မှာ ကျွန်တော်နဲ့ ကျောင်းနေဖက်တွေ၊ ဘွဲ့ရ ဘာရတွေ အများကြီး။ အဲဒီမှာ ညီလာခံတက်ဖို့ တစ်ယောက်မှမရှိဘူး။ ကျွန်တော်ကတော့ ကနေ့ဟိုဟာပေါ့၊ ငြိမ်းချမ်းရေးလုပ်မှာပဲ။ နိုင်ငံတော်နဲ့ လက်တွဲတဲ့အခါမှာပဲ ကျွန်တော်က ညီလာခံတက်ခွင့်ရတယ်။ အခုလာတဲ့ ဗိုလ်ချုပ်တွေလဲ ကျွန်တော်အားလုံး သိတယ်၊ ရင်းနှီးတယ်။ ဆွေးနွေးဖို့လဲ အဆင်ပြေတယ်။ တစ်ညီလက်ညီနဲ့ပဲ လုပ်လာခဲ့တယ်။ ကျွန်တော်ကလဲ အဲဒီ ညီလာခံတက်ခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော်က နိုင်ငံတော်အစိုးရနဲ့ ဘယ်တော့မှမကွဲဘူး။ တောလဲ မခိုချင်တော့ဘူး။ ပြောရရင် ရှင်းရှင်းပြောမယ်ဆိုရင် တစ်သက်လုံး နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး အလုပ်လုပ်ခဲ့မယ်။

ဒါတစ်ခုကတော့ ကျွန်တော်က နည်းနည်းရှင်းပြချင်တာပေါ့။ သူတို့ နိုင်ငံခြားအဖွဲ့တွေ၊ ဒုက္ခသည်တွေထဲမှာ အခုလုပ်တဲ့ **KNU အဖွဲ့တွေက** ဒုက္ခသည်တွေ ဖွင့်ပေမယ်၊ အဲဒါ ဒုက္ခသည်လို့ခေါ်ပေမယ့် **လူထုတွေခေါ်ပြီးတော့ ဒုက္ခသည်တွေ ဖွင့်ကြတယ်။**

*စာမျက်နှာ ၁၁ ကော်လံ ၁*

*စာမျက်နှာ ၁၀ မှ*

**ဒုက္ခသည်တွေဖွင့်တာ သူတို့အကျိုးပဲ။ သူတို့မိသားစုတွေ စားဝတ်နေရေး ကောင်းမွန်ရေး နောက်ပြီးတော့ လက်နက် ကိုင်အဖွဲ့တွေနဲ့ ပြည်တွင်းလက်နက်ကိုင်အဖွဲ့တွေနဲ့လဲ မဟာမိတ်လုပ်ထားပြီးတော့ နောက် နိုင်ငံခြားတချို့မှာလဲ သူတို့ ဝိုင်းဝန်းကူညီထောက်ပံ့ပေး လို့ သူတို့သား သမီးတွေကိုလဲ နိုင်ငံခြားမှာ ကျောင်းပို့ပေးတယ်။ ဟိုဟာ အောက်ခြေကတော့ ဘာမှလဲ ခံစားခွင့်မရှိဘူး။** နောက်ပြီးတော့ သူတို့က ပြောရမယ်ဆိုရင် အဲဒီသောင်းကျန်းသူ ပြည်တွင်းပြည်ပ သောင်းကျန်းသူအဖွဲ့၊ ဆန့်ကျင်ဘက်အဖွဲ့တွေနဲ့ သူတို့ပူးပေါင်းပြီး ကျွန်တော်တို့ မြန်မာပြည်မြို့ကြီး များကို ဖောက်ခွဲရေးတွေ ခဏခဏလုပ်တာလဲ ကျွန်တော်လဲကြားတယ်၊ သိတယ်၊ ဥပမာ လွန်ခဲ့တဲ့နှစ်နှစ် ကျွန်တော်တို့ ရန်ကုန်မြို့ ဗုံးဖောက်ခွဲတော့ လူအများတွေ၊ အပြစ်မဲ့အရပ်သားတွေ အများကြီးသေရတယ်။ တချို့နေရာမှာလဲ ပဲခူးတို့၊ မော်လမြိုင်တို့မှာ ဖြစ်လာခဲ့တယ်။

**KNUအဖွဲ့အစည်းဟာ အကယ်၍ ဒုက္ခသည်စခန်းမရှိတော့ဘူးဆိုရင် အခြေအနေက သိပ်ကောင်းမှာမဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူတို့က ဒုက္ခသည်ကြောင့်၊ သူတို့က ပြောရရင် စားနပ်ရိက္ခာရတယ်။ သူတို့ကလေးတွေလဲ၊ မိသားစုတွေလဲ ကျောင်းပို့ပေးတယ်။ နိုင်ငံခြားမှာ အဲဒါ သိရသလောက်တော့ နိုင်ငံခြားအထောက်အကူရပြီးတော့ ဟို ဩစတြေးလျတို့ တခြားနိုင်ငံတွေမှာ၊ ဟိုမှာ ကျောင်းတက်တာ အများကြီးရှိတယ်လို့ကြားတယ်။**

### အတော်များများရှိ

ကျွန်တော်ကတော့ အဲဒါပေါ့၊ အခြေအနေကတော့လဲပဲ အခုလဲပဲ တင်ပြနိုင်တယ်လေ။ တစ်ခုရှိတယ်။ ကျွန်တော် ငြိမ်းချမ်းရေးယူပြီးနောက်ပိုင်းမှာ KNU တွေ ကျွန်တော့်ကို လာပစ်သတ်တယ်။ ပစ်တာခတ်တာ အတော်များများရှိလာတယ်။ အကြိမ်ပေါင်း (၂၂)ကြိမ်လောက်ရှိတယ်။

KNU တပ်ရင်း(၈) ကြည်လင်းခေါင်းဆောင်တဲ့အဖွဲ့ ကျွန်တော့်အိမ်ကို လာပစ်တော့ ကျွန်တော့်သမီး နှစ်ယောက်ဆုံးသွားတယ်။ မြေးနှစ်ယောက်ဆုံးသွားတယ်။ ယောက်ဖ ကျောင်းဆရာအငြိမ်းစားတစ်ယောက်ဆုံးတယ်။ နောက် တပ်ဖွဲ့ဝင် တပ်ကြပ်ကြီးနှစ်ယောက်ကျဆုံးတယ်။ တပ်ကြပ်ကြီးတစ်ယောက်က သူ့သမီးငယ် တစ်ယောက်လဲ ဆုံးသွားတယ်။ ဒဏ်ရာလဲ အများကြီးပဲ။ အဲဒါ အောက်တိုဘာလ ၁ရက် မနက်ပေါ့။ မနက် ၁နာရီအချိန်မှာ ---။

အခု အကယ်၍ မယုံဘူးဆိုရင် ကျွန်တော့်သမီး အငယ်ဆုံးက အခုပါတာ၊ လက်တစ်ဖက်အဖြတ်ခံရတယ်။ ဒီမှာ။

ဒါက နိုင်ငံတော်အကြီးအကဲ ပံ့ပိုးပြီးတော့မှ တောဟိုးရွာကနေပြီးတော့ ဟက်စကီးနဲ့ ပို့ပေးတော့ မော်လမြိုင်ဆေးရုံရောက်ရတာ။ သူက လက်တစ်ဖက်မကဘူး၊ ဒဏ်ရာတွေအများကြီးရှိပါတယ်။ ဟိုတုန်းကဆို ၁၀နှစ်သမီး။ ကျောင်းတစ်နှစ်နာသွားတယ်။ ကျောင်းမတက်ရဘူး။ တစ်နှစ်လုံးကျောင်းမတက်နိုင်တော့ တစ်နှစ်နာတာပေါ့။ အခု ၁၀တန်း ဖြေထားပြီးသား။

### တကယ်ဖြစ်ရပ်မှန်

အခု ၂၀၀၆ ခုနှစ်အထိ KNUက ချောင်းမြောင်းပစ်ခတ်တာတွေအားလုံး (၂၂)ကြိမ်ရှိတယ်။ အဲဒီမှာ ရွာပြန်ပြီးတော့ ခွင့်ပြန်ရင်းနဲ့ ဖမ်းသတ်တာတာလဲ တော်တော်များများရှိတယ်။ အားလုံးတပ်ဖွဲ့ဝင်က အရာရှိရော၊ တပ်သားရော အားလုံးဟာ အခုနောက်ပိုင်းမှာ ၄၀ခန့် ရောက်လာပါပြီ။ အသတ်ခံရတာရော၊ တိုက်ပွဲမှာပစ်တာ သေတာလဲရှိတယ်။ နောက် ပြီးတော့ မိဘဆီမှာ ပြန်လာလဲ ဖမ်းသတ်တာရှိတယ်။ တချို့က သကြၤန်ကျတော့ အိမ်မှာပြန်ပြီးတော့ မိဘကို ပြန်ကန်တော့ရင်းနဲ့ အသတ်ခံရတာလဲ ရှိတယ်။ အားလုံးမှာ တပ်ဖွဲ့ဝင် အရာရှိငယ်၊ ဗိုလ်ကြီး အဆင့်ရှိတဲ့လူလဲ သေရတာလဲ ရှိတယ်။

ပြောရရင် ဖထီးဟာ သားသမီး၊ သမီးတင်မကဘူး၊ သမက်တစ်ယောက် KNU လာပစ်သတ်တာ။ ဗိုလ်ကြီးအဆင့်ပေါ့။ အဲဒါ ခံစားချက်ပဲ။ ဘယ်ကောင်းမလဲ။ နောက်ပြီးတော့ ရွာသားလဲ အသတ်ခံရတာ။ ရွာသားက ကျွန်တော်တို့ ငြိမ်းချမ်းရေးနဲ့ လာတွေ့တယ်။ သူက ခေါ်ပြီးလာတွေ့တဲ့အခါမှာ အသတ်ခံရတယ်။ အခု တပ်မတော်ရှေ့တန်းက တပ်ရင်းမှူး စစ်ကြောင်းမှူးလဲ တွေ့တဲ့သူလဲ အသတ်ခံရတာရှိတယ်။ ဥပမာ ဒီမှာ ဒေါ်ဇမိုင်း တစ်ယောက်ရှိတယ်။ ဖကလောဖီး။ သူကတော့ ကြာအင်းဆိပ်ကြီးဇာတိပဲ။ သူက အရင်တုန်း က ကျောင်းဆရာမလုပ်တယ်။ ကျောင်းဆရာမလုပ်ခဲ့တော့ ဖကလောဖီးမှာ အိမ်ထောင်ကျပြီးတော့ ဖကလောဖီးရွာ တောင်ပေါ်ဒေသကရင်တွေက ဗမာစကား သိပ်ရေရေလည်လည်မပြောနိုင်တဲ့အခါမှာ ဒေါ်ဇမိုင်းကို သူကြီးမခန့်ထားလိုက်တယ်။ အဲဒါ အဲဒီ သူကြီးမဟာ ပြောရမယ်ဆိုရင် တချို့ ဗိုလ်ချုပ်သိမယ်လေ။ ကျွန်တော်တို့ တပ်ရင်းမှူးတစ်ယောက်လေ ဗိုလ်ချုပ်သူရဘိုနီနဲ့ခင်တယ်။ နောက်ဟို(၂၃၁) တပ်ရင်းမှူး ဗိုလ်မှူးကြီးအောင်ခိုင်နဲ့လဲ ခင်တယ်။ အဲဒါခင်တော့ KNU က ဖမ်းသတ်လိုက်တယ်။ ဆွဲသတ်လိုက်တယ်။ ဒါတကယ်ဖြစ်ရပ်မှန်။ အဲဒီမှာ အဲဒီသတ်ဖြတ် ပစ်ခတ်ထားတဲ့ စာရင်းအင်းက တကယ်လိုချင်ရင် ဖထီးပြပေးမယ်။ ။ **(သတင်းစဉ်)**

## နယ်သာလန်က ဆားဗီးယားကို တစ်ဂိုးအသာဖြင့်နိုင်

**ရန်ကုန် ဇွန် ၁၁**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်ကို ယနေ့မြန်မာစံတော်ချိန် ည၇နာရီခွဲက လိုက်ပ်ဇစ်မြို့ရှိ Zentralstadion အားကစားကွင်း၌ ကျင်းပရာ နယ်သာလန်အသင်းက ဆားဗီးယားနှင့် မွန်တီနီဂရိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နယ်သာလန်(ဟော်လန်)အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲစပြီး၁၈မိနစ်အကြာတွင် ချယ်လ်ဆီး၌ ခြေစွမ်းပြနေသော ရော်ဘင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဟော်လန်အသင်းသည် ယခုပွဲ အနိုင်ရရှိသဖြင့် အုပ်စုတက်ရန် အလားအလာကောင်းသွားပြီး အာဂျင်တီးနားအသင်းနှင့် အုပ်စုပထမနေရာ လုရဖွယ်ရှိသည်။ ဟော်လန်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဇွန်၁၆ရက်တွင် အိုင်ဗရီကို့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

### လွတ်လပ်စွာကိုးကွယ်ခွင့်ပိတ်ပင်

**KNU ခေါင်းဆောင်တွေရဲ့ ဘာသာရေး ခွဲခြားမှု၊ လွတ်လပ်စွာကိုးကွယ်ခွင့် ပိတ်ပင်မှုဟာ တဖြည်းဖြည်းနဲ့ အခြေအနေ ပိုဆိုးလာပါတယ်။** ၁၉၉၃ခုနှစ်မှာ မြိုင်ကြီးငူဆရာတော်ဟာ သံလွင်နဲ့သောင်ရင်းမြစ်ဆုံမှာ ဘုရားတည်ခဲ့တယ်။ အဲဒါကို KNU ဗဟိုကနေပြီးတော့ ပိတ်ပင်တားမြစ်တယ်၊ ဘုရားမတည်ဖို့။ ဒါကြောင့်မို့ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းမှာ အသုံးပြုတဲ့ ဘိလပ်မြေတွေ၊ ဘုရားတည်တဲ့နေရာတွေမှာ ဘုရားတည်တဲ့ လူပုဂ္ဂိုလ်တွေကို သူတို့က အမျိုးမျိုးညှဉ်းဆဲတယ်။ ဘိလပ်မြေတွေကိုလဲ ဖျက်ဆီးတာ ဖြစ်တယ်။

မြိုင်ကြီးငူဆရာတော်ဟာ ကမမောင်း၊ အခုရှိနေတဲ့မြိုင်ကြီးငူမှာ သီတင်းသုံးတာ နှစ်ပေါင်း ၂၀ကျော်ပါပြီ။ ဒါကြောင့် KNUဗုဒ္ဓဘာသာဝင်တွေကလဲ ဆရာတော်ကို အင်မတန်မှ ရိုသေလေးစားပါတယ်။ ဒါကြောင့်မို့ အဲဒီ ဘုရားတည်တဲ့နေရာမှာ ကျွန်တော်တို့ ဗုဒ္ဓဘာသာတပ်ဖွဲ့ဝင်တွေလဲ ပါပါတယ်။ အဲဒီလို KNU ဗဟိုကနေပြီးတော့ လာရောက်တားမြစ်တဲ့အပေါ် မှာ ကျွန်တော်တို့ပါဝင်တဲ့ တပ်ဖွဲ့ဝင်တွေက မတားမြစ်ဖို့ KNU ဗဟိုကို တင်ပြပါတယ်။ ဒါပေမယ့် KNU ဗဟိုက အဲဒါ လုံးဝရပ်သိမ်းဖို့ ပြောလာပါတယ်။ သာသနာပြုခွင့်ကို လုံးဝမပေးတော့ပါဘူး။ KNU ဗဟိုခေါင်းဆောင်တွေဟာ အမျိုးမျိုးဆရာတော်ကို ခြိမ်းခြောက်ပြီးတော့ ၁၉၉၄ ခုနှစ် နိုဝင်ဘာလမှာ အဲဒီဒေသကနေပြီးတော့ အပြီးအပိုင်ထွက်သွားဖို့ ရာဇသံပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အဖွဲ့ အစည်းဟာ **၁၈ရက်နေ့ နိုဝင်ဘာလလောက်မှာ အင်အား၅၀၀၀နဲ့ ခွဲထွက်လာပြီးတော့ တိုးတက်တဲ့ ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပါတယ်။**

### ရွာသားများအနေပျက်၊ အစားပျက်

**KNU ဟာ ၁၉၄၉ခုနှစ်ကစပြီးတော့ လက်နက်ကိုင်ဆူပူမှုကို စတင်ဆောင်ရွက်ခဲ့တာဖြစ်တယ်။ သူတို့ပြောချက်အရဆိုရင် လူမျိုးရေးကောင်းစားရေး၊ ကရင်ပြည်နယ်ရရှိရေး၊ ကရင့်အရေးကို ကရင်တွေဆုံးဖြတ်ဖို့ပါခဲ့တယ်။ ကျွန်တော်လဲ KNU မှာ အနှစ်၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေအတွက် ဘာတစ်ခုမှ မလုပ်ပေးနိုင်ပါဘူး။ ပြန်ကြည့်လိုက်ရင် ဒီဒေသမှာ ကျွန်တော်တို့ကစပြီး KNU ဝင်တွေတိုင်းက တဲနဲ့ပဲနေရပါတယ်။ ၁၉၄၉ခုနှစ် ကာလကတည်းက ပါပဲ။ ကျောင်းမရှိ၊ ဆေးခန်းမရှိ။** အဲဒီကြားထဲက ကျွန်တော်တို့ရဲ့အခြေခံနယ်မြေလို့သတ်မှတ်ထားတဲ့ ယွန်းစလင်းနဲ့ ဒေါနတောင်ခြေကို တပ်မတော်စစ်ကြောင်းတွေ ထိုးလာရင်လဲ ရွာတွေကို တပ်နဲ့မတွေ့အောင် အတင်းရှောင်ခိုင်းရတာနဲ့ ရွာသားတွေ အနေပျက်၊ အစားပျက်ဖြစ်ရတာမျိုးရှိခဲ့ပါတယ်။

**စစ်ကြောင်းတွေပြန်ထွက်သွားရင်လဲ အစိုးရတပ် လွတ်လွတ်လပ်လပ်သွားလို့မရအောင် ကျွန်တော်တို့ထောင်ထားတဲ့မိုင်းတွေကြောင့် ဟိုနားမသွားရ၊ ဒီနားမသွားရ ဆိုပြီးတော့ ကျွန်တော်တို့ တားမြစ်ခဲ့ပါတယ်။ တကယ်လို့ တပ်မတော်က မပြန်တော့ဘဲ အခိုင်အမာစခန်းတွေဆောက်နေရင်လဲ အဲဒီဒေသခံလူထုတွေကို ကျွန်တော်တို့က တခြားကိုပြောင်းရွှေ့ခိုင်းထားတာ တွေ့ရှိခဲ့ပါတယ်။ ဒီဒုက္ခသည်စခန်းဆိုတာလဲ ဒီဘက်က ဒုက္ခရောက်လို့ ဟိုဘက်ကို ပြေးတာမဟုတ်ပါဘူး။ ဟိုကျမှ တကယ်ဒုက္ခရောက်တာဖြစ်ပါတယ်။ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အဝတ်ဆင်းရဲ၊ စခန်းအပြင်လဲ မထွက်ရ၊ ပညာလဲ မသင်ရ၊ အပြင်ထွက်ပြီးအလုပ်လုပ်လို့လဲမရဘူး၊ ထိုင်းအစိုးရကနေပြီးတော့ ဖမ်းဆီးတာကို ခံစားရတာဖြစ်တယ်။**



ပြည်မြန်မာ သတင်းဂျာနယ်မှ ဒေါက်တာတင်ထွန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)



ရန်ကုန်တိုင်းမ်ဂျာနယ်မှ ဦးစောလင်းအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

### မျောက်ပြဆန်တောင်း

**သို့သော်လဲ KNU ခေါင်းဆောင်ပိုင်းက အဆက်အသွယ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ကတော့ စီးပွားရေးတောင့်တင်းပြီးတော့ ထိုင်းနိုင်ငံမှာ အခြေချနေနိုင်တာကို တွေ့ရတယ်။ သို့သော်လဲ ကျွန်တော်တို့အများစုကတော့ဖြင့် မျောက်ပြဆန်တောင်းဖြစ်ရပ်တွေကို ခံစားနေရတာဖြစ်ပါတယ်။**

KNUကောင်းစားရေးအတွက် ငွေဘယ်ကရလဲလို့ မေးစရာရှိပါတယ်။ KNU အနေနဲ့သာ ကျေးရွာတွေမှာ ဆက်ကြေးတောင်းတယ်၊ အခွန်အကောက်တွေကောက်တယ်။ နောက်ပြီး တစ်ဖက်က ကျွန်းသစ်တွေကိုရောင်းစားပါတယ်။ နောက်တစ်ခုက **နိုင်ငံခြားငွေရရှိဖို့အတွက် ဒုက္ခသည်တွေကို အယောင်ပြပြီးတော့ ငွေရရှိခဲ့တာဖြစ်တယ်။** အဲဒီငွေကိုလည်း ဗဟိုက အားလုံးရရှိပါတယ်။ ကျွန်တော်တို့ရှေ့တန်းကျတော့ အဲဒီရရှိတဲ့အခွန်ငွေနဲ့ ဒီဒုက္ခသည်အမည်ခံပြီးပေးတဲ့ ငွေတွေထဲမှာ ကျွန်တော်တို့ကို မပေးခဲ့ပါဘူး။ ပေးတာက လူသတ်လက်နက်ဖြစ်တဲ့ ကျည်ဆန်နဲ့ သေနတ်ပဲဖြစ်ပါတယ်။

ဗဟိုခေါင်းဆောင်တွေအားလုံးကလဲ ထိုင်းနိုင်ငံမှာပဲအခြေချပြီးတော့ စီးပွားရေးလုပ်နေတယ်၊ အောက်ခြေက ရဲဘော်တွေ ဒုက္ခသုက္ခကို သူတို့ဟာ မသိချင်ယောင်ဆောင်နေကြတာဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ဒီလိုအချိန်မှာ တစ်ချိန်က ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာ KNU လှုပ်ရှားခဲ့တယ်။ အဲဒီအချိန်မှာ ကရင်လူမျိုးတွေဟာ ကောင်းစားတာမတွေ့ရပါဘူး။ **ဒီကနေ့ မြစ်ဝကျွန်းပေါ်ဒေသမှာ KNUတွေ မရှိတဲ့အတွက် အဲဒီမှာရှိတဲ့ ကရင်လူထုဟာ အများကြီးကောင်းစားတယ်လို့ ကျွန်တော်တို့ ဆက်သွယ်လို့ရပါတယ်။**

### တစ်ခုခုမှားနေပြီလို့မြင်

**ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒုက္ခရောက်နေတယ်ဆိုတာ တစ်ခုခုတော့ မှားနေပြီလို့ ကျွန်တော်တို့မြင်ပါတယ်။ ဒါကြောင့် DKBA ကို ကျွန်တော်တို့ အဖွဲ့အစည်းတွေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပူးတွဲပြီးတော့ ငြိမ်းချမ်းရေးလုပ်မယ်၊ ဒေသဖွံ့ဖြိုးရေးလုပ်မယ်။** ဆရာတော်ရဲ့ အဆုံးအမကိုနာခံပြီးတော့ ဘာသာသာသနာတည်တံ့ဖို့လုပ်မယ်ဆိုပြီး ဆုံးဖြတ်ပြီးတော့ ဖွဲ့စည်းတာဖြစ်ပါတယ်။

### မမှန်ကန်တဲ့လုပ်ဆောင်မှုကြောင့်ခွဲထွက်ရ

**KNU အတွင်းမှာ လူ့အခွင့်အရေးဆိုတာမရှိသလို တရားဥပဒေစိုးမိုးရေး ဥပဒေဆိုတာလဲမရှိပါဘူး။ ပြည်သူလူထုထံကနေပြီးတော့ ဆက်ကြေးတောင်းတာ အဖျက်အမှောင့်လုပ်ငန်းတွေကို လုပ်ဖို့ပဲဖြစ်ပါတယ်။ ကိုယ့်ပြည်နယ် ကိုယ့်လူမျိုးကောင်းစားရေးအတွက်ဆိုတာ ဘာတစ်ခုမှ မလုပ်ပေးနိုင်ပါဘူး။ နိုင်ငံကြီးများရဲ့ ပေးစာကမ်းစာ ထောက်ပံ့စာကိုယူပြီးတော့ ပြည်ပဩဇာခံပြီးတော့ နိုင်ငံကြီးရဲ့ဩဇာကို KNUဟာ မလွန်ဆန်နိုင်ပါဘူး။ ဒါကြောင့် တိုင်းပြည်ကိုချစ်လား မချစ်ဘူးလား သိနိုင်ပါတယ်။ ဒါကြောင့် လက်အောက်ငယ်သားအများစုဟာ ဘာသာရေးဖိနှိပ်ခံရမှုအပေါ် KNU**



ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး HE. Mr. Lee Ju-Heum မေးမြန်းစဉ်။ (သတင်းစဉ်)



အမေရိကန်နိုင်ငံ သံရုံးမှ Second Secretary Mr. Dennis D. Tidwell မေးမြန်းစဉ်။ (သတင်းစဉ်)

**ခေါင်းဆောင်များရဲ့ မမှန်ကန်တဲ့လုပ်ဆောင်မှုတွေကြောင့် ခွဲထွက်ရခြင်းဖြစ်ပါတယ်။**

ကျွန်တော်တို့ DKBA အဖွဲ့က ၂၁ရက်နေ့ ၁၂လ ၁၉၉၄ခုနှစ်က နိုင်ငံတော်နဲ့ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းခဲ့တာဖြစ်တယ်။ အဲဒီလို ပူးပေါင်းတာနဲ့အညီ နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့နေထိုင်ဖို့အတွက် မြေဧက ၇၅၀ကို မြိုင်ကြီးငူဒေသမှာ ချမှတ်ပေးခဲ့တာဖြစ်တယ်။ ဒီ့ပြင် ကျွန်တော်တို့ တပ်ဖွဲ့ဝင်မိသားစုများ ရပ်တည်နိုင်အောင်လို့ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် ပြည်သူ့ဆက်ဆံရေးများကိုပါ ကူညီဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေး၊ သွားလာရေးလွယ်ကူဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ကို မော်တော်ယာဉ်ခြောက်စီး၊ စိုက်ပျိုးရေးလုပ်ငန်းများအသုံးပြုရန်အတွက် လက်ထွန်စက်၊ ရေစုပ်စက်၊ လက်တွန်းထွန်စက်၃၄စီး၊ ရုံးလုပ်ငန်းသုံးဖို့အတွက် လက်နှိပ်စက်၊ မိသားစုအတွက် လုပ်ငန်းဖြစ်မြောက်ရေးအတွက် အပ်ချုပ်စက်၃၃လုံး၊ လုပ်ငန်းများဆောင်ရွက်ရန် အဆင်ပြေစေဖို့အတွက် နယ်စပ်စည်ပင်ဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော်တို့ကို ကားများထောက်ပံ့ထားပေးတာလဲ ရှိပါတယ်။

### လစဉ်ထောက်ပံ့ပေး

၁၉၉၅ခုနှစ်မေလကစပြီးတော့ နိုင်ငံတော်က ကျွန်တော်တို့အဖွဲ့အစည်းကို ပံ့ပိုးတာကတော့ ငွေကြေးအားဖြင့် ဆရာတော်သာသနာပြုလုပ်ငန်းအတွက် ငွေငါးသိန်း၊ ကျွန်တော်တို့စားဝတ်နေရေး မိသားစုပြေလည်ဖို့အတွက်က ၁၅သိန်းအပြင် ဆန်အိတ်၅၀၀၀အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်၁၀၈သိန်းကို လစဉ်ထောက်ပံ့ပေးတာဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့အနေနဲ့က နိုင်ငံတော်ရဲ့ပံ့ပိုးမှုမှာပဲမနစ်မျောဘဲနဲ့ ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ ဒေသဖွံ့ဖြိုးရေးမှာ စိုက်ပျိုးရေးကို အခြေခံပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ ကုန်ထုတ်လုပ်ငန်းတွေကို အတတ်နိုင်ဆုံး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဗုဒ္ဓဘာသာအမည်ခံပေမယ့် ဘာသာရေးခွဲခြားမှုမရှိပါဘူး။ ကျွန်တော်တို့က ဘာလို့လဲဆိုတော့ ဘာသာရေးအရဖိနှိပ်ခံရတဲ့အတွက် ခွဲထွက်လာတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တခြားခရစ်ယာန်ဘာသာ၊ မွတ်စလင်ဘာသာစသည်ဖြင့် တခြားဘာသာတွေကိုလည်း နှိပ်ကွပ်ဖို့မရှိပါဘူး။ အားလုံးကို ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ မြိုင်ကြီးငူဒေသမှာ စတင်အခြေချတုန်းကလဲ မိသားစုဝင်ပေါင်းဟာ ၇၀၀၀လောက်သာ ရှိပါတယ်။ KNU ဘက်က လာပြီးတော့ပူးပေါင်းတာ ကနေ့ဆိုရင် လူဦးရေအားလုံးက မိသားစုဦးရေက သုံးသောင်းလောက်ရှိနေပါပြီ။ ဒါ့အပြင် KNU ရဲ့ အနှိပ်စက်မခံနိုင်၊ အခိုင်းအစေမခံနိုင်ဘဲ ဒုက္ခသုက္ခကြားထဲက ပြန်လည်ပြီးရောက်ရှိလာတာက လူဦးရေတစ်သောင်းလောက် ဒီကနေ့ရှိပါတယ်။ အဲဒါတွေလဲ အေးအေးချမ်းချမ်း ကျွန်တော်တို့နဲ့အတူ ပူးတွဲပြီးနေထိုင်တာဖြစ်ပါတယ်။

### လက်ခံယုံကြည်

ဝန်ကြီးနဲ့သံအမတ်ကြီးများ၊ သတင်းစာဆရာကြီးများရောက်ရှိနေတဲ့ မြိုင်ကြီးငူဒေသကိုကြည့်ရင် ငြိမ်းချမ်းရေးအသီးအပွင့်တွေကို မြင်တွေ့ရမှာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် တပ်မတော်နဲ့ လက်တွဲပြီး ဆက်လက်လုပ်ဆောင်သွားမှာလဲဖြစ်တယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်ကို DKBA အနေနဲ့ လက်ခံယုံကြည်ပြီးတော့ အမျိုးသားညီလာခံကို တက်ရောက်နေတာလဲဖြစ်ပါတယ်။

*စာမျက်နှာ ၁၂ ကော်လံ ၁*

စာမျက်နှာ ၁၁ မှ

ကျွန်တော်တို့ဟာ လက်နက်ကိုင်လမ်းစဉ်ကို နှစ်ပေါင်းများစွာ ကိုင်စွဲခဲ့ပါတယ်။ အဲဒီအချိန်မှာ နှစ်ဖက်စလုံးက စစ်သားတွေ သေကျေကြတယ်။ တိုက်ပွဲတွေကြောင့် နယ်သူနယ်သား ရပ်သူရွာသားတွေဟာ ဒုက္ခသုက္ခ အမျိုးမျိုးရောက်ရတာ တွေ့ရပါတယ်။ တခြားနိုင်ငံကလူတွေအနေနဲ့ ကျွန်တော်တို့ကို အမျိုးမျိုးလာတွေ့ပြီးတော့ ဒီနိုင်ငံတော်၊ တပ်မတော်အစိုးရကို အပြုတ်တိုက်ဖို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် သူတို့ကတော့ တစ်ဖက်နိုင်ငံမှာ ဇိမ်နဲ့နေပြီး စစ်တပ်ကို အလျှော့မပေးဖို့ပြောသလောက် ကျွန်တော်တို့ အောက်ခြေရဲဘော်က အသေခံတိုက်နေရတာဖြစ်တယ်။ ဒါကို အများကြီးတွေ့ရတယ်။ ကရင်အမျိုးသားတွေအတွက်လည်း ဘာမှအကျိုးထူးမလာဘူး။ စစ်ကြောင့်ပဲ ဒုက္ခဆိုတဲ့ အနိဋ္ဌာရုံကို တွေ့ရတာဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားတွေအတွက် တကယ်အကျိုးဖြစ်မယ့်လမ်းကို ရွေးခဲ့တာဖြစ်တယ်၊ ရှေ့ဆက်ပြီး နိုင်ငံတော်နဲ့လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးနဲ့ အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင် ပြီးစီးသည်အထိ ဆက်လက်လုပ်ဆောင်သွားမှာလို့ ကျွန်တော် နောက်ဆုံးပြောကြားလိုပါတယ်။

ထို့နောက် ဦးသာထူးကျော်၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ သံတမန်များနှင့်ပြည်တွင်းပြည်ပသတင်းစာဆရာများက သိလိုသည်များကို မေးမြန်းကြရာ ဦးသာထူးကျော်က ရှင်းလင်းဖြေကြားသည်။ မေးမြန်းမှုများနှင့် ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

## ဦးခင်မောင်ညို (ကမ္ဘာ့စီးပွားရေးဂျာနယ်)

ကျွန်တော်တို့ မြိုင်ကြီးငူကိုကြားဖူးနေတာကြာပါပြီ၊ အခုမှပဲ တကယ်ရောက်ဖူးပါတယ်။ ရောက်တော့လဲ ရောက်မှန်းတောင်မသိပါဘူး၊ ကျွန်တော်တို့စိတ်ထဲမှာ မြိုင်ကြီးငူဆိုတဲ့အတိုင်းပဲ တောထဲတောင်ထဲမှာပဲရှိ နေသေးတယ်လို့ ထင်ထားပါတယ်။ အဲဒီတော့ စောစောက ဦးသာထူးကျော်လဲ ပြောသွားပါပြီ၊ ကျွန်တော်တို့ မျက်စိနဲ့မြင်ရတာတွေမှာတော့ ဒီလောက်မကဘူးလို့ စိတ်ထဲမှာ ခံစားရပါတယ်။ ပြောတာနည်းနေတယ်လို့ ထင်ပါတယ်။ အဲဒီတော့ ဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့အခါမှာ နိုင်ငံတော်က ဘယ်လို စောစောကလဲ တချို့ပြောသွားပါပြီ၊ ဘယ်လိုကူညီပံ့ပိုးပေးခဲ့သလဲ ဆိုတဲ့ဟာလေးရယ်၊ နောက်ကျွန်တော်တို့ သဒ္ဓါပွားအောင်ပေါ့နော်၊ ဆရာတို့အဖွဲ့ကရော ဒေသဖွံ့ဖြိုးရေးတွေ ဘယ်လိုကြိုးစား လုပ်ဆောင်နေပါသလဲ ဆိုတာလေး အဲဒါလေး နည်းနည်းထပ်ရှင်းပြပေးပါ။

## ဦးသာထူးကျော်

ကျွန်တော်တို့ အဖွဲ့အစည်းအနေနဲ့က ဘာသာရေးကိုအခြေခံပြီး ဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ဟာ လမ်းတံတားကို အဓိကထားပြီး ဖောက်လုပ်သလို ဘာသာ သာသနာနဲ့ပတ်သက်ပြီးတော့လဲ ကျွန်တော်တို့ အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ အနာဂတ်ကိုပိုင်တဲ့ လူငယ်လေးတွေ ပညာရေးအတွက် နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ရော ကျွန်တော်တို့အသိနဲ့ ကျွန်တော်တို့မှာရှိတဲ့ ဝင်ငွေနဲ့ပါ ကျောင်း ၁၁ကျောင်းကို ဆောက်နိုင်ခဲ့ပါတယ်။ ဒီမြိုင်ကြီးငူဝင်းအတွင်းမှာ အထက တစ်ကျောင်း၊ အလက နှစ်ကျောင်း၊ အမကရှစ်ကျောင်း ကျွန်တော်တို့ အခုမြင်လာခဲ့တဲ့



The Voice ဂျာနယ်မှ ဦးသောင်းထိုက် မေးမြန်းစဉ်။ (သတင်းစဉ်)



ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ဘားအံနဲ့ မြိုင်ကြီးငူ ကတ္တရာလမ်းကိုလဲ နိုင်ငံတော်ရဲ့ ပံ့ပိုးငွေ သိန်းပေါင်း ၁၀၀၀နဲ့အတူ ကျွန်တော်တို့ဟာ လမ်းအရှည် ကတ္တရာလမ်း မိုင်၇၈မိုင်ကို ဆောက်လုပ်ခဲ့ပါတယ်။

### မွေးထုတ်ပေးခဲ့

ပညာရေးနဲ့ပတ်သက်လို့လဲ ကျွန်တော်တို့ မြိုင်ကြီးငူဒေသမှာ ဒီကနေ့ အထက်တန်းပညာကို သင်ယူအောင်မြင်ခဲ့တာ ၁၀၈ ယောက်ရှိပါတယ်။ ဒီအထက်တန်းပညာရေးကို အောင်မြင်ပြီးတော့ ပညာရေးဝန်ထမ်းအဖြစ် ၂၁ဦး မွေးထုတ်နိုင်ခဲ့သလို နိုင်ငံတော် အကူအညီရရှိဖို့အတွက် နတလဝန်ထမ်း၊ နိုင်ငံတော်ရဲ့ဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်းတွေကို ကျွန်တော်တို့ မွေးထုတ်ပေးခဲ့တာဖြစ်တယ်၊ အားလုံး နတလဝန်ထမ်းရှစ်ဦး၊ ကျန်းမာရေးဝန်ထမ်းကိုးဦး၊ သားဖွားသူနာပြုတွေ အဲဒါတွေ မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

### ရရှိသည့်အကျိုးအမြတ်များဖြစ်

ဒီ့ပြင် ကျွန်တော်တို့ ရှေ့ဆက်ကိုယ့်ခြေပေါ်ကိုယ် ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျွန်တော်တို့အဓိက နှစ်ရှည်ပင်တွေကို စိုက်ပျိုးပြီးတော့ ရာသီအလိုက် သီးနှံတွေကိုလဲ စိုက်ပျိုးနေတာဖြစ်ပါတယ်။ အဲဒါတွေက



ကမ္ဘာ့စီးပွားရေးဂျာနယ်မှ ဦးခင်မောင်ညို (ဘောဂဗေဒ) မေးမြန်းစဉ်။ (သတင်းစဉ်)

ဒီကနေ့ကျွန်တော်တို့ မြိုင်ကြီးငူပြန်ရောက်ပြီးမှ ရရှိတဲ့အကျိုးအမြတ်တွေဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ သိမ်နဲ့ဓမ္မာရုံကို တည်ခဲ့တာ အားလုံးတည်ပြီးတဲ့ ဘုရားတွေက ၂၁၉ဆူ၊ သိမ်တော်ပေါင်းက ၂၂၅လုံး၊ လမ်းတံတား အကြီးအငယ်က ၁၉၁စင်း၊ ဓမ္မာရုံကြီးက ငါးလုံး၊ အမကကျောင်းက ၁၅ကျောင်း၊ အလက လေးကျောင်း၊ အထကနှစ်ကျောင်း ဒါကျွန်တော်တို့ ချထားတဲ့ ဒေသတပ်မဟာတွေမှာ ဆောက်လုပ်တဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ကျောင်းတွေ မပါသေးပါဘူး၊ ကျွန်တော်တို့ မြိုင်ကြီးငူအဝန်းအဝိုင်းမှာရှိတဲ့ဟာကို ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဆိုင်ရာတပ်မဟာအသီးသီးကလဲ သူတို့ပညာရေးဖွံ့ဖြိုးဖို့အတွက် မူလတန်းကျောင်းနဲ့ မူလတန်းကြိုတွေ ဆောက်ထားပေးတာရှိသလို၊ ဘာသာရေးနဲ့ပတ်သက်ပြီးတော့ ဘုရားတည်၊ ကျောင်းဆောက်တာတွေလဲ ရှိပါတယ်။ သူ့နည်းသူ့ဟန်နဲ့ လမ်းပြင် တံတားဖောက်တာတွေလဲ ရှိပါတယ်။ အဲဒါတွေကိုတော့ အတိအကျ ကျွန်တော်ဖော်ပြလို့မရပါဘူး၊ ရှိတာကတော့ရှိပါတယ်။

## ဦးစောလင်းအောင်(ရန်ကုန်တိုင်းမ်ဂျာနယ်)

ခုနက ဖထီးသာထူးကျော် ရှင်းပြသွားတာမှာ KNUက ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုတွေရှိလို့ မခံမရပ်နိုင်ပြီးတော့ ဥပဒေဘောင်အတွင်းဝင်ရောက်လာတယ်လို့ ပြောပါတယ်။ ဘယ်လိုခွဲခြားဆက်ဆံမှုတွေ၊ ဖိနှိပ်မှုတွေလဲဆိုတာ ရှင်းရှင်းလင်းလင်း ပြောပြပေးပါခင်ဗျာ။

## ဦးသာထူးကျော်

KNU က ဘယ်လိုခွဲခြားဆက်ဆံလဲဆိုတော့ ကျွန်တော်တို့ ဥပမာပေးရမယ်ဆိုရင် ကိုယ်တွေ့ဖြစ်ခဲ့တာပေါ့လေ။ ကျွန်တော်တို့ KNUမှာတုန်းက တိုက်ပွဲမှာ အကယ်၍ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တစ်ယောက် ကျဆုံးခဲ့လို့ရှိရင် အဲဒီစစ်မြေပြင်မှာပဲထားခဲ့တယ်။ ခရစ်ယာန်တစ်ယောက်ကျဆုံးရင်တော့ သူတို့ဌာနချုပ်ဖြစ်တဲ့ မာနယ်ပလောအထိ ပြန်ယူလာတာတွေ့ရတယ်။ နောက်ပြီး ဘာသာရေးနဲ့ပတ်သက်လို့လဲ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေအနေနဲ့က ဒီ KNU ဇဟိုဌာနချုပ်ဖြစ်တဲ့ မာနယ်ပလောမှာ လှူတန်းဖို့ ခွင့်မပြုခဲ့ပါဘူး။ နောက်ပြီး သွားရေးလာရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေအနေနဲ့ နေ့ကြီးရက်ကြီးမှာ ကျွန်တော်တို့ သီလယူချင်တယ်၊ ဘာတယ်ဆိုရင် ကျွန်တော်တို့ စက်လှေတွေ တောင်းလို့မရပါဘူး။ ဒီစက်လှေက ဗုဒ္ဓဘာသာအတွက် မဟုတ်ဘူးဆိုတဲ့ အပြောမျိုးတွေလဲ ကျွန်တော်တို့မှာ တွေ့ကြုံခံစားရတာဖြစ်ပါတယ်။ သူတို့ကျတော့ စနေ၊ တနင်္ဂနွေဆိုရင် အပတ်တိုင်း သူတို့နည်းသူတို့ဟန်နဲ့။ ကျွန်တော်တို့ အောက်ခြေရဲဘော်တွေ အနေနဲ့ကတော့ စက်လှေတွေ ဘာတွေမရှိတော့ အဲဒီခံစားမှုတွေက တစ်စတစ်စပြင်းပြလာတယ်။ အဲဒီလို ပေါက်ကွဲလုဖြစ်နေတဲ့အချိန်မှာပဲ မြိုင်ကြီးငူဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းကိုပါ ထိပါးလာတဲ့အတွက် ကျွန်တော်တို့ ဗုဒ္ဓဘာသာတပ်ဖွဲ့ဝင်တွေဟာ မခံမရပ်နိုင်ဖြစ်ပြီးတော့ ပေါက်ကွဲလာကာ ကျွန်တော်တို့ နိုင်ငံတော်နဲ့ ပူးပေါင်းရခြင်းဖြစ်ပါတယ်။

## ဒေါက်တာတင်ထွန်းဦး(ပြည်မြန်မာသတင်းဂျာနယ်)

ကျွန်တော်သိချင်တဲ့ အချက်ကတော့ တပ်မတော်ကနေပြီးတော့ ကရင်တိုင်းရင်းသားတွေကို လူမျိုးတုံးသတ်ဖြတ်နေတယ်လို့ KNUကရော ပြည်ပကပါ စွပ်စွဲပြောဆိုနေတာကို ဖထီးတို့အနေနဲ့ကြားရမှာဖြစ်ပါတယ်။ အဲဒီတော့ ဖထီးတို့ အရင် KNU ထဲမှာရှိနေတုန်းက တပ်မတော်ကနေ လူမျိုးတုံးသတ်ဖြတ်မှုတွေ ပြုလုပ်ခဲ့တာတွေနဲ့ ကြုံခဲ့ဖူးပါသလား သိလိုပါတယ်။

## ဦးသာထူးကျော်

ကျွန်တော်တို့ KNU ထဲမှာနေတုန်းက တပ်မတော်က လူမျိုးတုံး ကျွန်တော်တို့ ကရင်မျိုးနွယ်စုတွေကို သတ်ဖြတ်နေတယ်ဆိုတာ ကျွန်တော် မတွေ့ရပါဘူး။ ဒီကနေ့လဲ ရေဒီယိုတွေမှာ ကြားရပါတယ်။ ဒါပေမယ့် အဲဒါတွေက နိုင်ငံရေးရဲ့ လုပ်ဇာတ်သာလျှင်ဖြစ်မယ်။ ဘာလို့လဲဆိုတော့ တပ်မတော်က KNU ကိုဖမ်းမိရင် ဥပဒေအရ ထောင်ချပြီး ပြန်လွှတ်တာ အများကြီးရှိပါတယ်။ အလားတူကိစ္စမျိုးတွေလဲ ကျွန်တော်တို့ တွေ့ရတယ်။ လူမျိုးတုံး အစုလိုက်အပြုံလိုက် ရွာလိုက် သတ်တယ်ဆိုတာ လုံးဝကို မမြင်ရပါဘူး။ မသိလဲ မသိရပါဘူး။

## ဦးအောင်သူမြိုင်(ဂျီဂျီသတင်းဌာန)

ကျွန်တော်မေးခွန်းနှစ်ခု မေးလိုပါတယ်။ ပထမတစ်ခုက ခုနက လူမျိုးတုံးသတ်ဖြတ်တာကို တွေ့ဖူးသလားလို့ပဲ မေးသွားပါတယ်။ တပ်မတော်က ရွာတွေကို မီးရှို့တယ်တို့၊ အပြစ်မဲ့ရွာသားတွေကို သတ်ဖြတ်တယ်တို့ အဲဒါမျိုးရော KNUဘဝတုန်းက မြင်ခဲ့ဖူးပါသလား။ နံပါတ်နှစ် DKBA ရဲ့ အင်အားအရေအတွက်၊ နောက်ပြီးတော့ ဖြစ်နိုင်ရင်၊ သိရှိရင် KNU ရဲ့ အင်အားအရေအတွက် ဘယ်လောက်ရှိပါသလဲ။ သိရှိရင်ဖြေကြားပေးပါ။

## ဦးသာထူးကျော်

တပ်မတော်ကနေပြီးတော့ ကျေးရွာလူထုတွေကို သတ်တယ်။ ရွာတွေကို မီးရှို့တယ်ဆိုတာတော့မမြင်ဖူးပါဘူး။ ကျွန်တော် KNU မှာ ရှိတုန်းက တစ်ခုရှိတာက ကျွန်တော်တို့ KNUနဲ့ တပ်မတော်နဲ့ တိုက်ပွဲဖြစ်တဲ့အခါမှာ ရွာတွေ မီးလောင်တယ်။ လူထုတွေသေတာ၊ ကျေတာတော့ရှိတာပေါ့။ စစ်ဘေးစစ်ဒဏ်ကြောင့် အဲဒါပဲတွေ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ အင်အား ဘယ်လောက်ရှိတယ်လို့ဆိုရာမှာ ကျွန်တော်တို့ DKBA ဟာ တပ်မဟာ သုံးခုနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်။ ကျွန်တော်တို့ တပ်မဟာကို ဌာနချုပ်အနေနဲ့ တောင်ပိုင်းနဲ့မြောက်ပိုင်း ခွဲခြားပြီးတော့ ထားပါတယ်။ အဲဒီ ခွဲခြားထားတဲ့ဒေသမှာရှိတဲ့ တပ်မဟာတွေအသီးသီးကလဲ နိုင်ငံတော်တပ်မတော်နဲ့ ပူးတွဲပြီးတော့ လုံခြုံရေး ကို ပူးတွဲဆောင်ရွက်နေတာဖြစ်ပါတယ်။ KNU ကနေ့အင်အား ဘယ် လောက်ရှိမယ်ဆိုတာကတော့ ခန့်မှန်းခြေအရ ပြောရင်တော့ သောင်းဂဏန်း ထက်တော့ မကျော်ဘူးလို့ ကျွန်တော် ခန့်မှန်းပါတယ်။

## Mr. Lee Ju-Heum (ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး)

အမျိုးသားညီလာခံတက်ရောက် နေတယ်လို့ သိရပါတယ်။ အမျိုးသားညီလာခံရဲ့ အခြေအနေ ဘယ်လိုရှိပါ သလဲ။ (အင်္ဂလိပ်ဘာသာဖြင့် မေးမြန်းခြင်း ဖြစ်ပါသည်။)

## ဦးသာထူးကျော်

အမျိုးသားညီလာခံနဲ့ပတ်သက်ပြီး ကျွန်တော့်အတွေ့အကြုံအရဆိုရင်တော့ အခုဟာက ပြီးလုနီးပါပြီ။ ဘာဖြစ်လို့လဲ၊ အရေးကြီးတဲ့အစိတ်အပိုင်းတွေလဲ ဆုံးဖြတ်ချက်ချလို့ပြီးပါပြီ။ ကျန်တဲ့အပိုင်းတွေအနေနဲ့ကတော့ အသေးအဖွဲ့ပဲလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ဒီတစ်ပတ်ပြန်လည် တက်ရောက်ရင်တော့ မကြာသေးခင်မှာ အမျိုးသားညီလာခံကြီး အကောင်အထည်ပေါ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

## Mr. Dennis D. Tidwell (အမေရိကန်သံရုံး ဒုတိယအတွင်းဝန်)

DKBAကို စပြီးခွဲထွက်ပြီးတော့ ဖွဲ့တဲ့အခါမှာ DKBAအဖွဲ့သားတွေက ထိုင်းမှာရှိတဲ့ဒုက္ခသည်စခန်းကိုသွားပြီးမီးရှို့တယ်ဆိုတာ ဟုတ်ပါသလား။ **(ကရင်ဘာသာဖြင့်ရော၊ အင်္ဂလိပ်ဘာသာဖြင့်ပါ မေးမြန်းခြင်းဖြစ်ပါသည်။)**

## ဦးသာထူးကျော်

အဲဒါတစ်ဖက်နိုင်ငံကိုသွားပြီးတော့ မီးရှို့ဖို့ဆိုတာ ကျွန်တော်တို့အနေနဲ့ ခုနကမေးသွားတာက ပေါ်လစီရှိလားလို့မေးတယ်။ ကျွန်တော်တို့မှာ အဲဒီပေါ်လစီတော့မရှိပါဘူး။ တခြားနိုင်ငံကို ကျူးကျော်ဝင်ရောက်ဖို့ မပြောနဲ့ ကျွန်တော်တို့ ဒီမြန်မာနိုင်ငံအတွင်းမှာလဲ ဘယ်ဘာသာကိုမှ ယုံကြည်ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အရာဝတ္ထုတွေကို ဖျက်ဆီးဖို့မရှိပါဘူး။ ဘာလို့လဲဆိုတော့ ဒီအရေးအခင်းစခါစဆိုရင်တော့ ဗုဒ္ဓဘာသာတွေက အင်မတန်မှ တက်ကြွပြီး ခံပြင်းမှုတွေဖြစ်နေတယ်။ ဒီအရေးအခင်းစပြီးတော့ ကျွန်တော်တို့ မြိုင်ကြီးငူကို လက်နက်ကြီးနဲ့ နှစ်ကြိမ်တိတိ အဝေးကနေ လှမ်းပစ်ခဲ့တယ်။ ဒါတင်မကသေးပါဘူး။ ကျောက်မီးဆိုင်းဆရာတော် ဦးဩဘာကိုလဲ ရက်ရက်စက်စက်သတ်သွားတယ်။ ဒါကြောင့်မို့လို့ အောက်ခြေရဲဘော်တွေက ကျွန်တော်တို့ အမိန့်မပေးပေမယ့် ထိန်းမနိုင်သိမ်းမရဖြစ်ပြီးတော့ တစ်ဖက်ကို သူ့နည်းသူ့ဟန်နဲ့ သွားရောက်ပြီးတော့ လုပ်ဆောင်ခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လုံးဝခွင့်ပေးခြင်းမရှိပါဘူး။ **(ကရင်ဘာသာဖြင့်ရော၊ မြန်မာဘာသာဖြင့်ပါ ရှင်းလင်းပြောကြားခြင်းဖြစ်ပါသည်။)**

ဒီဘာသာရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က လုပ်ကြံဇာတ်မဟုတ်ပါဘူး။ ဦးဩဘာကို သတ်ဖြတ်သွားတယ်ဆိုတာ ကျွန်တော်တို့ မှတ်တမ်းတင်ထားတဲ့အခွေတွေရှိပါတယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး ဘယ်လိုဖျက်ဆီးတယ်၊ ဦးဩဘာတစ်ပါးတည်းမကပါဘူး။ ဦးပဏ္ဍိစ္စတို့ ဘာတို့လဲ ရှိပါတယ်၊ အဲဒါကို ကျွန်တော်တို့အခွေနဲ့ မှတ်တမ်းတင်အခွေတွေ၊ နောက်ဝန်ကြီးနဲ့တကွ သံအမတ်၊ သတင်းထောက်တွေ သုံးသပ်နိုင်အောင်လို့ ပေးလိုက်ပါမယ်။

## ဦးခင်မောင်ညို(ကမ္ဘာ့စီးပွားရေးဂျာနယ်)

အခုဖထီးပြောသွားတဲ့အခါမှာ ကျွန်တော်တို့ စဉ်းစားစရာနှစ်ခုပေါ်လာပါတယ်။ ဖထီးတို့က အခုအချိန်မှာ KNU အပေါ်မှာ ဘယ်လိုသဘောထားလဲ၊ နောက်ပြီးတော့ KNU ဘက်ကရော ဖထီးတို့အပေါ်မှာ အခုအချိန်မှာ ဘယ်လိုသဘောထားတယ်လို့ ခန့်မှန်းနိုင်ပါသလဲ။

## ဦးသာထူးကျော်

ဒီကနေ့ ကျွန်တော်လေ့လာသိရှိရသလောက် KNU ဟာ ကျွန်တော်တို့အဖွဲ့ အပေါ်မှာ နံပါတ်တစ်တရားခံအနေနဲ့ သတ်မှတ်ထားတာ ဖြစ်တဲ့အတွက် သူတို့သတ်မှတ်ချက်အတိုင်း ကျွန်တော်တို့ တုံ့ပြန်ရမှာဖြစ်ပါတယ်။

## ဦးသောင်းထိုက် (The Voice ဂျာနယ်)

ကျွန်တော်ကြားတာပေါ့နော်၊ DKBA အဖွဲ့ဝင်တချို့ ပြန်ပြီးတော့ ဝင်သွားတယ်ဆိုတာ ကြားရတယ်ခင်ဗျ၊ ကြားတော့ ဝင်ခဲ့တာမှန်ရင်လဲ ဖထီးတို့ဘက်က လူအင်အား ဘယ်လောက်ပြန်ဝင်သွားလဲပေါ့။

နောက်ပြီးတော့ ဘယ်လိုအခြေအနေမျိုးမှာ သူတို့ပြန်ပြီးတော့ ဟိုဘက်ကို ဝင်တာလဲဆိုတာလေး သိချင်ပါတယ်ခင်ဗျ။

## ဦးသာထူးကျော်

တစ်ဖက် KNUနဲ့ ပြန်လည်ပူးပေါင်းတယ်ဆိုတာမှန်ပါတယ်။ သို့သော်လဲ အဲဒီ ပြန်လည်ပူးပေါင်းတဲ့လူတွေက ကျွန်တော်တို့ရဲ့ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ နိုင်ငံတော်ရဲ့ ဥပဒေကို သွေဖည်တဲ့လူတွေသာ ဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်ထားတဲ့ဥပဒေနဲ့ ကျွန်တော်တို့ အဖွဲ့အစည်းက ဆုံးဖြတ်ချက်တွေကို မလိုက်နာတဲ့ လူတွေသာလျှင် ဖြစ်ပါတယ်။ ဒီကနေ့အထိ ဘယ်လောက်ရှိမလဲဆိုတော့ ဆယ်ဂဏန်းလောက်မှာပဲ ရှိနေပါတယ်။ ။

# ကမ္ဘာ့ဖလားအားကစားသတင်းများဖြင့် ဖလားဝါးနယူးစ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် ဇွန် ၁၁**

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ စင်ကာပူ Shelton ကျောင်းတွင် မြန်မာကျောင်းသားများ အလုပ်လုပ်ရင်း ကျောင်းတက်နိုင်ပြီ၊ ခရီးသွားဆိုင်ရာ သင်တန်းများ အလုပ်အကိုင်အခွင့်အလမ်းများပြ၍ အခကြေးငွေရယူမှုလွန်ကဲလာပါက ကန့်သတ်သွားမည်၊ စက်မှုဇုန်ထုတ် ပြည်တွင်းမော်တော်ယာဉ်များ ယာယီနံပါတ်လျှောက်ထားရာတွင် လိုအပ်သောအချက်အလက်များပြည့်စုံမှန်ကန်လျှင်နေ့ချင်းပြီး ဆောင်ရွက်ပေးမည် စသည့် မျက်မှောက်ရေးရာ ပြည်တွင်းသတင်းစုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

၂၀၀၆ကမ္ဘာ့ဖလားနှင့် သူတို့အမြင်၊ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်တွေထဲကပရိသတ်အကြိုက်တွေ့မယ့်ပွဲကြီးပွဲကောင်းများ၊ အုပ်စုအဆင့်ကို ကျော်ဖြတ်ဖို့ ရုန်းကန်ရဦးမယ့် ပွဲစဉ်များအပါအဝင် ကမ္ဘာ့ဖလား အားကစားသတင်းများ၊ လူသားတို့သည် လူသားစင်စစ်မဟုတ်ဟု မျိုးဗီဇ ပါရဂူများကဆို၊ ဘိုးအင်း–၇၄၇ လေယာဉ်ကြီးကို မီးသတ်လေယာဉ်အဖြစ်ပြောင်းလဲ၊ မစ္စတာဘုရှ်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း အညံ့ဖျင်းဆုံးသမ္မတဟုဆို စသည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး သုံးသပ်ချက် ဆောင်းပါးများနှင့် ဖျော်ဖြေရေးကဏ္ဍ ဝေဝေဆာဆာဖြင့် e-Empire Media House ဖုန်း–၂၂၆၈၅၈မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏သဘောထားမှာ ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထား

# KNUတို့ ဆောင်ရွက်ချက်မှားနေသည်ကို ပြုပြင်နိုင်ရန် ချပြနေခြင်းဖြစ်

# မြန်မာနိုင်ငံအရေး လုံခြုံရေးကောင်စီတင်ရန် ကြိုးပမ်းမှုလက်မခံနိုင်

# NLD သည် စတင်တည်ထောင်ချိန်မှ ယနေ့အထိ တိုင်းပြည်နှင့်လူမျိုးအကျိုးမလုပ်ခဲ့

**ရန်ကုန် ဇွန် ၁၁**

နိုင်ငံတော်အစိုးရက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း နယ်မြေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေပုံများ၊ DKBA အဖွဲ့၊ ဖဒိုအောင်ဆန်း ဦးစီးသောအဖွဲ့နှင့် ဦးစောသမူဟဲ ဦးစီးသောအဖွဲ့တို့က KNU မှ ခွဲထွက်ခဲ့ရသော အကြောင်းရင်းများ၊ နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေပုံများအား လှည့်လည်ကြည့်ရှုသည်။



**နိုင်ငံတော်အေး ချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားစဉ်။**
(သတင်းစဉ်)

### ရှင်းလင်းပြောကြား

ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ လေ့လာရေး ခရီးစဉ်တွင် သံအမတ်ကြီးများ၊ လေ့လာရေးအဖွဲ့ဝင်များ ကိုယ်တွေ့မျက်မြင် လေ့လာတွေ့ရှိခဲ့ရသော အခြေအနေများ ပိုမိုပြည့်စုံစေရေးအတွက် ဆက်စပ်နေသော အကြောင်းအရာများကို ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ် အစည်းအဝေးခန်းမ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းပြောကြားခဲ့သည်။ယင်းသို့ ရှင်းလင်းပြောကြားအပြီးတွင် ပြည်တွင်း ပြည်ပသတင်းစာဆရာများက သိလိုသည်များကို မေးမြန်းကြသည်။ အဆိုပါမေးမြန်းမှုများနှင့် တာဝန်ရှိသူများ၏ ရှင်းလင်း ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### ဒေါက်တာဇော်သန်း (ဆန်ကေးရှင်ဘွန်းသတင်းစာ)

ကျွန်တော်တို့ ဝန်ကြီးကိုလဲ အမြဲမေးနေကျ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ KNU နဲ့ အခုချစ်ကြည်ရေးအတွက် Peace Talkပေါ့လေ။ အဲဒီ Peace Talkက ဆက်ပြီးတော့လုပ်မှာလား။ အဲဒါကို နည်းနည်း ကျွန်တော်သိချင်ပါတယ်။ အစိုးရသဘောထားကို။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

**နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ထားရှိတဲ့ သဘောထား မပြောင်းလဲပါဘူး။ အမြဲ တံခါးဖွင့်ထားလျက် ရှိပါတယ်။ ကနေ့ ကျွန်တော်တို့ ဒီအခြေအနေတွေကို အခုလို ပွင့်ပွင့်လင်းလင်း ချပြရတာဟာ သူတို့ ဆောင်ရွက်နေတာတွေ မှားယွင်းနေတာတွေကို သူတို့သိစေချင်လို့ ပြုပြင်နိုင်အောင်လို့ အရှိအတိုင်း အမှန်အတိုင်း ချပြနေခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ သဘောထားကတော့ ငြိမ်းချမ်းရေးအတွက် အမြဲ တံခါးဖွင့်ထားပါတယ်။**

### ဦးကိုကို(ယူမီယူရီရှင်ဘွန်းသတင်းစာ)

ကျွန်တော်ဒီကနေ့ KNUနဲ့ပတ်သက်တဲ့ဟာ မဟုတ်ဘဲနဲ့ နိုင်ငံတော်နိုင်ငံရေးနဲ့ ပတ်သက်တဲ့ မေးခွန်းလေး မေးချင်ပါတယ်။ အဲဒါကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့ ပြီးခဲ့တဲ့မေလ၃၁ရက်နေ့မှာ သက်တမ်းတိုးတယ်လို့လဲ ကြားပါတယ်၊ ခြောက်လလို့လဲ ပြောတယ်၊ တစ်နှစ်လို့လဲ ပြောတယ်၊ အဲဒါနဲ့ပတ်သက်ပြီးတော့ သက်တမ်းဘယ်လောက်များ တိုးပါသလဲ၊ နောက် ဘယ်ဥပဒေနဲ့ ထပ်ပြီးတိုးထားတယ်ဆိုတာ ရဲချုပ်ကြီးလဲရှိတုန်း ကျွန်တော်တို့ ဖြေပေးစေချင်ပါတယ်။

နောက် ဒုတိယ မေးခွန်းကလဲ NLDနဲ့ပဲပတ်သက်ပါတယ်။ အဲဒါကတော့ NLDက ပြီးခဲ့တဲ့ ကျွန်တော်ရက်ကတော့ အတိအကျ မမှတ်မိပါဘူး၊ နှစ်ရက် သုံးရက်အလိုပေါ့၊ ကျွန်တော်ဒီကို ထွက်မလာခင်လေးမှာပဲ ကြေညာချက်တစ်စောင်ထွက်ပါတယ်၊ အဲဒါကတော့ ဒီ NLDပါတီဝင်တွေ အခုတလော နုတ်ထွက်နေကြတဲ့ကိစ္စတွေ၊ ရုံးတွေ၊ ဆိုင်းဘုတ်တွေဖြုတ်သိမ်းပြီးတော့ ရုံးတွေပိတ်တဲ့ကိစ္စတွေဟာ တရားမဝင်သော လုပ်ရပ်တွေဆိုပြီးတော့ ဒီကြေညာချက်မှာ ထုတ်ပြန်ထားတာ တွေ့ရပါတယ်။ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့လဲ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ သဘောထားကို သိချင်ပါတယ်ခင်ဗျာ။

### ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ဒေါ်စုကြည်ကို ကျွန်တော်တို့ နေအိမ်မှာ တားဆီးမိန့် ၁၀(ခ)နဲ့ တစ်နှစ် သက်တမ်းတိုးတာ ဖြစ်ပါတယ်။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးကိုကိုမေးတဲ့ ဒုတိယမေးခွန်းကို ကျွန်တော်ဖြေကြားပါမယ်၊ **ကနေ့ NLD ပါတီဝင်တွေဟာ ပြည်နယ်၊ တိုင်းအနံ့မှာ နုတ်ထွက်နေကြပါတယ်၊ အဲဒီလို နုတ်ထွက်တာဟာ နိုင်ငံတော်အစိုးရ မည်သည့် အဖွဲ့အစည်းကမှ သူတို့ကို ဖိအားပေးလို့ နုတ်ထွက်နေကြတာ မဟုတ်ပါဘူး၊ အရင်သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်ရှင်းပြတဲ့အတိုင်း NLD ဟာ စပြီးတော့ ထူထောင်ခဲ့တဲ့အချိန်ကနေပြီးတော့ ကနေ့အချိန်ထိ တိုင်းပြည်နဲ့လူမျိုးအကျိုးကို ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး၊ မှားယွင်းတဲ့မူဝါဒတွေဖြစ်တဲ့ အမိန့်ဟူသမျှဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နဲ့ ပိတ်ဆို့ရေးဆိုတဲ့ ဒီမူဝါဒတွေနဲ့ တစ်လျှောက်လုံးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ အဲဒီလိုမှားယွင်းတဲ့ မူဝါဒတွေနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူမှာအများအပြား ထိခိုက်နစ်နာပါတယ်။**

### အတွင်းသရုပ် အလိုလိုပေါ်

အချိန်ကြာလာတဲ့ အခါကျတော့ ပြည်သူက အလိုလိုသိပါတယ်။ အဖွဲ့အစည်းတစ်ရပ်ရဲ့ သူ့ရဲ့ဗီဇနဲ့ အနှစ်သာရဟာ ကြာကြာဖုံးကွယ်လို့ မရဘူး။ နှစ်ကာလကြာလာတာနဲ့ သူ့ဟာသူပေါ်လာတာပါပဲ။ ဥပမာ ပြောကြစို့၊ ဒါ KNUနှစ်ပေါင်း ၆၀လောက်ရှိပြီ၊ ဒီနှစ်ကာလအတွင်းမှာ သူ့ရဲ့သရုပ်၊ သူ့ရဲ့ဗီဇဟာ အလိုလို ပေါ်တာပဲ၊ ကျွန်တော် ပြောစရာမလိုဘူး၊ လေ့လာရင်သိတယ်။ ဒီသဘောပဲ၊ ကျွန်တော်တို့ တပ်မတော်၊ လွတ်လပ်ရေးနဲ့အတူ လွတ်လပ်ရေးကို ရယူဖို့ ပေါက်ဖွားလာတယ်။ ကနေ့ဆိုရင် နှစ်ပေါင်း ၆၀ ရှိပြီ။ တပ်မတော်ရဲ့ တကယ့်ဗီဇနဲ့ အတွင်းသရုပ် ခင်ဗျားတို့ ကြည့်ကြည့်ပါ။ ဘယ်မှာများ အစုလိုက် အပြုံလိုက် သတ်တာရှိသလဲ၊ ဘယ်မှာများ အစုလိုက်အပြုံလိုက် Rape လုပ်တာတွေရှိသလဲ၊ ဘယ်မှာများ မတော်မတရား ပြုကျင့်တာတွေရှိသလဲ။ ဒါဟာ တကယ့် အမှန်တရား အတွင်းသရုပ်ပဲ၊ ဒီသဘောပဲ။

NLDလဲ ဖွဲ့စည်းလာတာ နှစ်ပေါင်း တော်တော်ကြာပြီ။ သူ့ရဲ့ အတွင်းသရုပ်က အဲဒီမှာ အလိုလိုပေါ်နေတာ၊ အဲဒီလိုမှားယွင်းတဲ့ မူဝါဒတွေနဲ့ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တဲ့ အတွက်ကြောင့် ပြည်သူက လုံးဝမထောက်ခံတော့ဘူး။ အများစုက မထောက်ခံဘူး။ ပြည်သူတွေမကတော့ဘူး။ သူ့ရဲ့ပါတီဝင်တွေကပါ မယုံကြည်တော့ဘူး။ မထောက်ခံတော့ဘူး၊ အဲဒါကြောင့် သူ့အလိုလိုနုတ်ထွက်တာ၊ ဘယ်သူကမှ Pressureပေးပြီးတော့ ဒီလိုလုပ်တာမဟုတ်ဘူး၊ နုတ်ထွက်နေတာ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ တစ်နေရာပြီး တစ်နေရာနုတ်ထွက်နေတာ၊ ဒါဆိုရင် အဲဒါတွေကို သွားပြီးတော့ ဘယ်သူက Pressureပေးလို့ရမှာလဲ။ တစ်ဖွဲ့တည်းတစ်ခုတည်း Pressure ပေး၊ တစ်နေရာတည်းကို Pressure ပေးတယ်ဆိုတာ ဒါဖြစ်နိုင်သေးတယ်။ Country Wide နေရာအားလုံးကို ဘယ်လိုလုပ် လုပ်မှာလဲ၊ သူ့အလိုလို သူ့ဆန္ဒအလျောက် သူ့ခံယူချက်နဲ့သူ ကနေ့ နုတ်ထွက်နေကြတာဖြစ်ပါတယ်လို့ ဒါဖြေချင်တယ်။

### သူ့ဆန္ဒနှင့်သူ နုတ်ထွက်

တရားမဝင်ဘူး၊ တရားဝင်တယ်ဆိုတာဟာ သူတို့ကိုယ်တိုင်က သူတို့နုတ်ထွက်ကြောင်းကို သူတို့ရဲ့ ရုံးချုပ်ကို တရားဝင်စာတင်တယ်။ အဲဒီလိုတရားဝင်စာတင် နုတ်ထွက်ပြီးခါမှ သက်ဆိုင်ရာ ရွေးချယ်တင်မြှောက်ရေးကော်မရှင်ကို မိတ္တူပေးတယ်။ သက်ဆိုင်ရာ ကျွန်တော်တို့ Authorities တွေကို မိတ္တူပေးတယ်။ ပါတီဝင်တစ်ယောက်ဟာ သူ့ဆန္ဒနဲ့သူ သူနှစ်သက်တဲ့ပါတီဝင်မယ်။ သူ့ဆန္ဒနဲ့သူ သူနုတ်ထွက်ချင် နုတ်ထွက်မှာပေါ့။ ဒါကြောင့် တရားမဝင်ဘူးလို့ သူတို့ပြောနေတာ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်က သက်ဆိုင်ရာ သူတို့ဌာနချုပ်ကို လိပ်စာတပ်ပြီးတော့ ပို့ပြီးတော့ နုတ်ထွက်နေကြတာ ဖြစ်ပါတယ် ဆိုတာကို ဖြေကြားလိုပါတယ်၊ ကျေးဇူးတင်ပါတယ်။



**ရှင်းလင်းဖြေကြား**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။**
(သတင်းစဉ်)

### မြင်းမူမောင်နိုင်မိုး (မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့)

ကျွန်တော် မြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်မြင်းမူမောင်နိုင်မိုးဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့အခုရက်ပိုင်းကာလတွေမှာ အင်အားကြီးနိုင်ငံတစ်ခုကနေပြီးတော့မှ သူနဲ့အတူ ဆန့်ကျင်ဘက် NGO အဖွဲ့အစည်းများကပါ မြန်မာနိုင်ငံရဲ့ အရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ တင်သွင်းပြီး အရေးယူဆောင်ရွက်နိုင်အောင် ကြိုးစားနေတယ်လို့ ကြားသိရပါတယ်။ အဲဒီကိစ္စအပေါ်မှာ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုသဘောထားရှိတယ်ဆိုတာကို ဖြေကြားပေးနိုင်မယ်ဆိုရင် ဖြေကြားပေးစေလိုပါတယ်။ တစ်ဆက်တည်းပဲ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့မှ နိုင်ငံတော်အနေနဲ့ တုံ့ပြန်ပြောကြားမယ်ဆိုရင်လဲပဲ ဘယ်လို အကြောင်းအရာတွေနဲ့ တုံ့ပြန်မယ်ဆိုတာလေးကိုပါ ရှင်းပြလို့ရလို့ရှိရင် သိချင်ပါတယ်။

### ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဦးနိုင်မိုးမေးမြန်းတဲ့ ပထမမေးခွန်းကနိုင်ငံကြီးတစ်ခုနဲ့ ဆန့်ကျင်တဲ့ တခြားသော NGO အဖွဲ့အစည်းတွေက မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတင်ပြီးတော့ ဆောင်ရွက်ဖို့ကြိုးစားနေတယ်။ အဲဒီကြိုးစားမှုအပေါ်မှာ နိုင်ငံတော်ရဲ့ သဘောထားဘယ်လိုရှိသလဲလို့ မေးတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့သဘောထားကို ဖြေကြားရရင် နိုင်ငံတော်အနေနဲ့ အဲဒါကို လက်မခံနိုင်ပါဘူး။ လုံးဝပယ်ချပါတယ်။ ကန့်ကွက်ပါတယ်။

ဘာ့ကြောင့် လက်မခံနိုင်တာလဲ၊ ဘာ့ကြောင့်ကန့်ကွက်ပယ်ချတာလဲ ဆိုရင် အကြောင်းနှစ်ချက် ရှိပါတယ်။ နံပါတ်တစ်က UN Charter အခန်း(၇)၊အပိုဒ်(၃၉)မှာ Security Councilအနေနဲ့ နိုင်ငံတစ်နိုင်ငံဟာ နိုင်ငံတကာရဲ့ ငြိမ်းချမ်းမှုနဲ့ လုံခြုံရေးကို ခြိမ်းခြောက်မှုရှိမရှိ၊ ဒါမှမဟုတ် နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံမှုကို စတင်ဝင်ရောက် စွက်ဖက်မှုရှိမရှိ လေ့လာ သုံးသပ်နိုင်တယ်လို့ ဆိုထားပါတယ်။

ကနေ့ အဲဒီ နိုင်ငံကြီးနဲ့ အဖွဲ့အစည်းတွေဟာ အဲဒီ အပိုဒ်(၃၉)ကို ခုတုံးလုပ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်လို့ စွပ်စွဲပြီးတော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုတင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံမှာဖြစ်နေတဲ့ အခြေအနေတွေဟာ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ဘယ်လိုမှ မခြိမ်းခြောက်ပါဘူး၊ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို မဆိုထားနဲ့ ဒေသအတွင်းငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုပင်လျှင် မခြိမ်းခြောက်ပါဘူး၊ ဒေသအတွင်း ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုမဆိုထားနဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုရဲ့ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကိုပင် မခြိမ်းခြောက်ပါဘူး၊ ဒါ့ကြောင့် ကန့်ကွက်ပါတယ်၊ ပယ်ချပါတယ်၊ လက်မခံနိုင်ပါဘူး။

### လုပ်ကြံဖန်တီး

နံပါတ်(၂) ကန့်ကွက်၊ ပယ်ချ၊ လက်မခံနိုင်တဲ့အကြောင်းကတော့ သူတို့စွပ်စွဲတဲ့၊ စွပ်စွဲပြီးတော့ တင်ဖို့ ကြိုးစားနေတဲ့ အကြောင်းအရာတွေဟာ လုပ်ကြံဖန်တီးထားတဲ့အကြောင်းအရာတွေဖြစ်ပါတယ်၊ အမှန်တွေ မဟုတ်ပါဘူး၊ ကျိုးကြောင်းညီညွတ်မှု မရှိပါဘူး၊ ဒါ့ကြောင့် ကန့်ကွက်ပါတယ်၊ ကျွန်တော်တို့ ပယ်ချပါတယ်၊ လက်မခံနိုင်ပါဘူး၊ ဒါက ကျွန်တော်တို့ နိုင်ငံရဲ့ သဘောထားဖြစ်ပါတယ်၊ ပြီးရင် ဒုတိယမေးခွန်းကတော့ အဲဒီအကြောင်းအရာတွေ၊ အဲဒီလိုတင်ဖို့ ကြိုးစားတာတွေကို ဘယ်လိုတုံ့ပြန်မှာလဲလို့ မေးတယ်လို့ထင်ပါတယ်၊ အဲဒီတော့ ဒါကို ကျွန်တော်တို့ တုံ့ပြန်တဲ့နေရာမှာတော့ ဆက်လဲ တုံ့ပြန်သွားမယ်၊ ကနေ့လဲ တုံ့ပြန်တယ်၊ တုံ့ပြန်တဲ့နေရာမှာတော့ ကျွန်တော်တို့ နည်းနှစ်နည်းနဲ့တုံ့ပြန်ပါမယ်၊ နံပါတ်(၁)နည်းကတော့ သံတမန်နည်း ဖြစ်ပါတယ်၊ နံပါတ်(၂)နည်းကတော့ မီဒီယာနည်း ဖြစ်ပါတယ်။

အဲဒီလို တုံ့ပြန်တဲ့နေရာမှာတော့ သူတို့စွပ်စွဲတဲ့အကြောင်းအရာတွေနဲ့ တကယ့်အခြေအနေမှန်တွေနဲ့ချပြပြီးတော့ ကျွန်တော်တို့ တုံ့ပြန်မှာဖြစ်ပါတယ်၊ သူတို့စွပ်စွဲတဲ့ အဲဒီကုလသမဂ္ဂလုံခြုံရေးကောင်စီကို တင်ဖို့ သူတို့စွပ်စွဲတဲ့ အကြောင်းအရာ တစ်ခုကစောစောက သတင်းစာဆရာကြီးများမေးတဲ့ အထဲမှာလဲ ပါသွားပါတယ်၊ ဒေါ်စုကြည်နဲ့ နိုင်ငံရေးသမားတွေကို ထိန်းသိမ်းထားတယ်၊ ပြန်လဲမလွှတ်ဘူး၊ ဆက်ပြီးတော့လဲ တိုးတယ်။ အဲဒါတွေဟာ လူ့အခွင့်အရေးကို ချိုးဖောက်တာဖြစ်တယ်။ ပြီးရင် နိုင်ငံရေးအားဖြင့် လွတ်လွတ်လပ်လပ်လဲ လှုပ်ရှားနိုင်မှုမရှိဘူး။ ဒါတွေဟာ လူ့အခွင့်အရေး မရှိတာဖြစ်တယ်။ ဒါ့ကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံကိစ္စကို ဝင်ရောက်စွက်ဖက် ဆောင်ရွက်သင့်ပါတယ်လို့ ဒီလိုစွပ်စွဲပြီးတော့ တင်ဖို့လုပ်နေတယ်လို့ ကျွန်တော်သိပါတယ်။

### ဥပဒေကိုကျူးလွန်

အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဒေါ်စုကြည် အပါအဝင် တော်တော်များများကို ထိန်းသိမ်းထားရတာ မှန်ပါတယ်။ အဲဒီလို ထိန်းသိမ်းထားတာဟာ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ အဲဒီဥပဒေကို ကျူးလွန်တဲ့အတွက် ထိန်းသိမ်းထားခြင်းဖြစ်ပါတယ်။ ဥပဒေအရပဲ အချိန်တိုးတာ၊ ပြန်ပြီးတော့လွှတ်တာ ဆောင်ရွက်ပါတယ်။ မည်သည့်နိုင်ငံမဆို သူ့နိုင်ငံမှာပြဋ္ဌာန်းထားတဲ့ ဥပဒေကို ကျူးလွန်ရင် ဥပဒေနဲ့အညီ အရေးယူကြရတာပဲဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ဥပဒေအရ ကျူးလွန်လို့ ဥပဒေနဲ့အညီ အရေးယူရတာကို လူ့အခွင့်အရေးကိုကျူးလွန်တယ်လို့၊ လူ့အခွင့်အရေးချိုးဖောက်တယ်လို့ ဘယ်လိုမှ ပြောလို့မရပါဘူး။ ဒါကြောင့် လူ့အခွင့်အရေးကို ချိုးဖောက်တယ်၊ လူ့အခွင့်အရေးမရှိဘူးလို့ ပြောတာသည် မမှန်ပါဘူး။

နောက်တစ်ခုဖြစ်တဲ့ လွတ်လွတ်လပ်လပ် နိုင်ငံရေးလုပ်ခွင့် မရှိဘူးဆိုတာနဲ့ပတ်သက်ပြီး ဖြေကြားရရင် ကနေ့အခါမှာ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေဘောင်အတွင်းက နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ရှိပါတယ်။ ကျန်တဲ့ တရားဝင်ပါတီတွေ သူ့ဥပဒေဘောင်

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

**စာမျက်နှာ ၁၃ မှ**

အတွင်းမှာ လွတ်လွတ်လပ်လပ် နိုင်ငံရေး လုပ်နေကြတယ်။ ထို့အတူပဲ NLD ကိုယ်တိုင်လဲ ပြည်နယ်၊ တိုင်းအသီးသီး၊ မြို့နယ်အသီးသီးမှာ အစည်းအဝေးတွေ လုပ်ကြတယ်၊ တိုင်ပင်မှုတွေ လုပ်ကြတယ်၊ ထို့အတူပဲ NLD ရုံးချုပ်မှာလဲ နေ့စဉ် အစည်းအဝေးတွေထိုင်တယ်၊ ထုတ်ပြန်ချက်တွေ ထုတ်တယ်။ ဒီ နိုင်ငံရေးလုပ်ခွင့်တွေရှိနေတာပဲ။ ပြီးရင် နယ်ကလူတွေက ရုံးချုပ်ကို ဥဒဟို သွားလာပြီးတော့ အစီရင်တွေခံတယ်၊ ဆွေးနွေးမှုတွေလုပ်တယ်၊ ညွှန်ကြားချက်တွေယူတယ်။ ဒါဟာ ဥပဒေဘောင်အတွင်းကနေပြီးတော့ နိုင်ငံရေး လုပ်ခွင့်ရှိနေတာပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်ခွင့်မရှိဘူးဆိုတာ မမှန်ပါဘူး။ အဲဒီလို သူတို့စွပ်စွဲချက်တွေ မမှန်ကြောင်းကို ကျွန်တော်တို့ ဒီအမှန်တရားနဲ့ ပြန်လည်တုံ့ပြန် ပြောဆိုလိုပါတယ်။

ရေး ငြိမ်းချမ်းရေးစကားပြောနေတဲ့ကာလဖြစ်တဲ့အတွက် အဲဒါကို မထိခိုက်စေချင်လို့၊ အဲဒီတုန်းက လုပ်ခဲ့တဲ့ သတင်းစာ ရှင်းလင်းပွဲတွေမှာ ကျွန်တော်တို့ ချမပြပါဘူး။ သို့သော်လည်းပဲတစ်ဖက်လှည့်ကနေပြီးတော့ မင်းတို့ အခုလိုငြိမ်းချမ်းရေးစကားပြောနေတုန်းမှာ ဒီလိုတွေ မင်းတို့အဖွဲ့တွေ လုပ်နေတယ်၊ ဒါတွေကတော့ မကောင်းဘူး၊ ထိန်းသိမ်းပါလို့ ကျွန်တော်တို့ တရားဝင် အသိပေးပါတယ်။ သို့သော်လည်းပဲမထိန်းသိမ်းဘဲနဲ့ အရှိန်တိုးပြီးတော့ လုပ်ပါတယ်။ ဒါ သတင်းစာဆရာကြီးများ သိပြီးသားပါ။ ရထားလမ်းပေါ်မှာ ပေါက်ကွဲအားပြင်းတဲ့ ယမ်းတွေကို တင်ပြီးတော့ မိုင်းထောင်တယ်၊ မတော်တဆများ ဒါကို ကျွန်တော်တို့က ကြိုတင်ပြီးတော့ လုံခြုံရေးအဖွဲ့တွေက မရှင်းနိုင်ဘူးဆိုရင် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးမှာဖြစ်ပါတယ်။ အဲဒီလို အခြေအနေတွေ ဖြစ်လာတဲ့အတွက်ကြောင့် နိုင်ငံတော်အစိုးရနဲ့

Ethnic Cleansing လုပ်တယ်။ ရွာတွေ မီးရှို့တယ်၊ အတင်းအဓမ္မ ရွှေ့ပြောင်းတယ် ဆိုတာဟာ အစစ်အမှန်မဟုတ်ပါဘူး။ လုပ်ကြံလီဆယ်ပြီးတော့ သူတို့က စွပ်စွဲတာသာ ဖြစ်ပါတယ်။

### ကျိုးကြောင်းမညီညွတ်

ဒါ့အပြင် စောစောက ကျွန်တော်ရှင်းတဲ့အထဲမှာ ပါပါတယ်။ ကနေ့အခါမှာ အောင်ဒင်ဟာ AAAS အဖွဲ့နဲ့ ပူးပေါင်းပြီးတော့ Satellite ကနေပြီးတော့ ဓာတ်ပုံရိုက်မယ်၊ မီးလောင်ပြင်တွေကို ရိုက်ပြမယ်။ မီးလောင်နေတဲ့ရွာတွေကို ရိုက်ပြမယ်။ သို့သော်လည်းပဲ အဲဒီ မီးလောင်ပြင်တွေ၊ မီးလောင်နေတဲ့ ရွာတွေဟာ ဘယ်သူရှို့တယ်လို့တော့ တိတိကျကျ မပြောနိုင်ဘူး။ သူ့ Satellite က လူကိုလည်းရိုက်ပြလို့ ရတယ်။ သို့သော်လည်း အဲဒီလူက KNU လား၊ တပ်မတော်လားဆိုတာတော့ မပြောနိုင်ဘူး။ အဲဒီတော့ ရှင်းရှင်းလေးပဲ။

လိုက်နာရပါတယ်။ တပ်မတော်သား ကျင့်ဝတ်တွေကိုလဲ လိုက်နာရပါတယ်။ ဒါကြောင့် တပ်မတော်ဟာ သူ့ရဲ့ လုပ်ငန်းကိုင်ငန်း မှန်သမျှကို စည်းကမ်းဥပဒေနဲ့အညီပဲ လုပ်ပါတယ်။ သယ်ယူပို့ဆောင် စရာတွေရှိရင်၊ အဆောက်အအုံတွေ ဆောက်စရာတွေရှိရင်၊ ပစ္စည်းတွေ ဝယ်စရာတွေရှိရင် တင်ဒါစနစ်နဲ့လုပ်ပါတယ်။ ပိုက်ဆံပေးပြီးတော့မှ လုပ်ပါတယ်။ ဘယ်တော့မှ အတင်းအဓမ္မ Forced Labour သဘောမျိုး မလုပ်ပါဘူး။ ဒါက နံပါတ်(၃)အချက်ပါ။

နောက် နံပါတ်(၄) အချက်ကတော့ စောစောက ပြောခဲ့တဲ့အထဲတွေမှာ ပါပါတယ်။ မြန်မာနိုင်ငံရဲ့အခြေအနေတွေက နိုင်ငံတကာရဲ့လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတယ်ဆို ပြီးတော့ ဒီလိုစွပ်စွဲပါတယ်။ ဒါ့ကြောင့်မို့လို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပေးသင့်တယ်လို့ တင်ဖို့ သူတို့လုပ်နေတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အမှန်ရယ်၊

ကြီးလိုပါတယ်။ အဲဒီလက်နက်ကြီးတွေ၊ လက်နက်တွေ၊ ခဲယမ်းတွေ ဘယ်ကရသလဲ။ မှောင်ခိုရောင်းဝယ်မှုဖြစ်ပါတယ်။ အဲဒီအချိန်အခါက ကျွန် တော်တို့နိုင်ငံရဲ့ အဲဒီ နယ်စပ်ဟာ လက်နက်မှောင်ခိုရောင်းဝယ်မှု ဈေးကွက်ကြီး တစ်ခုဖြစ်ပါတယ်။ အဲဒီလို အများအပြားလက်နက်ကြီး၊လက်နက်ငယ်၊ ခဲယမ်းတွေကို မှောင်ခိုရောင်းဝယ်နေတဲ့ အချိန်တုန်းကတောင်မှ အဲဒီအခြေအနေဟာ ကမ္ဘာရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်ပါတယ်လို့ မပြောခဲ့ပါဘူး။ ကနေ့ အဲဒါတွေ ဘာမှ မရှိတော့ပါဘူး။ အဲဒီလို မရှိတော့တဲ့အခါကျမှ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ကမ္ဘာရဲ့ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေပါတယ်လို့ပြောရင် ဒါဟာကျိုးကြောင်း ညီညွတ်ပါသလား။

အလားတူပါပဲ၊ အဲဒီအချိန်တုန်းက အဲဒီနယ်စပ်တစ်လျှောက်မှာ တရားဥပဒေစိုးမိုးမှုမရှိပါဘူး၊ တည်ငြိမ်မှု မရှိပါဘူး၊ အေးချမ်းမှု မရှိပါဘူး။

**လက်နက်၊ ခဲယမ်းနဲ့ မထောက်ပံ့ပါနဲ့၊ So Called Refugee Camp ဆိုတာတွေကို ထောက်ပံ့ပြီးတော့ ဖွင့်မထားပါနဲ့၊ အခြား နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဘူးဆိုတဲ့ နိုင်ငံတကာရဲ့ မူဝါဒနဲ့အညီ တိတိကျကျသာကျင့်သုံး မယ်ဆိုရင် မငြိမ်းချမ်းတဲ့ အဲဒီ အနည်းအကျဉ်းသော နယ်စပ်ဒေသဟာ အချိန်တိုအတွင်းမှာ တည်ငြိမ် ငြိမ်းချမ်းသွားပါလိမ့်မယ်၊ တည်ငြိမ် ငြိမ်းချမ်းတာနဲ့အမျှ ဖွံ့ဖြိုးတာတွေ၊ တိုးတက်တာတွေ အကုန်ဖြစ်လာပါလိမ့်မယ်။**

ဒါဖြစ်ရင် အခုဒီစကားကျွန်တော်ပြောတာဟာ စိတ်ကူးယဉ်ပြီးပြောတာလား၊ မဟုတ်ဘူး၊ သာဓကရှိပါတယ်။ သာဓကနဲ့ကျွန်တော်ပြောတာ၊ ဒါဟာ ဘာလဲဆိုရင် **အားလုံး သိကြတဲ့အတိုင်း ၁၉၈၈၊ ၁၉၉၀တစ်ဝိုက်မှာ မြန်မာ နိုင်ငံရဲ့ အရှေ့မြောက်ဒေသမှာ ဗကပဟာ အင်အားအလုံးအရင်းနဲ့ စခန်းကြီးတွေနဲ့ တကယ့်ကို တပ်မအဆင့် တိုက်ပွဲကြီးတွေ၊ စခန်းသိမ်း**

# မြန်မာနိုင်ငံမှာပြဋ္ဌာန်းထားတဲ့ဥပဒေကို ကျူးလွန်တဲ့အတွက် ထိန်းသိမ်းထားခြင်းဖြစ်မည်သည့်နိုင်ငံမဆို သူ့နိုင်ငံမှာပြဋ္ဌာန်းထားတဲ့ ဥပဒေကို ကျူးလွန်ရင် အရေးယူ

### ဖောက်ခွဲဖျက်ဆီးမှုလုပ်

ဒုတိယ သူတို့တင်ဖို့ကြိုးစားနေတဲ့ အကြောင်းအရာကတော့ ကနေ့အခါမှာ တပ်မတော်က စစ်ဆင်ရေးတွေ လုပ်တဲ့အတွက်ကြောင့် ကရင်တိုင်းရင်းသားတွေ သောင်းချီပြီးတော့ အိုးမဲ့အိမ်မဲ့တွေ ဖြစ်နေတယ်။ ထောင်ချီပြီးတော့ Refugee အဖြစ်နဲ့ ပြေးလာနေရပြီ။ မတရားသဖြင့် မုဒိမ်းကျင့်မှုတွေလုပ်တယ်၊ ရွာတွေမီးရှို့တယ်၊ Ethnic Cleansing တွေ လုပ်တယ်။ ဒါကြောင့်မို့လို့ ဒီအခြေအနေကိုတော့ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးဖို့ သင့်တယ်ဆိုပြီးတော့ ဒီလိုတင်ဖို့ သူတို့လုပ်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စဟာ ကျွန်တော် အထပ်ထပ် ရှင်းပြီးသားပါ။ ကျွန်တော်တို့ Gentleman Agreement နဲ့ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်နေကြတယ်။ အဲဒီအခါမှာ KNU ဟာ တောင်ငူ၊ ပဲခူးနဲ့ ညောင်လေးပင်တစ်ဝိုက် အတွင်းဘက်ထဲကို ထိုးဖောက်ပြီးတဲ့အခါမှာ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းလောက်က စပြီးတော့ ဖောက်ခွဲဖျက်ဆီးမှုတွေ လုပ်လာပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ သူတို့အဲဒီလိုလုပ်တာတွေကို သိပါတယ်။ သို့သော်လဲပဲ Gentleman Agreement အရနိုင်ငံ

တပ်မတော်ဟာ ပြည်သူရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် လိုအပ်တဲ့ လုံခြုံရေးအစီအမံတွေနဲ့ နယ်မြေရှင်းလင်းမှုတွေ လုပ်ရတာဖြစ်ပါတယ်။

### လုပ်ကြံစွပ်စွဲ

အဲဒီလို လုပ်လာတဲ့ အပေါ်မှာ တပ်မတော်ရဲ့ တိုက်ခိုက်မှုကြောင့် ထောင်သောင်းချီပြီးတော့ အိုးမဲ့အိမ်မဲ့တွေ ဖြစ်ကုန်ပြီ။ မီးရှို့ခံရကုန်ပြီ၊ Ethnic Cleansing တွေ လုပ်ကုန်ပြီ။ Refugee တွေ ရောက်လာကုန်ပြီ စသည်ဖြင့် ဒီလို စွပ်စွဲဆောင်ရွက်တာဖြစ်ပါတယ်။ တကယ့် Ethnic Cleansing လုပ်တာတွေ၊ တကယ့် အတင်းအဓမ္မရွှေ့ပြောင်းတာတွေဟာ တပ်မတော်က လုပ်တာမဟုတ်ပါဘူး။ စောစောက ဟိုဘက်က မြိုင်ကြီးငူဒေသမှာ ဦးသာထူးကျော်ကလဲပဲ ဒါသူတို့ KNU အဖွဲ့အတွင်းမှာ ဖြစ်ခဲ့၊ ရှိခဲ့တဲ့ သူတို့ရဲ့ စရိုက်တွေကို အဲဒီမှာ ရှင်းပြပြီးသား ဖြစ်ပါတယ်။ အဲဒီတော့ KNU ရဲ့ သမိုင်းကိုလဲ ကြည့်မယ်ဆိုရင်လည်း စောစောက ကျွန်တော်ရှင်းပြခဲ့တဲ့အတိုင်း အဲဒီလုပ်ငန်းတွေကို တစ်လျှောက်လုံး လုပ်တာ သူတို့ပဲဖြစ်ပါတယ်။ တပ်မတော်ကတော့ စည်းနဲ့ကမ်းနဲ့ စနစ်တကျနဲ့။ ဘယ်တုန်းကမှ လုပ်ခဲ့ ပြုခဲ့တာ မရှိပါဘူး။ ဒါကြောင့်မို့လို့ အဲဒီလို

သူတို့ ဘာလုပ်တော့မှာလဲ၊ အောင်ဒင်နဲ့ KNU ပေါင်းပြီးတော့ ရွာတွေကို မီးရှို့ပြမယ်။ Satellite က ရိုက်မယ်။ ရွာအတုတွေဖန်ပြီး မီးရှို့မယ်။ Satellite က ရိုက်ပြမယ်။ ကျေးရွာသား အတုတွေကို ကြိုးနဲ့တုပ်မယ်။ Torture လုပ်သလို လုပ်မယ်။ Ethnic Cleansing လုပ်သလို ရိုက်ပြမယ်။ ပြီးရင် ဒါ တပ်မတော်က



**ဆန်ကေးရှင်ဘွန်း သတင်းစာမှ ဒေါက်တာဇော်သန်း မေးမြန်းစဉ်။**
(သတင်းစဉ်)



**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ဗဟိုအမှုဆောင်ကော်မတီဝင် မြင်းမူမောင်နိုင်မိုး မေးမြန်းစဉ်။**
(သတင်းစဉ်)



**ယူမီယူရီရှင်ဘွန်း သတင်းဌာနမှ ဦးကိုကို မေးမြန်းစဉ်။**
(သတင်းစဉ်)

လုပ်နေပါတယ်လို့ သူတို့ ဆက်စွပ်စွဲတော့မှာပါ။ ဒါ့ကြောင့် ကနေ့ သူတို့ စွပ်စွဲတဲ့ နံပါတ်(၂) အချက်ဟာ ဒါ ကျိုးကြောင်း မညီညွတ်ပါဘူး။ မှန်လဲ မမှန်ပါဘူး။

### ဥပဒေနှင့်အညီလုပ်

နောက် တတိယကတော့ ကနေ့ အားလုံး သိကြတဲ့ အတိုင်းပါပဲ။ ကျွန်တော် ILO ကရော တချို့ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေကရော မြန်မာနိုင်ငံမှာ Forced Labour တွေရှိတုန်းပဲ။ Forced Labour တွေ လုပ်နေတယ်။ ဒါ့ကြောင့်မို့လို့ ILO ကလဲ အရေးယူသင့်တယ်။ ပြီးရင် Security Council ကိုလဲပဲ ဒါတင်သင့်တယ်။ ဒီလိုတွေ ပြောနေပါတယ်။ တပ်မတော်ဟာ (၅၉)ခုနှစ် အက်ဥပဒေကိုလဲ လိုက်နာရပါတယ်။ ပြည်သူအတွက် ထုတ်ပြန်ထားတဲ့ စည်းကမ်းဥပဒေတွေကိုလဲ

အကျိုးအကြောင်းရယ်နဲ့ ဆက်စပ်ပြီးတော့ ကျွန်တော်ရှင်းပြလိုပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ၁၉၈၈-၉၀ တစ်ဝိုက်မှာ မြန်မာနိုင်ငံရဲ့အရှေ့မြောက်ဒေသမှာ ဗကပဟာ အင်အားအများကြီးနဲ့ တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ သူတို့ရဲ့ အခိုင်အမာ စခန်းကြီးတွေလည်း အများကြီးရှိပါတယ်။ ထို့အတူပဲ အဲဒီ ကာလတစ်ဝိုက်မှာ KNU ကလဲ အင်အားအများကြီးနဲ့ နယ်စပ်တစ်လျှောက်မှာ သူ့ရဲ့ အခိုင်အမာ စခန်းကြီးတွေရှိပါတယ်။ အဲဒီ ကာလမှာ ကြီးမားတဲ့ တိုက်ပွဲကြီးတွေ ဖြစ်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ တပ်မအဆင့်ချီပြီး တိုက်ရတာတွေ ရှိတယ်။ တပ်မအမြောက်ပစ်ကူတွေ ယူပြီး တိုက်ရတာတွေရှိတယ်။ လေကြောင်းပစ်ကူတွေယူပြီး တိုက်ရတာတွေရှိတယ်။ အဲဒီလို ကြီးမားတဲ့ တိုက်ပွဲကြီးတွေ လုပ်နေတုန်းက၊ ရှိနေတုန်းကတောင်မှ မြန်မာနိုင်ငံရဲ့ အဲဒီ အခြေအနေဟာ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်လို့ မပြောခဲ့ပါဘူး။

ကနေ့အခါမှာမြန်မာနိုင်ငံအတွင်းမှာ သောင်းကျန်းသူရဲ့ခိုင်မာတဲ့စခန်းကြီးတွေတစ်ခုမှ မရှိတော့ပါဘူး။ ကြီးမားတဲ့တိုက်ပွဲကြီးတွေလည်း တစ်ခုမှ မရှိတော့ပါဘူး။ သောင်းကျန်းသူဟာ So called refugee camp လို့ခေါ်တဲ့ အဲဒီနေရာတွေမှာပဲ အခြေပြုပြီးတော့ အနည်းအပါး လှုပ်ရှားတာပဲရှိပါတယ်။ အဲဒီလိုတိုက်ပွဲကြီးတွေမရှိတော့တဲ့အခါမှ မဖြစ်တော့တဲ့ အခါမှ မြန်မာနိုင်ငံရဲ့အခြေအနေဟာ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေပါတယ်လို့ပြောရင် အဲဒီဟာဟာ ကျိုးကြောင်း ညီညွတ်ပါသလား။ အားလုံး စဉ်းစားလို့ရပါတယ်။

ထို့အတူပါပဲနယ်စပ်တစ်လျှောက်မှာ အဲဒီလို တိုက်ပွဲကြီးတွေ အများအပြားဖြစ်နေတဲ့အခါကျတော့ သောင်းကျန်းသူအတွက် လက်နက်ကြီးတွေ၊ လက်နက်ငယ်တွေ၊ ခဲယမ်းတွေ အများ

ဒါ့ကြောင့် အဲဒီအချိန်အခါမှာ ဘိန်းစိုက်ပျိုးမှုတွေ၊ မူးယစ်ဆေးဝါး ချက်လုပ်မှုတွေ၊ ရောင်းဝယ်ဖောက်ကားမှုတွေဟာ ဈေးကွက်ကြီး တစ်ခုပမာ အကြီးကြီးဖြစ်ပါတယ်။ အဲဒီလို အကြီးကြီးဈေးကွက်ကြီးရှိခဲ့တုန်းက တောင်မှ နိုင်ငံတကာကို ခြိမ်းခြောက်ပါတယ်။ အန္တရာယ်ရှိပါတယ်လို့ မပြောခဲ့ပါဘူး။ ကနေ့အခါမှာ အဲဒီလို ကြီးကြီးမားမားများများစားစား ထုတ်လုပ်တာတွေ မရှိတော့ပါဘူး။ နိုင်ငံတော်အနေနဲ့လည်းပဲ မူးယစ်ဆေးဝါးကို ကျွန်တော်တို့ အမျိုးသားရေးအဖြစ် ထိထိရောက်ရောက် နှိမ်နင်းနေတဲ့အတွက် ပြီးခဲ့တဲ့ ကျိုင်းတုံသတင်းစာရှင်းလင်းပွဲမှာ ရဲချုပ်ကိုယ်တိုင် 1.4 billion dollar ကျော်ကျော် ဖမ်းဆီးရမိပြီး မီးရှို့ ဖျက်ဆီးတာတွေကို အားလုံးကို ရှင်းလင်းပြပြီးဖြစ်ပါတယ်။ ဒါကြောင့် အခုလိုအချိန်အခါကျမှ ဒါမြန်မာနိုင်ငံရဲ့ အခြေအနေဟာ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်လို့ ပြောတာဟာ အကျိုးအကြောင်း မညီညွတ်ပါဘူး။

ဒါကြောင့် ဒီအချက်တွေနဲ့ ကျွန်တော်တို့ အမှန်တရားကို ချပြပြီးတော့မှ ဆောင်ရွက်ရမှာဖြစ်ပါတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ သည်းခံပြီးတော့ နောက်ဆုံး အချက်ကို နားထောင်စေချင်ပါတယ်။ ဒါက ဘာလဲဆိုလို့ရှိရင် **အဲဒီလိုပြောနေတဲ့ နိုင်ငံကြီးတွေ၊ အဲဒီလို စွပ်စွဲနေတဲ့ ဆန့်ကျင်ဘက် NGO အဖွဲ့အစည်းတွေက ပုဂ္ဂိုလ်များ မြန်မာနိုင်ငံကို တကယ်ချစ်သလား၊ ကျွန်တော်တို့ တိုင်းရင်းသားတွေကို တကယ်ချစ်သလား၊ အဲဒီနယ်စပ်ဒေသတွေမှာ တကယ်တည်ငြိမ်အေးချမ်းပြီးတော့ ဖွံ့ဖြိုးတိုးတက်စေချင်သလား၊ အဲဒါဆိုရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခက်ခက်ခဲခဲ တင်နေစရာမလိုပါဘူး။ လွယ်လွယ်လေးပါ။ အဲဒီနယ်မြေဒေသမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဝင်ပြီးတော့ သွေးမထိုးပါနဲ့။ မြှောက်ပင့်မပေးပါနဲ့၊ ငွေကြေးပစ္စည်း၊**

**တိုက်ပွဲကြီးတွေကို ဆင်နွှဲခဲ့ပါတယ်၊ သို့သော်လည်းပဲ သဘောထားအမှန် စိတ်ရင်းအမှန်နဲ့ ကျွန်တော်တို့နဲ့ ချစ်ကြည်ရင်းနှီးတဲ့ မိတ်ဆွေနိုင်ငံက အခြား နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်မစွက်ဘူးဆိုတဲ့ မူဝါဒအတိုင်း တိတိကျကျ လိုက်နာကျင့်သုံးတဲ့အတွက် ဗကပဟာ အချိန်တိုအတွင်း ချုပ်ငြိမ်းသွားခဲ့ပါတယ်။ ကျွန်တော်တို့ ဗကပကို အလွယ်လေးနဲ့ နိုင်အောင်တိုက်နိုင်ခဲ့ပါတယ်၊ ဗကပရဲ့ လွှမ်းမိုးမှုအောက်မှာရှိနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများဟာလဲပဲ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပါတယ်။ ဒါကြောင့် အဲဒီဒေသမှာ ကနေ့အခါမှာ တည်ငြိမ်တယ်၊ အေးချမ်းတယ်၊ တရားဥပဒေ စိုးမိုးတယ်၊ ဖွံ့ဖြိုးတယ်၊ တိုးတက်တယ်၊ ဥဒဟို သွားလာနိုင်တယ်၊ ပြည်သူတွေဟာ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင် စားသောက်နိုင်ကြပါတယ်၊ ဒါ သာဓကပါပဲ။**

**ဒါကြောင့် ကျွန်တော်တို့နိုင်ငံကို တကယ် ချစ်ရင်၊ ကျွန်တော်တို့ တိုင်းရင်းသားတွေကို တကယ်ချစ်ရင်၊ တကယ် ဖွံ့ဖြိုးတိုးတက်စေချင်ရင် အဲဒီ တစ်ချို့သော နိုင်ငံကြီးများနဲ့ NGO အဖွဲ့အစည်းများဟာ အဲဒီ ကျွန်တော်တို့ရဲ့ မိတ်ဆွေနိုင်ငံလိုပဲ ကျင့်သုံးပြီးတော့ အဲဒီနယ် မြေဒေသမှာ ဝင်ရောက်ပြီးတော့ စွက်ဖက်တာ၊ အားပေးတာ၊ မြှောက်ပင့် ပေးတာ၊ ပိုက်ဆံငွေကြေးနဲ့ ပံ့ပိုးတာ So Called Refugee Camp ဆိုတာတွေကို မလုပ်ဘဲနဲ့ နေတာမျိုးကို လုပ်ကြည့်ပါ၊ လုပ်ပေးပါ၊ အဲဒါဆိုရင် အဲဒီဒေသတွင်းမှာ ခဏလေးနဲ့ ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။ ကနေ့ ပြောနေရတဲ့ Ethnic Cleansing တို့၊ Forced Labour တို့၊ ဘာတို့ ညာတို့ဆိုတာ ဘာမှ ပြောစရာမလိုတော့တဲ့ အဆင့်ကို ရောက်သွားမှာ ဖြစ်ပါတယ်** ဆိုတာကို ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ ။

**(သတင်းစဉ်)**



ပင်လုံမြို့ အမှတ် (၂)ရပ်ကွက် သခင်မြလမ်း ကွန်ကရစ်တံတားပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

## ကျိုင်းတုံမြို့တွင် နွေစပါး စံကွက်ရိုတ်သိမ်း

**ကျိုင်းတုံ ဇွန် ၂**

ကျိုင်းတုံမြို့ ယန်းလောကျေးရွာအုပ်စု ကွင်းအမှတ် ၈၀ ဦးပိုင်အမှတ် ၁၄ ရှိ တောင်သူ ဦးအောင်နိုင်၏ နွေစပါး စိုက်ခင်းနှစ်ဧကကို မေ ၂၈ ရက်က စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အစို ၁၈၇ တင်း၊ အခြောက် ၁၆၆ တင်း ထွက်ရှိသည်။

အဆိုပါ နွေစပါး စံကွက်ရိတ်သိမ်းရာသို့ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းနှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။ **(ယာပုံ)(ခရိုင် ပြန်/ဆက်)**



## ခြံစည်းရိုးကြက်ဆူ ကိုင်းဖြတ်ပျိုးထောင်

**မူဆယ် ဇွန် ၃**

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးရန်နိုင် ဦးဆောင်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မေ ၂၈ ရက်က အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးထောင်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်း၌ ပေါင်းမြက်များ ရှင်းလင်းကြသည်။ **(အောက်ပုံ)**

အဆိုပါပျိုးခင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင် ၈၅၀အတွက် ကိုင်းဖြတ် ပျိုးထောင်ခြင်း နှင့် အစေ့ထုတ်ပျိုးထောင်စိုက်ပျိုးထားသည်။

**(မြို့နယ် စည်ပင်)**

## ဘုတ်ပြင်း၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ဘုတ်ပြင်း မေ ၃၁**

ဘုတ်ပြင်းမြို့တွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို မေ ၁၆ ရက် ညနေ ၃ နာရီက ဘုတ်ပြင်းမြို့ ကမာချောင်းကျေးရွာအုပ်စု ကမာချောင်းစိုက်ကွင်းတွင် ကျင်းပသည်။

**လက်တွေ့စိုက်ပျိုး**

အခမ်းအနားတွင် ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့် ခရိုင်စိုက်ကြပ်အဖွဲ့ဝင်များက စိုက်ပျိုးပုံနည်းစနစ်ကို လက်တွေ့ပြသ စိုက်ပျိုးကြသည်။

စိုက်ပျိုးပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်လေးခုမှ ပြည်သူများက ခြံစည်းရိုးကြက်ဆူ ၂၀၀၀ ကိုစုပေါင်းစိုက်ပျိုးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## ရွှေတောင်မြို့နယ် ထွေ/အုပ် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

**ရွှေတောင် ဇွန် ၆**

ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၆–၂၀၀၇ ခုပညာသင်နှစ်အတွက်ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက အမှာစကားပြောကြားသည်။

**ပေးအပ်**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း**(ယာပုံ)**နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူတစ်ဦးချင်းစီသို့ ထောက်ပံ့ကြေးငွေများ ပေးအပ်ကြသည်။

ပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၁၂၀၀၊ မူလတန်းတစ်ဦးလျှင် ငွေကျပ် ၁၀၀၀နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၃၇၀၀နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းမိသားစုစည်းကမ်း ထိန်းသိမ်းရေးကော်မတီက တက္ကသိုလ်၊ ကောလိပ်အခြေခံပညာအထက်တန်း၊အလယ်တန်း၊မူလတန်းကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပေးငွေကျပ် ၃၀၄၀၀ ကို ပေးအပ်သည်။

**(မြို့နယ် ပြန်/ဆက်)**



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၃)ရက်**
**၁၃–၆–၂၀၀၆(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ငွေပင်လယ် အဆင့်မြင့် ငါး၊ ပုစွန်ရောင်းဝယ်ရေးဇုန်လုပ်ငန်းများ)
- ၁၁း၃၀ မြန်မာ့မူပာန်ဇာတိမာန် ဟောပြောချက် (လူငယ့်အားမာန်–ချစ်နိုင်–စိတ်ပညာ)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ပျော်ရွှင်သောမိသားစု–အောင်ကောင်း)
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အဲဒါရှင့်ကြောင့်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (မြန်မာတို့၏ အာဟာရငါးပိ–ခင်ဇေ–စက်မှု)

**ညနေပိုင်း**

- ၁၆း၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
  (၁) မြန်မာ့ရတနာ
  (၂) ပန်းဥယျာဉ်နာမည်မွှေးစေမယ်
  (၃) တေးပွင့်သီ
- ၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မတ္တိုင် [ကိုယ်စိတ်ရွှင်လန်း၍ စွမ်းအားထက်မြက်စေသော နည်းလမ်း(၁၀)ချက်–သက်နှင်းအေး]
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အကြောင်းထူးစေဖို့)
- ၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (သန့်ရှင်းသောလက် ဆေးတစ်ခွက်)
- ၂၀း၃၀ ကလေးများအတွက် ပုံပြင် (ညစောင့်ပုံပြင်များ)
- ၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  (၁) ပန်းခြွေတဲ့လေ
  (၂) ချစ်တေးရှိုက်သံ
  (၃) ခရေပင်ရိပ်ဝယ်

## ကျောင်းအပ်နှံရေးနေ့အခမ်းအနား မြစ်ငယ်၌ကျင်းပ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

မြစ်ငယ် ဇွန် ၃

**အမရပူရမြို့နယ် မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ရက် နံနက် ၉နာရီက အဆိုပါကျောင်း သုံးထပ်ကျောင်းဆောင်အစည်းအဝေးခန်းမတွင် ကျင်းပရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးသန်း၊ အထက်မြန်မာပြည် အခြေခံပညာ ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်ရွှေနှင့် တိုင်းပညာရေးမှူး (စစ်ဆေး) ဒေါ်ရီရီမြင့်တို့က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသားဟောင်းများက သင်ခန်းစာ စာအုပ်ဟောင်းများကို လက်ဆင့်ကမ်းလှူဒါန်းခြင်းနှင့် ပံ့ပိုးကူညီရန် လိုအပ်သော ချို့တဲ့ကလေးများအတွက် မြစ်ငယ်ဝင်း စတားစတိုး မဝင်းမင်းသန်းက အလှူငွေကျပ် ၅၀၀၀၀၊ အလယ်တန်းပြဆရာမ ဒေါ်ရီရီမြင့်နှင့် မချိုချိုမာတို့က ငွေကျပ် ၁၀၀၀၀စီ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက လက်ခံရယူသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးပြီးလိုအပ်သည်များကို မှာကြားခဲ့သည်။

(၂၀၉)

## စိတ္တသုခအသင်းသို့အလှူငွေပေးအပ်

**တောင်တွင်းကြီး ဇွန် ၄**

တောင်တွင်းကြီးမြို့ ရတနာပင်စည် မိုးကောင်းတပ်ဦးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာန စရိယဘဒ္ဒန္တ ကောသလ္လမဟာထေရ်သည် ဇွန် ၄ ရက်က စိတ္တသုခလူမှုကူညီရေးအသင်းသို့ မတည်ငွေပဒေသာပင် ၁၀ ပင်အတွက်အလှူငွေကျပ်၅၀၀၀၀ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာ မျိုးမြင့်သိန်းက လက်ခံရယူသည်။ **(၁၈၉)**

## စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အခြေခံစိုက်ပျိုးရေး တောင်သူဆင့်ပွားသင်တန်းဖွင့်

**အင်းတော် ဇွန် ၄**

အင်းတော်မြို့ သမဝါယမဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ အခြေခံစိုက်ပျိုးရေး တောင်သူ ဆင့်ပွားသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့နယ် ကျန်တောကျေးရွာအုပ်စု နားနောင် ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် သဘာပတိ တောင်သူကြီး ဦးတင်ဖေ၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစန်ညွန့်နှင့် ကျန်တောကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အေးတို့က အမှာစကား ပြောကြားကြသည်။

**တင်ပြ**

ထို့နောက် သင်တန်းဆရာဦးတူးဂျာကသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြပြီး ယခင်နှစ် သင်တန်းသား ဦးကျော်သူရိမ်က စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ အတွေ့အကြုံများကိုရှင်းလင်းတင်ပြသည်။ **(၁၃၃)**

## မြောင်းများတူးဖော်

**ရေစကြို ဇွန် ၂**

ရေစကြိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေး–၁ ဝင်းအတွင်း အပြင်တွင် ရေစီးရေလာကောင်းမွန် ရေးအတွက် မေ ၂၀ရက်က အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် မြောင်းများတူးဖော်ခြင်း တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ **(၂၅၁)**

## နတ်သံကွင်း–ကျောက်ကြီး လမ်းဘေးဝဲယာတစ်လျှောက် ပလက်ဖောင်းကပ်တုံးများပြုလုပ်

**ကျောက်ကြီး ဇွန် ၁**

ကျောက်ကြီးမြို့ နတ်သံကွင်း–ကျောက်ကြီးကားလမ်းမကြီးအဝင် လမ်းဘေး ဝဲယာတစ်လျှောက် ပလက်ဖောင်းကပ်တုံးများ ပြုလုပ်ခြင်းနှင့် ပန်းအလှပင် စိုက်ပျိုးခြင်း လုပ်ငန်းများကို မေ ၁၈ရက်က မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ အုတ်စီခြင်း၊ အချောသပ်ခြင်းနှင့် ဆေးသုတ်ခြင်းဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိဦးကိုကိုလေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်မြင့်တို့က သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဆောင်ရွက် ပေးကြသည်။ **(၂၁၁)**

## ကြည့်ရှုစစ်ဆေး

**စစ်တွေမြို့ပေါ်ရှိ ဆိုက်ကားများစနစ်တကျ ဖြစ်စေရေးအတွက် မေ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ခင်ခင်စောနှင့်အဖွဲ့ အနေ့းယာဉ်ဂိတ်တွင် ဆိုက်ကားများ၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။**

(မြို့နယ် စည်ပင်)



မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်ရန် မိခင် ဒေါ်အိမ္ဘွေးအား ရည်စူး၍ မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ် ၁၄၀/ ဘီနေ ဦးတင်ခိန်း–ဒေါ်သိန်းကင်း မိသားစုက ငွေကျပ် ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

# မုံရွာခရိုင်နှင့် မြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ချို့တဲ့ကျောင်းသားများအား ကျောင်းသုံးစာရေးကိရိယာလှူဒါန်း

မုံရွာ ဇွန် ၆

**မုံရွာခရိုင်နှင့် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျောင်းသုံးစာရေးကိရိယာ လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂ရက် နံနက် ၉နာရီခွဲက မုံရွာမြို့ သလ္လာရပ်ကွက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်း၌ ကျင်းပသည်။**

ရှေးဦးစွာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက အဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကံညွန့်က လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ကျောင်းသုံးစာရေးကိရိယာ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်ပြီး မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကံညွန့်တို့က လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ကျောင်းသားများ အတွက် ကျောင်းသုံး စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ပရဟိတဂေဟာ ဥက္ကဋ္ဌ ဦးချစ်လှိုင်က လက်ခံရယူသည်။

ထို့နောက် မုံရွာမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမြင့်လွင်က ပရဟိတဂေဟာကျောင်းအတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းသားတစ်ဦးက လည်းကောင်း၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းအောင်က သလ္လာရပ်ကွက် မူလတန်းကျောင်းမှ ချို့တဲ့ကျောင်းသား ကျောင်းသူ ငါးဦး အတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ကျောင်းသူတစ်ဦးက လည်းကောင်း လက်ခံရယူကြသည်။

**(ခရိုင် ပြန်/ဆက်)**



ကပ္ပတိန်ထင်ကျော်၏ အသက်(၆၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက် (ကျိုက်ပိကျောင်း) မဟာဝိဇယကာရီ ငါးထပ်ဗိမာန်တော်၏ ကြမ်းခင်းတစ်ထပ်အတွက် အလှူတော်ငွေ ကျပ် ၁၅ သိန်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ဂုဏောသန အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီးထံ အမှတ် (၃) ဖိုးရာဇာလမ်း ကျောက်ကုန်း ရန်ကင်းနေ ကပ္ပတိန် ဦးထင်ကျော်–ဒေါ်ကြည်မြ မိသားစုတို့က ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)





# အရာတော်ပြည်သူ့ဆေးရုံသို့ ချဲစုပ်စက်လှူဒါန်း

**အရာတော် ဇွန် ၇**

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ ချဲစုပ်စက်နှင့် ဆေးပဒေသာပင်အလှူငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဆာဆာကာဝါခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မကျီးကန်ကျေးရွာနေ ချဲစုပ်စက်အလှူရှင် ဦးကြည်ဝင်းနှင့် အရာတော်မြို့ အမှတ်(၃) ရပ်ကွက်နေ ဆေးပဒေသာပင်အလှူရှင် ဦးအောင်သန်းဦးတို့က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြပြီး မြို့နယ်ဆေးရုံ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးကံထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ အလှူရှင်ဦးကြည်ဝင်း–ဒေါ်ခင်ထွေး မိသားစုက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ချဲစုပ်စက်ကိုလည်းကောင်း၊ ဆေးပဒေသာပင်အလှူရှင် ဦးအောင်သန်းဦး– ဒေါ်ယဉ်ယဉ်မိုး မိသားစုက ငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မြင့်မြင့်ခိုင်က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



# ချို့တဲ့နွမ်းပါးသူများ ကျောင်းအပ်နှံရေးနှင့် စာရေးကိရိယာပေးအပ်ပွဲ ချမ်းအေးသာစံ၌ကျင်းပ

**မန္တလေး ဇွန် ၆**

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံ အရှေ့ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ရပ်ကွက်အတွင်းရှိ အမှတ်(၁၈)အခြေခံပညာ မူလတန်းကျောင်းတွင် ချို့တဲ့နွမ်းပါးသူများ ကျောင်းအပ်နှံရေးနှင့် စာရေးကိရိယာပေးအပ်ပွဲကို မေ ၃၀ရက် နံနက် ၉ နာရီက ကျောင်းအစည်းဝေးခန်းမတွင် ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်စောငြိမ်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းအခြေအနေနှင့် ကျောင်းသားများ လက်ခံဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ဒေါ်စောငြိမ်းက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကူညီထောက်ပံ့ငွေကျပ် ၃၂၀၀၀၊ ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲက ကူညီထောက်ပံ့ငွေကျပ် ၂၄၀၀၀ ကို ချို့တဲ့နွမ်းပါးသူ ကလေးငယ် ၁၂ဦးအတွက် ကျောင်းအုပ်ဆရာမကြီးအားပေးအပ်ပြီး ကလေးငယ်များအား ကျောင်းအပ်နှံပေးသည်။ **(၁၆၂)**

## ကွင်းဆင်းစစ်ဆေး

**အုတ်တွင်းမြို့ပေါ်ရှိ အနေ့ယာဉ်များ စည်းကမ်းရှိစေရေး၊ ယာဉ်ကြံ့ခိုင်မှု ရှိစေရေးနှင့် ယာဉ်လိုင်စင်လဲလှယ်ခြင်းတို့ကို မေ ၂၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ခင်ဆွေဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။**

(၃၁၆)

## ပေါင်းမြက်များရှင်းလင်း

**ကယားပြည်နယ် မယ်စဲ့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်း အတွင်း ပေါင်းပင်များရှင်းလင်းခြင်းကို မေ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးဝင်းလှိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(နယ်စပ်/စည်ပင်)



# ဝမ်းလျှောဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- * အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
- * အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့်ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
- * မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
- * မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- * သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
- * ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
- * သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
- * သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေး စွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
- * သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

- * သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
- * သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
- * ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
- * ရေကို ကျိုချက်၍သောက်ပါ၊
- * သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
- * အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
- * အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
- * အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့်ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
- * ယင်လုံအိမ်သာ အသုံးပြုပါ၊
- * အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် ပစ္စည်းတင်သွင်းလိုသူများ ကြော်ငြာပါသည့်ရက်မှစ၍ (၅) ရက်အတွင်း ဖော်ပြပါလိပ်စာတွင် ဆက်သွယ်၍ တင်ဒါပုံစံများရယူနိုင်ပါသည်။

**ဝယ်ယူလိုသည့်ပစ္စည်းများ**

အဝတ်အထည်များနှင့် အိမ်သုံးကုန်ပစ္စည်း စုစုပေါင်း(၁၉)မျိုး

**ဆက်သွယ်ရန်လိပ်စာ**

ဘေးဒုက္ခကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေးဌာန
ဒုတိယထပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်
၄၂၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အမည်ပြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၄) နဝမတန်း–E မှ အဖဦးအောင်ကျော်စိုး၏ သားဖြစ်သူ မောင်အောင်အောင် အစား မောင်မျိုးမြင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးမြင့်အောင်**

## အမည်ပြောင်း

အဖ ဦးအောင်အောင်– အမိ ဒေါ်ရည်မွန်သိန်းတို့၏သမီး စစ်တွေမြို့ အမက(၁၅) ပြည်တော်သာကျောင်း ဒုတိယတန်းမှ မရွှေယမင်းဦးအား ယနေ့မှစ၍ မသန္တာဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မသန္တာဝင်း။**

## ဖခင်အမည်မှန်

အထက(၁) သာကေတမြို့နယ် တက္ကသိုလ်ဝင်တန်း(B)မှ မသဲဆုမွန်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းအောင် ၁၂/သကတ(နိုင်) ၀၂၀၅၂၃ ဖြစ်ပါသည်။ **ဦးဇော်ဝင်းအောင်။**

## ရောင်းမည်

မီးစက် 150 H.P ၊ 180 KV
၆ လုံးထိုးအင်ဂျင်၊
**ဖုန်း– ၇၂၄၀၄၃။**

## အစည်းအဝေးဖိတ်ကြားခြင်း

သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)၏ နဝမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၆ ခုနှစ် ဇွန်လ ၁၆ ရက် (သောကြာနေ့) ညနေ ၅း၀၀ နာရီအချိန်တွင် Summit Park View Hotel အလုံလမ်း ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အသင်းအလုပ်အမှုဆောင်အဖွဲ့။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်၊
အင်းလျားမြိုင်လမ်း၊ ခြံအမှတ် ၄၃ နေ
ရဲမှူးကြီးစန်းနိုင်(ငြိမ်း)–ဒေါ်ဝင်းမျိုးမျိုးခင်(TOUR GUIDE)
တို့၏သားကြီး

**ဗိုလ်ကြီးမျိုးနိုင်** B.A (D.S.A)

နှင့်

မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက် အိမ်အမှတ် (ခ/၁၀၈)နေ
ဦးကျော်အေး(ရွှေပင့်ကူ သံပန်း၊ သံတံခါး စက်မှုလက်မှုလုပ်ငန်း)–
ဒေါ်ရီရီစန်း(အထက–၂၊ မူဆယ်) တို့၏ တစ်ဦးတည်းသော သမီး

**မအေးစန္ဒီကျော်** 3rd Year (Law)
CBL; Dip. in Eng: (MUFL); IDEC (NCC-UK)

တို့သည် ၂၅–၅–၂၀၀၆ ရက် (ကြာသပတေးနေ့)တွင် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက် မူဆယ်မြို့ စိန်ရတနာခန်းမတွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီး မျိုးနိုင်–မအေးစန္ဒီကျော်။**

**အမည်ဖြည့်စွက်ခေါ်ပါရန်** အဖ ဦးမျိုးညွန့်ဦး ၁၂/အစန(နိုင်)၁၄၃၉၈၁ ကိုင်ဆောင်သူ မောင်မျိုးရန်နောင်စိုးအား မောင်အောင်ခန့်ပိုင်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်မျိုးရန်နောင်စိုး(ခ)မောင်အောင်ခန့်ပိုင်။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်မျိုးတင့်လှိုင်(ခ)ညွန့်ဝင်း ၁၂/လမတ(နိုင်)၀၀၆၈၅၇ သည် မိဘညီအစ်ကိုမောင်နှမများ သည်းမခံနိုင်အောင် ပြုမူဆောင်ရွက်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ကိစ္စမှန်သမျှကို ကျွန်တော်များမိသားစုနှင့် လုံးဝမသက်ဆိုင်ပါ။ ၎င်း၏ ကိစ္စ အဝဝကို လုံးဝတာဝန်မယူပါ။

**မေးမြန်းခြင်းသည်းခံပါ။**

**ဦးမောင်ကို–ဒေါ်ခင်ပု မိသားစု။**



## ဦးသန်းအေး (ပွင့်ဖြူ)

**(အဖ) ဦးစိန်မောင်**

**နိုင်ငံသားအမှတ် ၈/ပဖန(နိုင်) ၀၅၇၆၈၇**

စက်ရုံပိုင်ငွေ ၈၂၆၃၅၅ (ရှစ်သိန်းနှစ်သောင်းခြောက်ထောင်သုံးရာငါးဆယ့်ငါးကျပ်)အား ခုနစ်ရက်အတွင်း လာရောက်စာရင်းရှင်းလင်းရန် ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူမည်။

**စက်ရုံမှူး၊ PGS သောက်ရေသန့်။**




# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ စဉ့်ကူးမြို့၌ကျင်းပ

စဉ့်ကူး ဇွန် ၅

**စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မေ ၃၀ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ လှလှကြည်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

**ချီးမြှင့်**

ထို့နောက် အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရာ စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆုရ စဉ့်ကူးအထက တက္ကသိုလ်ဝင်တန်းကျောင်းသူ မအိန္ဒြာဖြိုးအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကေသီမော်ကလည်းကောင်း၊ ဒုတိယဆုရ နဝမတန်း ကျောင်းသူ မခင်နှင်းသက်အား အဖွဲ့ဝင် ဒေါ်ခင်မြင့်ရီကလည်းကောင်း၊ တတိယဆုရ တက္ကသိုလ်ဝင်တန်းကျောင်းသူ မသည်းအိသာအား အဖွဲ့ဝင် ဒေါ်နွဲ့နွဲ့ရီက လည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသူများအား အတွင်းရေးမှူး ဒေါ်တင်မြင့်တို့ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ဂန့်ဂေါမြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဂန့်ဂေါ ဇွန် ၃

**ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၁ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည် ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ ဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၄၉ ဒသမ ၈ သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်သော လမ်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် မေ ၄ ရက်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာအားမာန်သစ် စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးသောင်းလှိုင်က လက်ခံယူစဉ်။** (၁၆၇)



# ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလှေလာစို့



**ဆီဆိုင် မြို့နယ် စည်ပင်သာယာရေး အဖွဲ့က သန့်ရှင်းသော သောက်သုံးရေ ရရှိရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး အတွက် မေ ၂၀ ရက်က မြို့သို့ ရေပေးဝေဖြန့်ဖြူးလျက်ရှိသော မြို့ဦးရေထွက် ရေလှောင်ကန်ကြီးတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။** (နယ်စပ်/စည်ပင်)

# KNU ခေါင်းဆောင်များ၏ မမှန်ကန်သောလုပ်ဆောင်မှုများကြောင့် ခွဲထွက်ရခြင်းဖြစ် နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတတ်နိုင်ဆုံးဆောင်ရွက် မြိုင်ကြီးငူဒေသကိုကြည့်ရင် ငြိမ်းချမ်းရေးအသီးအပွင့်များ မြင်တွေ့ရမည်ဖြစ်



**ရန်ကုန် ဇွန် ၁၁**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ ကရင်ပြည်နယ်သို့ သွားရောက်လေ့လာကြသည့် လေ့လာရေးအဖွဲ့ဝင်များအား မြိုင်ကြီးငူအထူးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်က DKBA အဖွဲ့ KNU မှ ခွဲထွက်လာရခြင်းအကြောင်းရင်း၊ နိုင်ငံတော်က DKBA အဖွဲ့အား ကြိုဆိုနေရာချထားပေးပြီး ဖွံ့ဖြိုးတိုးတက်အောင် ကူညီဖော်ဆောင်ပေးနေမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် DKBA နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားခဲ့သည်။ ဦးသာထူးကျော်**(ဓါတ်ပုံ)**၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်တော်ကတော့ ဦးသာထူးကျော်ဖြစ်ပါတယ်။ ကျွန်တော်အပါအဝင် အဖွဲ့ဝင်အင်အား ၅၀၀၀ ခန့်နဲ့ ၂၁-၁၂-၁၉၉၄ရက်နေ့မှာ KNU ကနေပြီးတော့ခွဲထွက်လာပါတယ်။ **ဒီလိုဝင်ရောက်လာရတဲ့ ပထမအကြောင်းရင်းကတော့KNUအဖွဲ့အတွင်းမှာ ဘာသာရေးအရခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှုကို မခံမရပ်နိုင်လို့ပဲဖြစ်ပါတယ်။** KNU ခေါင်းဆောင်ပိုင်းဟာ ခရစ်ယာန်ဘာသာဝင်တွေများပါတယ်။ အောက်ခြေလူငယ်ပိုင်းကတော့ ဗုဒ္ဓဘာသာဝင်တွေဖြစ်ပါတယ်။ KNU ခေါင်းဆောင်ပိုင်းက ခရစ်ယာန်ဘာသာဝင်များဖြစ်ကြတဲ့အတွက် ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ တပ်ဖွဲ့ဝင်တွေအပေါ် ခွဲခြားဆက်ဆံမှုတွေ ပြုလုပ်လာပါတယ်။ KNU အတွင်းမှာ ရာထူးပေးတာရော၊ အခြားအခွင့်အရေးများပေးတာရော ခရစ်ယာန်ဘာသာဝင်တွေကိုပဲ ဦးစားပေးပြီးတော့ မျက်နှာသာပေးခဲ့တာဖြစ်ပါတယ်။ KNU ထိပ်ပိုင်းခေါင်းဆောင်တွေဟာ ခရစ်ယာန်ဘာသာဝင်တွေဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တွေကျတော့ အောက်ခြေရဲဘော် ရာထူးအဆင့်တွေကိုသာပေးတယ်။ ရှေ့တန်းမှာ ကျွန်တော်တို့ကို အသေခံတိုက်ခိုင်းတယ်။

*စာမျက်နှာ ၁၁ ကော်လံ ၃* ❒

# KNU ဗဟိုဌာနချုပ်ကို နိုင်ငံရေးသမားအမည်ခံများ၊ အဖွဲ့အစည်းများ အများကြီးလာရောက် စီးပွားရေးအရ၊ နိုင်ငံရေးအရနှင့် စစ်ရေးအရ သဘောတူညီချက်များ လုပ်ခဲ့တာရှိ နိုင်ငံခြားကို အားကိုးနေ၍ နိုင်ငံခြားကပြောတဲ့စကားများသာ ပေါက်ရောက်



**ရန်ကုန် ဇွန် ၁၁**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ ကရင်ပြည်နယ်သို့ သွားရောက်လေ့လာကြသည့် လေ့လာရေးအဖွဲ့ဝင်များအား ကရင်ပြည်နယ် ငြိမ်းချမ်းရေးမြို့သစ်ဘုရားကုန်းတွင် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဖဒိုဦးအောင်ဆန်း**(ဓါတ်ပုံ)**က ၎င်းတို့အဖွဲ့ KNUမှခွဲထွက်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ရသောအကြောင်းရင်း၊ နိုင်ငံတော်က ၎င်းတို့အဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီထောက်ပံ့မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။ ဖဒိုဦးအောင်ဆန်း၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အားလုံးကို မင်္ဂလာပါလို့ ပြောချင်ပါတယ်။ ကျွန်တော်ကတော့ ဖဒိုအောင်ဆန်းပါ။ ၁၉၉၈ခုနှစ် ဧပြီလ ၆ ရက် မွန်းလွဲ ၃နာရီကစပြီးတော့ ကျွန်တော်တို့အဖွဲ့ဝင် ၂၁၃ ဦး လက်နက် ၅၁လက်နဲ့အတူ ထွက်လာခဲ့ပါတယ်။ တစ်တောင်တက်တစ်တောင်ဆင်းနဲ့ပဲ သန်းခေါင်ချိန်မှာ တောင်ပေါ်မှာအိပ်ပြီးတော့မှ နောက် ဧပြီလ မနက် ၈နာရီမှာ သောင်ရင်းမြစ်ကိုကူးခဲ့ပြီးမှ အမိနိုင်ငံမြေကိုနင်းခဲ့ပါတယ်။ ၁၉၉၈ ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှာတော့ နိုင်ငံတော်က ကြီးကျယ်ခမ်းနားစွာကြိုဆိုပွဲလုပ်ပေးပြီးတော့မှ အဲဒီမှာပဲ ကျွန်တော်က ကျွန်တော့်အဖွဲ့ကိုယ်စား လက်နက်နဲ့ ငြိမ်းချမ်းရေးကို လဲလှယ်ခဲ့ပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ✡

# KNU အဖွဲ့အစည်းဟာ ဒုက္ခသည်စခန်းမရှိတော့ရင် အခြေအနေသိပ်ကောင်းမှာမဟုတ်တော့ ဒုက္ခသည်စခန်းများမှ အကျိုးအမြတ်ယူ၍ သားသမီးများကို နိုင်ငံခြားပို့ပြီး ကျောင်းထား ပြည်တွင်းပြည်ပ သောင်းကျန်းသူအဖွဲ့များနှင့် ပူးပေါင်းပြီး မြို့ကြီးများ၌ ဖောက်ခွဲရေးလုပ်ဆောင်



**ရန်ကုန် ဇွန် ၁၁**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ ကရင်ပြည်နယ်သို့ သွားရောက်လေ့လာကြသည့် လေ့လာရေးအဖွဲ့ဝင်များအား ကရင်ပြည်နယ် ငြိမ်းချမ်းရေးမြို့သစ်ဘုရားကုန်းတွင် ဟောင်သရောဒေသ ငြိမ်းချမ်းရေးအဖွဲ့မှ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစောသမူဟဲ**(ဓါတ်ပုံ)**က ၎င်းတို့အဖွဲ့ KNUမှ ခွဲထွက်ပြီး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ရသောအကြောင်းရင်း၊ နိုင်ငံတော်က ၎င်းတို့အဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီထောက်ပံ့မှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည့် ဦးစောသမူဟဲ၏ ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျွန်တော်ကတော့ ဦးစောသမူဟဲပါ၊ အရင်တုန်းက ကျွန်တော်က KNU တပ်မဟာ(၆)၊ တပ်ရင်း(၁၆) တပ်ရင်းမှူးပါ။ နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စဲခေါ်တယ်။ KNU လူကြီးပိုင်းက မလုပ်ခဲ့ဘူး။ KNU ခေါင်းဆောင်တွေ မလုပ်တဲ့အခါမှာ ကျွန်တော်က အဲဒီ ၁၉၉၇ခု ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှာ နိုင်ငံ့အကြီးအကဲဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးမောင်အေးနဲ့ ကျွန်တော်ကြိတ်ကျေးရွာမှာ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ တပ်ဖွဲ့ဝင် ၄၉၆ ဦးနဲ့ လက်နက်မျိုးစုံ ၂၈၃ လက်နဲ့ လက်နက်နဲ့ငြိမ်းချမ်းရေးလုပ်ခဲ့တယ်။

*စာမျက်နှာ ၁၀ ကော်လံ ၅* ■